မြဝတီ
နေ့စဉ်
မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၁၈)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၄ ရက်၊ ဗုဒ္ဓဟူးနေ့

**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

နေမင်းသည် နေ့၌တောက်ပ၏။ လဝန်းသည် ညဥ့်၌ထွန်းလင်း၏။ မင်းသည် ချပ်ဝတ်တန်ဆာဆင်သော်တောက်ပ၏။ ဗြာဟ္မဏသည် ဈာန်ဝင်စားသော် တောက်ပ၏။ ဗုဒ္ဓဘုရားရှင်သည် နေ့ညဥ့်ပတ်လုံး တန်ခိုးတော်ဖြင့်တောက်ပ၏။

**ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်**

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့်အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်အရ ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများ ပြည်ပလေ့လာရေးခရီးစဉ်များလှည့်လည်လေ့လာ



**နေပြည်တော် ဩဂုတ် ၁၃**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်အရ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ် ရှင်သန်ထက်မြက်စေရေး၊ ပြည်တွင်းပြည်ပအတွေ့အကြုံကောင်းများ ရရှိစေရေးတို့အတွက် ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာတွဲအလိုက် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူ ၃၀ ကို နိုင်ငံတော်အစီအစဉ်ဖြင့် ဩဂုတ်လ ၉ ရက်မှ **စာမျက်နှာ ၆ ကော်လံ ၁** ❍

# (၁၄၂)ကြိမ်မြောက် မြန်မာ့တောင်ပင်လယ် ပုလဲရောင်းချပွဲ ဒုတိယနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် ဩဂုတ် ၁၃**

၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲ ဒုတိယနေ့ကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်တွင်းပြည်ပရတနာကုန်သည်များသည် မဏိရတနာကျောက်စိမ်းခန်းမအတွင်း၌ ရောင်းချရန် ခင်းကျင်းပြသထားသည့်ပုလဲအတွဲများကို စိတ်ကြိုက်လေ့လာကြည့်ရှုကြသည်။ **စာမျက်နှာ ၁၆ ကော်လံ ၄** ❒

## ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ် အခမ်းအနားကျင်းပ

စာ - ၁၁ သို့

## ထိုင်းရောက်မြန်မာများအား ဩဂုတ်လလယ်မှစ၍ ရက်ချိန်းတိုကင်ပေးခြင်းကို ရပ်ဆိုင်း၍ PJ နိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်လိုသူများအနေဖြင့် ရက်ချိန်းတိုကင်မလိုအပ်ဘဲ ပြုလုပ်နိုင်ကြောင်း သံရုံးကြေညာ

စာ - ၁၃ သို့

## မြန်မာ့ယဉ်ကျေးမှုမပျောက်ပျက်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ဆောင်းပါး-စာ - ၄ သို့

ဘေးကင်းစိတ်ချ လုံခြုံမှုရစေတော
SIGMA
CABLE & WIRE
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၉ ၄၄၃၃၆၃၃၉၉
STARMART nine mile Showroom -(၉)မိုင်၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
KHA YAE PIN MART-မင်္ဂလာဒုံ၊ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅
STARMART MANDALAY Wholesale-၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw-ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၁၃၉၀၇၇



## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၁၄ ရက်)

# နိုင်ငံကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ

နိုင်ငံတော်အစိုးရအနေဖြင့် လူငယ်များအားမြေတောင်မြှောက်ပေးလျက်ရှိရာတွင် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များပေါ်ထွန်းလာစေရန်၊ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာစေရန်၊ နိုင်ငံ့သားကောင်းများပေါ်ပေါက်လာစေရန်ရည်ရွယ်ချက်များဖြင့် လူရည်ချွန်စီမံကိန်းများ၊ ရေကြောင်းလူငယ်နှင့်လေကြောင်းလူငယ်သင်တန်းများ၊ ကြက်ခြေနီသင်တန်းနှင့်ကင်းထောက်လူငယ်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်။ ထို့အတူ တက္ကသိုလ်ဝင်စာမေးပွဲ ထူးချွန်ကျောင်းသား၊ ကျောင်းသူများအား နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်များပို့ဆောင်ပေးခြင်းတို့ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားတွင် အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများ၌ ထူးချွန်စွာရွေတံဆိပ်ဆုရရှိသူများအား ဆုများချီးမြှင့်ပေးအပ်ခြင်းဖြင့် လူငယ်များ၏စိတ်ဓာတ်ခွန်အားကိုပိုမိုမြင့်မားစေခဲ့သည်။ အခြားသောလူငယ်များအနေဖြင့်လည်း အောင်မြင်သူလူငယ်များကို အားကျအတုယူကာ ကြိုးစားလိုစိတ်များဖြစ်ပေါ်လာပေမည်။

မြန်မာနိုင်ငံတွင် သိပ္ပံ၊ နည်းပညာနှင့်ဆန်းသစ်တီထွင်မှုများ ပိုမိုအားကောင်းစေရန်၊ အရည်အသွေးပြည့်မီပြီး သိပ္ပံနှင့်နည်းပညာဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်များပြုစုပျိုးထောင်နိုင်ရန်၊ သုတေသနနှင့်တီထွင်ဆန်းသစ်မှုလုပ်ငန်းများအား အားပေးမြှင့်တင်နိုင်ရန်အတွက် Polytechnic University ရှစ်ခုကို ယခု ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည်ဖြစ်သည်။ ဤသည်မှာ ကြီးပွားတိုးတက်လိုသောလူငယ်တိုင်းအတွက် သတင်းကောင်းဖြစ်သည်။ အရည်အသွေးပြည့်မီသည့် နည်းပညာရှင်လူငယ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ နည်းပညာကျွမ်းကျင်သည့်လူငယ်များ၏ပူးပေါင်းပါဝင်မှုနှင့်အတူ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်နိုင်မည်ဖြစ်သည်။

လူငယ်များကို စနစ်တကျမှန်မှန်ကန်ကန်လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ အနာဂတ်နိုင်ငံတော်ကို မြင့်မားတိုးတက်အောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ အထူးသဖြင့် စိတ်ဓာတ်မြင့်မားသူ၊ အတွေးအခေါ်မှန်ကန်သူ၊ ရိုးသားဖြောင့်မတ်သူ၊ စွမ်းရည်ပြည့်စုံကြသည့်လူငယ်များဖြင့်သာ နိုင်ငံကိုကောင်းအောင် တည်ဆောက်သွားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် လူငယ်များကို ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့်ဗလငါးတန်နှင့်ပြည့်စုံအောင် လေ့ကျင့်ပျိုးထောင်သွားကြရမည်ဖြစ်သည်။ ၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေသန်းခေါင်စာရင်းအစီရင်ခံစာအရ မြန်မာနိုင်ငံ စုစုပေါင်းလူဦးရေ၏ ၃၃ ရာခိုင်နှုန်းကျော်သည် လူငယ်များဖြစ်သည်။ မြန်မာနိုင်ငံသည် လူငယ်ထုအင်အား၊ တစ်နည်းအားဖြင့် လုပ်သားအင်အားများပြားသည့်အခြေအနေကောင်းကို ရရှိပိုင်ဆိုင်ထားခြင်းဖြစ်သည်။ ယနေ့လူငယ်များသည် အနာဂတ်လူ့ဘောင်ကို ပိုင်စိုးကြမည့်သူများဖြစ်ပြီး အနာဂတ်လူ့ဘောင်ကိုဖန်တီးတည်ဆောက်ကြမည့်နိုင်ငံ့အရင်းအနှီးများဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဩဂုတ်လ ၁၂ ရက်ကကျင်းပခဲ့သည့် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားသို့တက်ရောက်အမှာစကားပြောကြားစဉ် **“စည်းလုံးညီညွတ်ပြီး သဟဇာတဖြစ်သည့်အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ထူးချွန်ထက်မြက်သည့်၊ ကျန်းမာကြံ့ခိုင်သည့်၊ တွေးခေါ်နိုင်စွမ်းရှိပြီးအကျင့်စာရိတ္တကောင်းမွန်သည့်၊ စိတ်ဓာတ်စည်းကမ်းကောင်းမွန်သည့် လူကောင်းလူတော်များဖြင့်သာ ဖန်တီးဖော်ဆောင်ပေးနိုင်မည်ဖြစ်သောကြောင့် နိုင်ငံ၏အနာဂတ်အတွက် လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများနှင့်တာဝန်ရှိသူအားလုံးက ပွင့်လင်းမြင်သာမှု၊ တာဝန်ယူမှု၊ တာဝန်ခံမှုအားကောင်းစွာဖြင့် ကြိုးပမ်းအားထုတ်သွားကြရန်”** တိုက်တွန်းပြောကြားခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လူမှုရေးဦးတည်ချက်(၃)ရပ်အနက် တတိယအချက်ဖြစ်သည့် **“နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး”**ဟူ၍ ချမှတ်ထားသည်။ ထိုသို့ချမှတ်ထားသည့်အတိုင်း လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးထားဆောင်ရွက်ပေးလျက်ရှိသည်။ လူငယ်များဘက်စုံထူးချွန်ပြီး အတတ်ပညာရှင်၊ အသိပညာရှင်များထွက်ပေါ်လာစေရေး၊ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးနှင့် မှန်ကန်သည့်လမ်းကြောင်းပေါ်ကိုရောက်ရှိစေပြီး နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများဖြစ်ပေါ်လာစေရန်အတွက် လူငယ်ရေးရာမူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြစ်သည်။

လူငယ်ဆိုသည်မှာ တိုင်းပြည်၏အနာဂတ်ခေါင်းဆောင်များဖြစ်ပေရာ လူငယ်ကဏ္ဍမြှင့်တင်ရေးလုပ်ဆောင်မှုအောင်မြင်သည်နှင့်အမျှ လူငယ်များ၏ဘက်စုံထူးချွန်မှုများလည်း တိုးတက်လာမည်ဖြစ်သည်။ လူငယ်များအနေဖြင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန်ကြိုးစားနေကြရမည်ဖြစ်သကဲ့သို့ ဒစ်ဂျစ်တယ်နည်းပညာကိုလည်း ကျွမ်းကျင်စွာတတ်မြောက်အောင် စူးစမ်းလေ့လာဆည်းပူးကြရမည်ဖြစ်သည်။ လူတစ်ဦးအတွက် နိုင်ငံအတွက် သိချင်တတ်ချင်စိတ်ရှိမှသာ လူငယ်များ၏အနာဂတ်၊ နိုင်ငံတော်၏အနာဂတ်သည် ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် နိုင်ငံတော်ကိုအကျိုးပြုမည့် နိုင်ငံ့သားကောင်းများ မြောက်မြားစွာပေါ်ထွန်းလာရေး လူငယ်တိုင်းကကြိုးစားကြရန်ဖြစ်ပါစေကြောင်း ရေးသားလိုက်ရပေသည်။ ။

# အမျိုးသမီးများဝင်ငွေတိုးရေး စက်ချုပ်နည်းပညာသင်တန်းဆင်း

**စစ်ကိုင်း ဩဂုတ် ၁၃**

စစ်ကိုင်းခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေးစီမံကိန်းအတွက် အမျိုးသမီးများဝင်ငွေတိုးရေးဆောင်ရွက်မည့်လုပ်ငန်း အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် အဆိုပါရုံး၌ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် စစ်ကိုင်းမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးမြင့်လေးက အမျိုးသမီးများဝင်ငွေတိုးရေးဆောင်ရွက်နိုင်ရန် သက်ဆိုင်ရာဌာနအနေဖြင့် အခြေခံစက်ချုပ်နည်းပညာသင်တန်းကို တစ်လကြာဖွင့်လှစ်ပေးပြီးဖြစ်ကြောင်း၊ ရရှိခဲ့သောနည်းပညာများကိုအသုံးချပြီး လက်တွေ့နယ်ပယ်တွင် ဆက်လက်လေ့လာဆည်းပူးရင်း မိသားစုတစ်နိုင်တစ်ပိုင်လုပ်ငန်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်လုပ်ကိုင်ကြရန်နှင့်အသေးစားစက်မှုလက်မှုလုပ်ငန်းများထွန်းကားလာစေခြင်းဖြင့် နိုင်ငံတော်၏စီးပွားရေးကဏ္ဍကိုလည်း အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးဝေလျံစိုးက သင်တန်းဆင်းလက်မှတ်များကိုလည်းကောင်း၊ ခရိုင်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဒေါ်သန်းသန်းတင်က သင်တန်းမှရရှိသည့် ထုတ်ကုန်ပစ္စည်းများကိုလည်းကောင်းပေးအပ်ရာ သင်တန်းသူများက လက်ခံရယူကြပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**ဇော်မြင့်နိုင်**

# စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း စာဖတ်ဝိုင်းဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဩဂုတ် ၁၃**

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စာပေဖတ်ရှုခြင်းဖြင့် စာပေဝါသနာရှင်များစွာပေါ်ထွန်းလာစေရန် စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း (Book Club)စာဖတ်ဝိုင်းဆွေးနွေးပွဲကို ဩဂုတ်လ ၁၂ ရက်တွင် ပြည်သူ့စာကြည့်တိုက်အတွင်း၌ ကျင်းပကြောင်းသိရသည်။

ဆွေးနွေးပွဲတွင် ဇေယျာသီရိမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နွယ်နွယ်အောင်က စာဖတ်ဝိုင်းကျင်းပခြင်းသည် အကျိုးကျေးဇူးများစွာရှိကြောင်းနှင့် စာပေဖတ်ရှုခြင်းဖြင့် ဗဟုသုတပြည့်ဝစေရန်နှင့်စာပေဝါသနာရှင်များစွာပေါ်ထွန်းလာစေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်စာပေဝိုင်းမှစာရေးဆရာမ ချယ်ချယ်(YU)၊ စာအုပ်စာစောင်ချစ်မြတ်နိုးသူများအသင်း(Book Club)အဖွဲ့ဝင်စာရေးဆရာ ရဲမွန်ကျော်နှင့် စာရေးဆရာစိန်ဝင်းနွယ်တို့က စာရေးဆရာ ခင်စောတင့်ရေးသားသည့် ဘဝအသစ်ရဲ့အစများ စာအုပ်ပါ မုသားစကားမဆိုချင်ပါ၊ ခလုတ်တိုက်မိတဲ့အခါနှင့်ဘယ်သူမှန်ပါသလဲ ခေါင်းစဉ်များဖြင့် ဆွေးနွေးပြီး တက်ရောက်လာသည့် စာပေဝါသနာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ၏မေးမြန်းချက်ကို ပြန်လည်ဖြေကြားပေးကြောင်းသိရသည်။

(၄၁၃)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၄-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၆:၀၂ | နိုင်ငံတော်သီချင်း |
| ၂။ | ၇:၂၀ | မေတ္တာပို့ |
| ၃။ | ၇:၂၅ | ဓမ္မပူဇာတေး |
| ၄။ | ၇:၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၅။ | ၈:၃၅ | သုတရသစုံလင်ဗဟုသုတပုံပြင် |
| ၆။ | ၁၁:၁၅ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၇။ | ၁၁:၃၅ | ပန်းရောင်စုံသင်းပျံ့မွှေး မြန်မာတိုင်းရင်းဆေး |
| ၈။ | ၁၃:၁၀ | အမှတ်တရနေ့ရက်များ |
| ၉။ | ၁၇:၅၀ | စာဆိုစစ်သည်ကလောင်ရှင်များ |
| ၁၀။ | ၁၈:၀၅ | အမျိုးသားရေးတေးကဗျာ |
| ၁၁။ | ၁၈:၃၅ | Soft Skill |
| ၁၂။ | ၁၉:၀၀ | **အာရုတီပါပါ၊ ဝိရုတီပါပါ** |
| ၁၃။ | ၂၀:၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |

မြဝတီ နေ့စဉ်
the Myawady Daily

**စာတည်းမှူးချုပ်** - ဦးမျိုးဝင်းရှိန်
**စာတည်းမှူး(မြန်မာ)** - ဦးရာဇာအောင်
**စာတည်းမှူး(အင်္ဂလိပ်)** - ဦးရဲမင်းတင်
**စာတည်း(ကျွမ်းကျင်)အင်္ဂလိပ်** - ဦးတင်မောင်သန်း

**စာတည်းအဖွဲ့(မြန်မာ)** - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
**စာတည်းအဖွဲ့(အင်္ဂလိပ်)** - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
**သတင်းအဖွဲ့(နေပြည်တော်)** - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
**သတင်းအဖွဲ့(ရန်ကုန်)** - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉×၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လှိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကျင်းပ



ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီတို့ ပူးပေါင်းစီစဉ်ကျင်းပသော ကျောင်းစာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအခမ်းအနားကို ဩဂုတ်လ ၁၃ ရက်တွင် အလုံမြို့နယ်ရှိ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါက်တာချိုချိုမြတ်အောင်၊ တိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဆန်းဝင်း၊ အလုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဇာနည်လွင်နှင့်တာဝန်ရှိသူများက အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် အလုံမြို့နယ် အမှတ် (၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ပညာဘဏ်တိုက် စာကြည့်တိုက် သီချင်းဖြင့် သီဆိုဖျော်ဖြေပြီး အလုံမြို့နယ် အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်အမှာစကားပြောကြားပြီး အလှူရှင်များက အလှူငွေနှင့် စာအုပ်စာစောင်များပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လက်ခံရယူကြပြီး စာဖတ်ခြင်း၏ အကျိုးကျေးဇူးခေါင်းစဉ်ဖြင့် ဟောပြောမည့် စာရေးဆရာ လင်းသိုက်ညွှန့်အား ဂုဏ်ပြုလက်ဆောင်ချီးမြှင့်သည်။

ဆက်လက်၍ စာရေးဆရာ လင်းသိုက်ညွှန့်က စာဖတ်ခြင်း၏အကျိုးကျေးဇူး ခေါင်းစဉ်ဖြင့် ဟောပြောကာ အလုံမြို့နယ် အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ဦးရွှေရိုး ဒေါ်မိုးသီချင်းဖြင့်လည်းကောင်း၊ အလုံမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက အမျိုးသားစာပေ မြန်မာ့ယဉ်ကျေးမှုအမွေ သီချင်းဖြင့်လည်းကောင်း သီဆိုဖျော်ဖြေကြသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ဖျော်ဖြေရေးအဖွဲ့များအား ဆုများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**နေကိုထိုက်**

---

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၁၂၀၀၀၀ အထိတင်ပို့ရောင်းချ

မော်လမြိုင်ကျွန်း ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၁၂၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ်၌ ကွမ်းသီးရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်ကြည်စန်း၏ပြောကြားချက်အရ သိရသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ကွမ်းသီးအနုပိဿာချိန် ၈၉၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ကွမ်းသီးအနုပိဿာချိန် ၁၂၀၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ အဆိုပါကွမ်းသီးအနုများ ဝယ်လိုအားကောင်းလာခြင်းသည် ပြည်တွင်းဈေးကွက်မှ ကွမ်းသီးအနုများ ဝယ်လိုအားကောင်းနေခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လမှာ ကွမ်းသီးအနုပိဿာချိန် ၁၂၀၀၀၀ အထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ကွမ်းသီးအနုတွေမှာယူမှုများလာလို့ ရန်ကုန်ဈေးကွက်ကို အများအပြားတင်ပို့ခဲ့ရတာဖြစ်ပါတယ်။ လက်ရှိ ကွမ်းသီးတွေအရောင်းအဝယ်ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေစွာလည်ပတ်လုပ်ကိုင်နေရပါတယ်" ဟု ဒေါ်ကြည်စန်းကပြောသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက်သွားရောက်ဝယ်ယူ၍ စနစ်တကျထုပ်ပိုးပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် ပြည်ပဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**သုတကျော်**

---

# မန္တလေးတိုင်းဒေသကြီး၌ ယခုဘဏ္ဍာနှစ်အတွင်း သမဝါယမကဏ္ဍမှ ဝါစိုက်ဧက လေးသောင်း လျာထားစိုက်ပျိုးမည်

မန္တလေး ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှကြီးမှူး၍ ယခုဘဏ္ဍာနှစ်အတွင်း သမဝါယမကဏ္ဍမှ ဝါစိုက်ဧက လေးသောင်း လျာထားစိုက်ပျိုးမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဦးစီးမှူး ဦးထွန်းဇော်ဦး၏ပြောကြားချက်အရ သိရသည်။

ထိုသို့သမဝါယမကဏ္ဍမှ ဝါစိုက်ဧက လေးသောင်း လျာထားစိုက်ပျိုးရာတွင် တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော တောင်သူများလိုအပ်သည့် သွင်းအားစုများကို ပံ့ပိုးပေးနိုင်ရန် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေအပြင် သက်ဆိုင်ရာ မြို့နယ်သမဝါယမအသင်းပိုင်ရန်ပုံငွေများဖြင့် စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

“မန္တလေးတိုင်းဒေသကြီးထဲက ဝါစိုက်တောင်သူတွေအတွက် သမဝါယမကဏ္ဍကနေ တစ်ဧကကို ငွေကျပ် နှစ်သိန်းနှုန်းနဲ့ ညီမျှတဲ့ သွင်းအားစုတွေပံ့ပိုးပေးတဲ့အခါ တောင်သူတွေလက်ထဲကို သွင်းအားစုတွေ အချိန်မီရောက်ရှိအောင် စီစဉ်ဆောင်ရွက်ပေးမှာပါ။ အရင်တုန်းက တောင်သူတွေ အထောက်အကူရအောင် ငွေသားအနေနဲ့ထုတ်ချေးပေးခဲ့ပေမယ့် တခြားလုပ်ငန်းတွေမှာ အသုံးပြုမှုတွေရှိခဲ့တဲ့အတွက် အခုလိုသွင်းအားစုတွေကို တိုက်ရိုက်ပံ့ပိုးပေးတာဖြစ်ပါတယ်” ဟု ဦးထွန်းဇော်ဦးကပြောသည်။

ထိုသို့ဝါစိုက်ပျိုးမှုများအတွက် အလေအလွင့်မရှိစေဘဲ ထိရောက်စွာ ပံ့ပိုးပေးနိုင်မှုကြောင့် တိုင်းဒေသကြီးအတွင်း ဝါစိုက်ခင်းများ ပိုမိုဖြစ်ထွန်းအောင်မြင်ကာ ဝါအထွက်နှုန်း တိုးတက်မြင့်မားလာစေရန် ရည်မှန်းထားကြောင်း၊ ယခုအခါ ပြည်တွင်း၌ ဝါမှတစ်ဆင့် ချည်မျှင်နှင့် အထည်အလိပ်များအပြင် ဝါမှထုတ်လုပ်နိုင်သော ပစ္စည်းအမျိုးအစားပေါင်း ၁၀၀ ကျော်ရှိပြီး ဝါဂွမ်း၊ ဝါစေ့ဆီ၊ အလှဆီ၊ စက္ကူ၊ ဆပ်ပြာနှင့် တိရစ္ဆာန်အစာ စသည်တို့ကိုလည်း ထုတ်လုပ်နိုင်ကြောင်း သိရသည်။

ပြည်တွင်း၌ ဝါစိုက်ဧကများ ပိုမိုစိုက်ပျိုးနိုင်ရန် ယခုဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ဝါစိုက်ပျိုးရေးဇုန် ၁၉ ခု သတ်မှတ်ကာ စုစုပေါင်းဝါစိုက်ဧကခြောက်သိန်းကျော် စိုက်ပျိုးရန် လျာထားဆောင်ရွက်လျက်ရှိပြီး မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်နှင့် ပျော်ဘွယ်မြို့နယ်တို့၌ ဝါစိုက်ဧကများ အများဆုံးစိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။

**ဆောင်းဦး**



# မြန်မာ့ယဉ်ကျေးမှုမပျောက်ပျက်စေရေး ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

နွေကံ့ကော်(မြို့လှ)

ပြီးခဲ့သော ၂၀၂၄ ခုနှစ် ဇူလိုင်လ ၂၆ ရက် နံနက်ပိုင်းတုန်းကဖြစ်၏။ နံနက် ၇ နာရီခွဲ ရုံးသို့ရောက်သည်နှင့် တာဝန်ကျဆတ်သားလေးလာပို့သော သတင်းစာကိုဖတ်လိုက်ရပြီးနောက် ယခုဆောင်းပါးအားရေးသားဖြစ်ခဲ့ပါသည်။ ဝမ်းသာစရာသတင်းတစ်ခုကို ဦးဆုံးတွေ့ရပြီး မရှေးမနှောင်းမှာပင် ဝမ်းနည်းစိတ်ပျက်ဖွယ်သတင်းတစ်ခုကိုဖတ်ရသည်။ အခုလို စိတ်ပျက်စရာကောင်းသော သတင်းမျိုးကို ရှေ့တွင်လည်း တစ်ကြိမ်မကတွေ့ခဲ့ရဖူးသည်။ ဝမ်းသာဖွယ်သတင်းကောင်းအား ဦးဆုံးတင်ပြလိုသည်။

အဆိုပါ ဝမ်းသာဖွယ်သတင်းကောင်းဟူသည်မှာ မကြာမီ (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီး ကျင်းပတော့မည်ဟုသိရခြင်းကြောင့် ဖြစ်၏။ ၁၉၉၃ ခုနှစ် စက်တင်ဘာလတွင် ပထမအကြိမ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရန်ကုန်မြို့တွင်စတင်ကျင်းပခဲ့ခြင်းဖြစ်၏။ ယခုဆိုလျှင် ငွေရတုအချိန်အခါသမယကို ရောက်ရှိခဲ့ချေပြီ။ (၂၅) ကြိမ်ကာလပတ်လုံး မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ကျင်းပရာတွင် လူအား၊ ငွေအား၊ အချိန်အားများစွာပေးဆပ်ခဲ့ကြရ၏။ ရိုးရာယဉ်ကျေးမှုအနုသုခုမပညာရပ်များ မတိမ်ကောမပျောက်ပျက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရခြင်းနှင့် လက်ဆင့်ကမ်းပေးရခြင်းမှာ လွယ်ကူသည်မဟုတ်ပေ။ အမျိုးသားရေးယဉ်ကျေးမှုလက္ခဏာများကို ချစ်မြတ်နိုးပြီးထိန်းသိမ်းစောင့်ရှောက်ရန် တာဝန်ရှိသည်ဟုခံယူသော အစိုးရများလက်ထက်တွင်သာ မြန်မာ့ရိုးရာယဉ်ကျေးမှုအမွေအနှစ်များပြန်လည်ဖော်ထုတ်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြသည်ကို သမိုင်းမှတ်တမ်းများတွင် အထင်အရှားတွေ့ခဲ့ရသည်။

တစ်ခါတုန်းက အာဖရိကကျောင်းသားတချို့ကို သတိရမိသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင်ကဖြစ်၏။ စာရေးသူရုရှားနိုင်ငံတွင် ပညာသင်ယူနေစဉ် အာဖရိကကျောင်းသားများနှင့်ဆုံခဲ့ရ၏။ စာရေးသူတို့က ပုဆိုးနှင့်တိုက်ပုံမဝတ်သော်ငြား လွယ်အိတ်ကိုတော့ အမြတ်တနိုးလွယ်ကာ ကျောင်းတက်ကြသည်။ အခြားအာရှကျောင်းသားများသည်လည်း နိုင်ငံတော်ဝတ်စုံကို မဝတ်ဆင်ကြ။ သင့်လျော်ရာဖက်ရှင်ဖြင့်သာ ကျောင်းတက်ကြသည်။ အာဖရိကကျောင်းသားများမှာမူ အများအားဖြင့် သူတို့ရိုးရာဝတ်စုံများ ဝတ်ဆင်လျက် ကျောင်းတက်ကြလေ့ရှိသည်။ မြန်မာ့ကာယဗလဖခင်ကြီး ဦးဇော်ဝိတ် မြူးနစ်အိုလံပစ်သွားရောက်ယှဉ်ပြိုင်စဉ် တောင်ရှည်ပုဆိုး၊ ငွေရောင်ခေါင်းပေါင်း၊ တိုက်ပုံများဝတ်လျက် မြို့ထဲလျှောက်လည်သဖြင့် နိုင်ငံခြားသားများ စိတ်ဝင်တစားကြည့်ခဲ့ကြသည်ဆိုသော ဖြစ်စဉ်ကိုလည်း တိုက်ဆိုင်စွာသတိရမိပါသည်။

ယဉ်ကျေးမှု ထိန်းသိမ်းမှုအားနည်းသဖြင့် ယနေ့ကမ္ဘာပေါ်တွင် ပျောက်ကွယ်သွားသော နိုင်ငံများရှိခဲ့ပြီးဖြစ်၏။ စာရေးသူတို့ငယ်စဉ်က မြဝတီရုပ်မြင်သံကြားနှင့်မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှစ်လိုင်းသာ အဓိကကြည့်ရှုရသည်။ အခြားစလောင်းနှင့် ဖမ်းယူရသော ရုပ်သံလိုင်းများသည် ငွေကြေးတတ်နိုင်သူများသာတပ်ဆင်နိုင်၏။ ထိုစဉ်ကာလ တိုင်းသစ်ပြည်သစ် ဖွံ့ဖြိုးမှုလမ်းကြောင်းသစ်ဆီလျှောက်လှမ်းနေချိန်တွင် နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲများကိုပါ ရုပ်မြင်သံကြားတို့မှထုတ်လွှင့်ခဲ့၏။ မှတ်မိနေပါသေးသည်။ ထိုစဉ်က ဟောင်ကောင်ဇာတ်လမ်းတွဲများတွင် မင်းသမီးတို့သည် စကပ်အရှည်ဝတ်ဆင်ရာတွင် ပေါင်ရင်းအထိ မသိမသာခွဲထားကြ၏။ စကြည့်ခါစတွင် စာရေးသူတို့လို ကလေးအရွယ်များအတွက်ပင် မျက်စိအမြင်မတင့်တယ်သလို ခံစားခဲ့ရ၏။ ၂၀၁၀ ပြည့်နှစ်နောက်ပိုင်း ကိုရီးယားဇာတ်ကားများဝင်ရောက်လာသည်။ သူတို့ကတစ်မျိုးတစ်ဖုံဆန်းသစ်လာ၏။ မိန်းကလေးများအရက်ဘီယာသောက်သည့် အခန်းများ၊ မင်းသားက မင်းသမီးကို ကျောပိုးသည့်အခန်းများ၊ အမိအဖကို သားသမီးက ပြန်လည်နှုတ်လှံထိုးသည့်အခန်းများ တစ်စတစ်စ ဝင်ရောက်လာသည်။ ယနေ့အချိန်ထိ မပျောက်ကွယ်သေးသော ပြကွက်များအဖြစ်ရှိနေဆဲဖြစ်၏။




တိုးတက်မှု၏နောက်တွင် မယူတတ်သဖြင့်ဆုံးရှုံးသွားသည့် ယဉ်ကျေးမှုအမွေအနှစ်များ မနည်းတော့လေပြီ။ ချက်ချင်းကြီးမဟုတ်သော်လည်း မျက်စိယဉ်နားယဉ်ကာ ဆယ်စုနှစ်တစ်ခုပြီးတစ်ခုကျော်လာသည့်နောက် ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများလျော့ပါးလာရသည်မှာ မျက်စိရှေ့တွင်ဖြစ်သည်။ ထိုသို့မဖြစ်ရလေအောင် နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို တိုင်းနှင့်ပြည်နယ်အဆင့်မှသည် နိုင်ငံတော်အဆင့်အထိ ဖော်ထုတ်လျက် ပညာရှင်ကြီးများ၏အားကိုယူကာ မျိုးဆက်သစ်ဝါသနာရှင်မောင်မယ်များကို မွေးထုတ်ပေးလျက်ရှိသည်။ ဗုဒ္ဓဘာသာ မြန်မာနိုင်ငံသားစစ်စစ်တစ်ယောက်အနေဖြင့် အရိုးပေါ်အရွက်မဖုံးအောင် ပြုလုပ်ဆောင်ရွက်ပေးသော ယခုကဲ့သို့ အမျိုးသားရေးဇာတိမာန်ထက်သန်စေသည့် ပြိုင်ပွဲကြီးများ နှစ်စဉ်ဖော်ထုတ်ပေးနေခြင်းကို ကျေးဇူးတင်ဝမ်းသာမိသည်။

**တိုးတက်မှု၏နောက်တွင် မယူတတ်သဖြင့်ဆုံးရှုံးသွားသည့် ယဉ်ကျေးမှုအမွေအနှစ်များ မနည်းတော့လေပြီ။ ချက်ချင်းကြီးမဟုတ်သော်လည်း မျက်စိယဉ်နားယဉ်ကာ ဆယ်စုနှစ်တစ်ခုပြီးတစ်ခုကျော်လာသည့်နောက် ကိုယ်ပိုင်ယဉ်ကျေးမှုလက္ခဏာများလျော့ပါးလာရသည်မှာ မျက်စိရှေ့တွင်ဖြစ်သည်။ ထိုသို့မဖြစ်ရလေအောင် နိုင်ငံတော်အနေဖြင့် ယခုကဲ့သို့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲများကို တိုင်းနှင့်ပြည်နယ်အဆင့်မှသည် နိုင်ငံတော်အဆင့်အထိ ဖော်ထုတ်လျက် ပညာရှင်ကြီးများ၏အားကိုယူကာ မျိုးဆက်သစ်ဝါသနာရှင်မောင်မယ်များကို မွေးထုတ်ပေးလျက်ရှိ . . .**

နောင်သတင်းတစ်ခုမှာမူကား မောင်နှင့်နှမ၊ သားနှင့်အမိ၊ သမီးနှင့်အဖေ၊ ဆရာနှင့်တပည့်တို့ အချင်းချင်းရှေ့တွင် မကြည့်ဝံ့ နားမထောင်ဝံ့သော တေးသီချင်းဗီဒီယိုထုတ်လွှင့်မှုကို အရေးယူရန်ဖော်ပြသည့် သတင်းဖြစ်၏။ မြန်မာ့ယဉ်ကျေးမှုနှင့်အလွန်အမင်းဆန့်ကျင်သည့်အတွက် တရားဥပဒေအရ အရေးယူရသည်အထိ ဖြစ်ပျက်ခဲ့မှုသည် အလွန်ဝမ်းနည်းဖွယ်ကောင်းလှပေသည်။ အဆိုပါ တေးသီချင်းဗီဒီယိုကို မည်သည့်ရည်ရွယ်ချက်အစစ်ဖြင့် လူမှုကွန်ရက်တွင်ဖြန့်ခဲ့သည်ကို ကာယကံရှင်များသာသိကြပါလိမ့်မည်။ ယခုနှစ်အတွင်း စာရေးသူတို့ငယ်စဉ်ကျောင်းသားဘဝက **"ယောက်ဖရေ"** တေးသီချင်းဖြင့် တစ်တိုင်းပြည်လုံး အောင်မြင်မှုရခဲ့သည့် အဆိုတော်ဒွန်း၏ **"ဟင်းကောင်းချက်သောနေ့"** သီချင်းသစ်ထွက်ခဲ့သည်။ လေးနှစ်အရွယ်ကလေးများ ပါးစပ်ဖျားအထိ သီချင်းက အောင်မြင်မှုရခဲ့သည်။ သူတို့သည် အနုပညာကို မြန်မာ့ဓလေ့စရိုက်နှင့် မဆန့်ကျင်ဘဲ ရိုးသားစွာဖန်တီးပြီး ပရိသတ်အသိအမှတ်ပြုခံယူခဲ့ကြသည်။ ထိုသို့သော အနုပညာရှင်များနှင့် ဆန့်ကျင်စွာ အဓိပ္ပာယ်လွဲမှားမှုဖြစ်စေနိုင်သော စာသားများကို အမြင်မသင့်တော်သည့် ကင်မရာပြကွက်များဖြင့် လူ့အခွင့်အရေးနှင့်အနုပညာဟု ခေါင်းစဉ်တပ်ကာ ရိုက်ကူးနေကြသော၊ သရုပ်ဆောင်နေကြသော မျိုးဖျက်သမားများကို ထိထိရောက်ရောက်အရေးယူသင့်ပေသည်။ ထိုဗီဒီယိုမရိုက်ရသဖြင့်၊ ထိုသို့ မတင်ဆက်ရသဖြင့် မည်သည့်လူ့အခွင့်အရေးမျှ ဆုံးရှုံးမှုမရှိပါချေ။ ပိုဆိုးသည်ကား လူထုအကြားပေါက်သည်ဟုဆိုသည့် နားကြားမသင့်တော်ဖွယ်သီချင်းနှင့် သရုပ်ဖော်ချက်များကို ကျောင်းကပွဲများတွင် တင်ဆက်စေခြင်းပင်ဖြစ်၏။ တာဝန်ရှိသူများ ကြိုတင်စိစစ်သင့်သောအရာတစ်ခုဖြစ်ကြောင်းအကြံပြုလိုပေသည်။

တစ်ဖန်ဆက်ရသော် အတိုအပြတ်အဝတ်အစားများဝတ်ဆင်လျက် အများမြင်ကွင်းရှေ့ထွက်လာသော မိန်းမငယ်လေးများကိုလည်း မြင်တွေ့ရပါသေး၏။ ဘုရားခတ်လှေကားကိုရောက်မှ စကပ်ဒူးကျော်သဖြင့် ဘုရားပေါ်တက်ခွင့်မရှိကြောင်း ရှင်းလင်းပြောကြားမှုမြင်ကွင်းများကိုလည်း မျက်စိရှေ့မြင်တွေ့ခဲ့ရပါသေး၏။ အုပ်ထိန်းသူများပါသည့်တိုင်အောင် နားမလည်သည့်ဟန်ရှိသည်က ပို၍ဆိုးလှ၏။ ဘုရားသွားမည်ဟုဆိုလိုက်သည်နှင့် မည်သည့်အဝတ်အစားဝတ်ရမည်ကို ရှင်းပြစရာမလိုလောက်အောင်ပင် သိထားရပေမည်။ မည်သို့ပင်တားမြစ်ချက်များ ဘုရားရင်ပြင်တော်တွင် ထုတ်ပြန်ထားသည်ဖြစ်စေ အလေးမထားဘဲ ဝတ်ဆင်လာသူများကို မြင်တွေ့နေရဆဲဖြစ်သည်။ တာဝန်ရှိသူများ ပြောကိုပြောရမည့်တာဝန်ရှိပေသည်။

တစ်ကြိမ်မကတော့သော သရုပ်ပျက်တင်ဆက်မှုများ လူမှုကွန်ရက်ပေါ်တွင်မြင်တွေ့ရသည့်အတွက် **"မြန်မာပြည်ဖွားမှ ဟုတ်ပါလေစ"** ဟူသော အတွေးသံသယဖြင့် မချင့်မရဲဖြစ်မိသည်။ တစ်ဖက်တွင်လည်း ၁၉၉၃ ခုနှစ်မှစတင်ကာ အမျိုးသားရေးယဉ်ကျေးမှုရေသောက်မြစ်ကြီး ဆက်လက်ရှင်သန်နိုင်စေဖို့ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးများကို ငွေအား၊ အချိန်အား၊ လူအားများစိုက်ထုတ်သုံးစွဲ၍ တာဝန်ရှိသူများက ထိန်းသိမ်းစောင့်ရှောက်ပေးနေသဖြင့် စိတ်သက်သာရာရမိသည်။ မျိုးဆက်သစ်ရွက်ပုန်းသီးအနုပညာဝါသနာရှင်မောင်မယ်များ အဆက်မပြတ်ပေါ်ထွန်းနေသည်ကို တွေ့ရသဖြင့်လည်း အားရကျေနပ်မိသည်။ ယခုဆိုလျှင် ငွေရတုအကြိမ်မြောက်အဖြစ် ကျင်းပနိုင်တော့မည်ဖြစ်၏။ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတို့တွင် သတ်မှတ်ထားသော ဇာတ်တော်ကြီးများ၊ တေးသီချင်းများနှင့် ကကွက်အဖုံဖုံကိုလေ့လာကြည့်လျှင် ရှေးယခင်ကာလကတည်းကရှိခဲ့ပြီးဖြစ်သည့် မြန်မာလူမျိုးတို့၏ မြင့်မားသည့်ယဉ်ကျေးမှုအဆင့်အတန်းကို မြင်တွေ့ကြရပေမည်။ အဆို၊ အက၊ အရေး၊ အတီး အနုသုခုမပညာရပ်များတွင် အများကလေးစားရသောဝတ်စားဆင်ယင်မှု၊ လူသားတို့စောင့်ထိန်းလိုက်နာအပ်သော ကိုယ်ကျင့်သိက္ခာ၊ မိမိတို့လူမျိုးများ ရှာဖွေဖော်ထုတ်ထားသော ကိုယ်ပိုင်ဟန် ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ယဉ်ကျေးမှုစသည်တို့ကိုတွေ့ရှိရမည်။

အနှစ်ချုပ်ဆိုရပါက ထိန်းသိမ်းသင့်သော မြန်မာ့ယဉ်ကျေးမှုအမွေကို ကာကွယ်စောင့်ရှောက်ကာ အောင်မြင်မှုဆီ ချီတက်စေလိုမိသည်။ ဖြတ်လမ်းမှလိုက်သောအောင်မြင်မှုသည် ရေရှည်မခံတတ်ပေ။ မြန်မာလိုဝတ်၍ ကမ္ဘာလိုတွေးခေါ်ကြံစည်နိုင်မှသာ ခေတ်နဲ့အညီ ဖန်တီးနိုင်စွမ်းရှိသော အနုပညာလက်ရာများကို ပြည်သူအများ အဆိပ်အတောက်ကင်းကင်း စားသုံးနိုင်မည်ဟု မျှော်လင့်မိသည်။ ထိုသို့သောမျှော်လင့်ချက်နှင့်အတူ မကြာမီကျင်းပတော့မည့် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ဂုဏ်ယူဝမ်းမြောက်စွာ ကြိုဆိုမိပါသည်။ ။

# စေတုတ္တရာမြို့နယ်၌ ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး သုတ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

စေတုတ္တရာ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရမှ ပေးပို့လှူဒါန်းသည့် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲကို ဩဂုတ်လ ၁၂ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထိုသို့လှူဒါန်းရာတွင် နိုင်ငံတော်အစိုးရမှ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ပြီး စာပေဖတ်ရှုလေ့လာခြင်းဖြင့် အမှားအမှန်ဝေဖန်ခွဲခြားတတ်ကာ အတွေးအခေါ်ကောင်းများရရှိစေရန် ပေးပို့လှူဒါန်းသည့် သုတ၊ ရသ စာအုပ်စာစောင်ပေါင်း ၅၀ ကို မြို့နယ်အတွင်း ရှင်သန်နေသည့်စံညီစာကြည့်တိုက် နှစ်ခုအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟိန်းထက်အောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိတို့က ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် စာကြည့်တိုက်တာဝန်ခံများထံ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိက မြို့နယ်အတွင်း စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ပေးကြရန်နှင့် ကျေးရွာ၌ စာကြည့်တိုက်ရှင်သန်မှ ဒေသခံပြည်သူများ စာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတရရှိနိုင်မည်ဖြစ်ကြောင်း၊ ယခုလှူဒါန်းသောစာအုပ်များကို လက်ခံရရှိသည့် ဖအိုင်း(အနောက်)ကျေးရွာ တက်နေဝန်းစာကြည့်တိုက်နှင့် မကြီးစုကျေးရွာ ဗေဒါလမ်းစာကြည့်တိုက်တာဝန်ခံများအနေဖြင့် စာအုပ်များကို စနစ်တကျမှတ်တမ်းရေးသွင်းကာ ကျေးလက်နေပြည်သူများဖတ်ရှုနိုင်ရေး ဆောင်ရွက်ပေးကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။ ထို့နောက် ကျေးရွာစာကြည့်တိုက်များနှင့်ပတ်သက်၍ ကျေးရွာအုပ်ချုပ်ရေးမှူးများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ရှင်းလင်းဖြေကြားပေးကြကြောင်း သိရသည်။

ဝင်းအိမွန်(ပြန်/ဆက်)

# အသေးစား အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲကျင်းပ

ကျောက်ဆည် ဩဂုတ် ၁၃



မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးစီမံကိန်း အခြေခံစက်ချုပ်နည်းပညာသင်တန်းဆင်းပွဲ အခမ်းအနားကို ဩဂုတ်လ ၁၃ ရက်တွင် ကျောက်ဆည်မြို့နယ် သမန္တလင်းကျေးရွာဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးအောင်သူက ကျေးလက်နေပြည်သူများ၏လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြုတစ်နိုင်တစ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရေး အခြေခံစက်ချုပ်နည်းပညာများကို တစ်လကြာသင်ကြားပေးခဲ့ကြောင်း အမှာစကားပြောကြားပြီး သင်တန်းသူ မကေရီမြင့်ကို သင်တန်းထုတ်ကုန်ပစ္စည်းများ ပေးအပ်ခဲ့သည်။

ဆက်လက်ပြီး ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးကျော်ဇေယျာဝင်းက သင်တန်းသူ မသဇင်နွယ်ကို သင်တန်းထုတ်ကုန်ပစ္စည်းများပေးအပ်ခဲ့ပြီး သင်တန်းသူများကိုယ်စား ကျားအိုကြီးကျေးရွာမှ သင်တန်းသူ မမြနှင်းက ချုပ်ထည်များစနစ်တကျချုပ်လုပ်နိုင်ရန် အခြေခံစက်ချုပ်နည်းပညာဘာသာရပ် ၁၁ မျိုး သင်ကြားပေးခဲ့ခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

တင်တင်ထွေး

# ဟသ်ာတတက္ကသိုလ်၌ ဥပဒေပိုင်းဆိုင်ရာအခြေခံအသိအမြင်များပို့ချခြင်း သင်တန်းဖွင့်လှစ်

ဟသ်ာတ ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်ဟသ်ာတတက္ကသိုလ်ပင်မလေးထပ်ဆောင် ဘွဲ့နှင်းသဘင်ခန်းမ၌ ဥပဒေပိုင်းဆိုင်ရာအခြေခံအသိအမြင်များပို့ချခြင်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၂ ရက်က ကျင်းပသည်။

အခမ်းအနားတွင် ဟသ်ာတတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်က ကျောင်းသား၊ ကျောင်းသူများအနေဖြင့် မိမိတို့နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရာဇသတ်ကြီးဆိုင်ရာ ဥပဒေအကြောင်းအရာများ၊ ချမှတ်ထားသောဥပဒေနှင့် လိုက်နာကျင့်ကြံနေထိုင်ရမည့် ဆောင်ရန်၊ ရှောင်ရန်များကို ပို့ချမည်ဖြစ်သည့်အတွက် သိရှိမှတ်သားကြရန်လိုကြောင်း အဖွင့်အမှာစကားပြောကြားပြီး ဟသ်ာတတက္ကသိုလ် ဥပဒေဌာန ဌာနမှူး ပါမောက္ခ ဒေါက်တာမိုးသူက Short Lecture Constitution And Election in Myanmar ခေါင်းစဉ်ဖြင့် သင်ကြားပို့ချခဲ့သည်။

အခမ်းအနားသို့ ဟသ်ာတတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာသိဂီရွှေ၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအေးလွင်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာရီရီသန်း၊ သင်ကြားရေးဌာနအသီးသီးမှ ပါမောက္ခ၊ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဟသ်ာတတက္ကသိုလ်ဥပဒေဌာနနှင့် ရူပဗေဒဌာနမှ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြောင်းနှင့် အဆိုပါသင်တန်းကို ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်အထိ ဟသ်ာတတက္ကသိုလ် အတန်းအသီးသီးမှ ကျောင်းသား၊ ကျောင်းသူများကို သင်ကြားပို့ချလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# လူငယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကျင်းပ

ငဖဲ ဩဂုတ် ၁၃

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနတို့ပူးပေါင်းပြီး စာဖတ်ရိုန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်လူရွယ်များ ဗလငါးတန်နှင့်ပြည့်စုံစေရေး လူငယ်စကားဝိုင်းကို ဩဂုတ်လ ၁၃ ရက်တွင် ငဖဲမြို့နယ် သာယာကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ ကျင်းပသည်။

ရှေးဦးစွာ ငဖဲမြို့နယ် သာယာကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးအောင်ကျော်မိုးက အဖွင့်အမှာစကားပြောကြား၍ မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ယုယုသိန်းက လူငယ်စကားဝိုင်းကျင်းပရသည့် ရည်ရွယ်ချက်နှင့် ကျောင်းသားလူငယ်များ အသိပညာဗဟုသုတတိုးပွားစေရန်အတွက် ကျောင်းစာသာမက သုတ၊ ရသစာအုပ်စာပေများကိုလည်း လေ့လာဖတ်ရှုကြရန်နှင့် စာဖတ်ခြင်း၏အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။


ဆက်လက်၍ ငဖဲမြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက လူငယ်နှင့်အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့် မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဟန်နီထွန်းက ကလေးအလုပ်သမားပပျောက်ရေး သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဒေါ်နန်းသီတာထွေးက အစီအစဉ်တင်ဆက်သူအဖြစ်ဆောင်ရွက်ပြီး Grade-11 မှ မဇင်ဇင်ကျော်နှင့် မချစ်စုသိန်း၊ Grade-10 မှ မခင်မြတ်သူ၊ Grade-9 မှ မောင်အေးချမ်းဖြိုးနှင့် မောင်နိုင်လင်းဌေးတို့က စာအုပ်စာပေ လူ့မိတ်ဆွေ၊ နည်းပညာ၊ အားကစား၊ မူးယစ်ဆေးဝါးတို့ရှောင်ရှား၊ ဆေးလိပ်၊ ဆေးရွက်ကြီးအန္တရာယ်ခေါင်းစဉ်များဖြင့် မိမိတို့ဖတ်မှတ်လေ့လာထားရှိမှုများကို အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသည့် ကျောင်းသား၊ ကျောင်းသူများက အပြန်အလှန်မေးမြန်းဆွေးနွေးခဲ့ကြောင်း သိရသည်။

ထို့နောက် လူငယ်စကားဝိုင်းတွင် ပါဝင်ဆွေးနွေးခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများကို ပေးအပ်ချီးမြှင့်ခဲ့ကြရာ ကျောင်းသူတစ်ဦးက လက်ခံရယူခဲ့ပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဝန်ထမ်းတစ်ဦးက Physical Fitness Dance ဖြင့် သရုပ်ပြသဖျော်ဖြေခဲ့ကြောင်း သိရသည်။

မယု(ငဖဲ)

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| မိတ္ထီလာ | (၂.၉၁)လက်မ |
| မိုင်းဆတ် | (၂.၅၂)လက်မ |
| ဝ | (၂.၄၈) လက်မ |
| မဒေါက် | (၂.၄၈)လက်မ |
| မာန်အောင် | (၂.၂၈)လက်မ |
| ရွှေကျင် | (၂.၁၇)လက်မ |
| ကော့ကရိတ် | (၂.၁၇)လက်မ |
| သာစည် | (၁.၇၆)လက်မ |
| ပင်လောင်း | (၁.၇၃)လက်မ |
| ညောင်လေးပင် | (၁.၇၃)လက်မ |
| မိုင်းယန်း | (၁.၅၇)လက်မ |
| မြဝတီ | (၁.၅၇)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၂ | ၃၅ |
| ရှမ်း(မြောက်) | ၂၀ | ၃၂ |
| ရှမ်း(အရှေ့) | ၂၂ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၄ |
| ချင်း | ၁၄ | ၂၀ |
| စစ်ကိုင်း(အထက်) | ၂၅ | ၃၃ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၃ |
| နေပြည်တော် | ၂၃ | ၂၉ |
| မန္တလေး | ၂၇ | ၃၂ |
| မကွေး | ၂၄ | ၃၂ |
| ရခိုင် | ၂၃ | ၃၁ |
| ပဲခူး | ၂၅ | ၃၀ |
| ရန်ကုန် | ၂၆ | ၃၀ |
| ဧရာဝတီ | ၂၃ | ၃၂ |
| ကယား | ၂၀ | ၂၇ |
| ကရင် | ၂၄ | ၃၁ |
| မွန် | ၂၃ | ၃၁ |
| တနင်္သာရီ | ၂၃ | ၃၁ |













❍ ရှေ့ဖုံးမှအဆက်
၁၃ ရက်အထိ ပြည်ပလေ့လာရေးခရီးစဉ် စေလွှတ်ခဲ့သည်။

အဆိုပါထူးချွန်ကျောင်းသား၊ကျောင်းသူများအဖွဲ့သည် ထိုင်းနိုင်ငံတွင် ဩဂုတ်လ ၉ ရက်မှ ၁၀ ရက်အထိ လည်ပတ်လေ့လာခဲ့ကြပြီး ဩဂုတ်လ ၁၁ ရက်တွင် စင်ကာပူနိုင်ငံသို့ ရောက်ရှိ၍ မြန်မာသံရုံးနှင့် Merlion Park တို့သို့ လည်ပတ်လေ့လာကြသည်။ ဩဂုတ်လ ၁၂ ရက်တွင် Botanic Garden သို့သွားရောက်ကြကာ အဆိုပါ Botanic Garden အတွင်း၌ ပျော်ရွှင်စွာလှည့်လည်ကြည့်ရှုလေ့လာပြီး အမှတ်တရမှတ်တမ်းဓာတ်ပုံများရိုက်ခဲ့ကြသည်။

ထို့ပြင် Clementine Road ရှိ Singapore Institute of Management (SIM) သို့ ရောက်ရှိကြရာ Singapore Institute of Management မှ တာဝန်ရှိသူများက နွေးထွေးစွာကြိုဆိုကြကာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို အဆိုပါကျောင်းရှိ SIM Heritage Gallery ၌ Ms. Celia Her က တက္ကသိုလ်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းပြောကြား၍ တက္ကသိုလ်တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် ထူးချွန်ကျောင်းသား၊ ကျောင်းသူများကို Theatre ၌ တွေ့ဆုံကာ တက္ကသိုလ် ၏ Vice Provost Dr. Timothy Chan က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး စင်ကာပူနိုင်ငံဆိုင်ရာ မြန်မာသံရုံး သံရုံးယာယီတာဝန်ခံ ဦးဇော်ဇော်စိုးက ကျေးဇူးတင်စကားပြောကြားကာ Ms. Celia Her က SIM University တက္ကသိုလ်အကြောင်း မိတ်ဆက်ပြောကြား၍ Dr .Liam Kim Yang က တက္ကသိုလ်တွင် သင်ယူနိုင်သော သင်တန်းများအကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံမှ ပညာသင်ကျောင်းသားတစ်ဦးက ၎င်း၏ ပညာသင်အတွေ့အကြုံများကို ရှင်းလင်းပြောကြားပြီး ထူးချွန်ကျောင်းသား၊ ကျောင်းသူများက သိရှိလိုသည်များကို မေးမြန်းကြရာ သက်ဆိုင်ရာတာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ဆက်လက်၍ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး အဆိုပါကျောင်းတွင် ပညာသင်ယူနေသော Student Ambassadors မြန်မာကျောင်းသား၊ ကျောင်းသူတို့က ဦးဆောင်၍ တက္ကသိုလ်စာကြည့်တိုက်၊ အားကစားရုံ၊ Student's Wellness Centre၊ Canteen စသည်တို့ကို အဖွဲ့သုံးဖွဲ့ခွဲ၍ Campus Tour အဖြစ် လှည့်လည်ရှင်းလင်းပြသကြသည်။

မွန်းလွဲပိုင်းတွင် လေ့လာရေးထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် Garden by the Bay သို့ရောက်ရှိပြီး Flower Dome နှင့် S.E.A Aquarium တို့ကိုလေ့လာကြသည်၊

ထို့နောက် Sentosa ကျွန်းသို့သွားရောက်ပြီး အဆိုပါ Sentosa ကမ်းခြေရှိ Tourist Attractions နေရာများကို လည်ပတ်ကြကာ ရေသားဖန်သားပြင်ဖြင့် ပြသသော "Wings of the Time"ကို အပန်းဖြေကြည့်ရှုကြသည်။

အဆိုပါထူးချွန်ကျောင်းသား၊ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် ယနေ့နံနက် ၉ နာရီခွဲတွင် စင်ကာပူနိုင်ငံ ချန်ဂီလေဆိပ်သို့ ရောက်ရှိပြီး Jewel Shopping Centre ၌ လှည့်လည်ကြည့်ရှုလေ့လာ ဈေးဝယ်ကြသည်။

ယင်းနောက် အဆိုပါအဖွဲ့သည် မြန်မာအမျိုးသားလေကြောင်းလိုင်းဖြင့် စင်ကာပူနိုင်ငံမှထွက်ခွာကြရာ မွန်းလွဲပိုင်းတွင်ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြပြီး တာဝန်ရှိသူများနှင့် ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ကျောင်းသားမိဘများကရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ လာရောက်ကြိုဆိုကြကာ ထူးချွန်ကျောင်းသား၊ ကျောင်းသူများသည် အုပ်ချုပ်သူများ၊ သက်ဆိုင်ရာမိဘများနှင့်အတူ နေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဇူလိုင်လ ၂၂ ရက်တွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန၌ ၂၀၂၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်စွာအောင်မြင်ခဲ့သည့် ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုချီးမြှင့်ခဲ့ပြီး အဆိုပါကျောင်းသား၊ ကျောင်းသူများအနက် တက္ကသိုလ်ဝင်စာမေးပွဲဘာသာတွဲအလိုက် ရမှတ်အများဆုံးရရှိသူ ကျောင်းသား၊ ကျောင်းသူ ၃၀ ဦးကို ပြည်ပနိုင်ငံများသို့ လေ့လာရေးခရီးသွားရောက်ရန် စီစဉ်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသရှိ ရှေးဟောင်းအဆောက်အအုံများပြုပြင်ထိန်းသိမ်းမှု ဒုတိယဝန်ကြီး ဒေါ်နုမြဲ လှည့်လည်စစ်ဆေး

နေပြည်တော် ဩဂုတ် ၁၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန (ယဉ်ကျေးမှု) ဒုတိယဝန်ကြီး ဒေါ်နုမြဲ သည် ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်း ဒေသကြီး ပုဂံယဉ်ကျေးမှုအမွေအနှစ်ဒေသ ရှိ ရှေးဟောင်းအဆောက်အအုံများပြုပြင် ထိန်းသိမ်းခြင်း၊ ရှေးဟောင်းဘုရားများရှိ ချုံနွယ်ပိတ်ပေါင်းများကို ဧရိယာ ၁၁ ပိုင်း ပိုင်းခြား၍ ရှင်းလင်းဆောင်ရွက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ဒုတိယဝန်ကြီးသည် ရှေးဟောင်း အဆောက်အအုံအမှတ် (၁) ရွှေစည်းခုံဘုရား တွင် နိုင်ငံတော်အကြီးအကဲ လမ်းညွှန်ချက် အရ အကောင်အထည်ဖော်ဆောင်ရွက် လျက်ရှိသည့် ရွှေသင်္ကန်းကပ်လှူမှုအခြေ အနေ၊ ကျောက်သပိတ်များ သန့်စင်၍ ကြံ့ခိုင်မှုထိန်းသိမ်းခြင်း၊ ရှေးဟောင်း သဲကျောက်ကြမ်းခင်းများပေါ်လွင်စေရန် ဆောင်ရွက်ခြင်း၊ ကျန်စစ်သားမင်းအတ္ထုပ္ပတ္တိ ကျောက်စာတိုက် ဆေးပြန်သုတ်ခြင်း၊ ကြေးကူတိုက်လေးလုံး၏အပြင်ပတ်လည် တွင် စကျင်ကျောက်ခင်းခြင်း စသည့်ပြုပြင် ထိန်းသိမ်းမှုအခြေအနေတို့ကို ကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ရှေးဟောင်းအဆောက် အအုံအမှတ်(၂၃၅) သိကြားပုန်းဘုရားသို့ ရောက်ရှိပြီး ဘုရားလိုဏ်အတွင်းရှိ ရုပ်ပွား တော်မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ဘုရားချဉ်းကပ်လမ်း (ဂျင်းရောမြေ)ဖောက် လုပ်နိုင်ရေးစီမံဆောင်ရွက်ထားမှုနှင့် အိန္ဒိယ နိုင်ငံအစိုးရအကူအညီဖြင့် Archaeological Survey of INDIA (ASI) ပြုပြင်ထိန်းသိမ်းခဲ့ သည့်လုပ်ငန်းများကို လှည့်လည်စစ်ဆေး သည်။

ထို့နောက် ပုဂံမြို့ လောကနန္ဒာစာသင် တိုက်သို့သွားရောက်ပြီး လောကနန္ဒာ စာသင်တိုက်ဆရာတော် ဘဒ္ဒန္တ မေဃိယ အား ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထု ပစ္စည်းများ ဆက်ကပ်လှူဒါန်း၍ သာသနာ ရေးဆိုင်ရာများ လျှောက်ထားသည်။

ဆက်လက်၍ သဗ္ဗညုဘုရားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် ရှေးဟောင်း အဆောက်အအုံအမှတ် (၁၅၉၇)သဗ္ဗညု ဘုရားပြုပြင်ထိန်းသိမ်းခြင်းနှင့် တူးဖော် သုတေသနပြုခြင်းလုပ်ငန်းကို ကြည့်ရှု စစ်ဆေးသည်။

ယင်းနောက် လောကဥဿျှောင်ဘုရား တွင် သံပန်း၊ သံတံခါး၊ သံဆန်ခါ တပ်ဆင် ထားမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များမှာကြားသည်။

ထို့နောက် ရှေးဟောင်းအဆောက်အအုံ အမှတ် (၁၈၁၂) ထီးလိုမင်းလိုဘုရားတွင် နိုင်ငံတော်အကြီးအကဲလှူဒါန်းမှုဖြင့် ဆောင် ရွက်နေသော အာရုံခံအရပ်လေးမျက်နှာ နှင့် အပေါ်ထပ်ရှိ ဆင်းတုတော် ကိုးဆူ ရွှေသင်္ကန်းပြန်လည်ကပ်လှူဆောင်ရွက်မှု လုပ်ငန်းကိုကြည့်ရှုစစ်ဆေးပြီး ရုပ်ပွားတော် မြတ်ကြီးများကို ရေရှည်တည်တံ့နိုင်ရန် လိုအပ်သည့်အကာအရံများ၊ အသိပေး ဆိုင်းဘုတ်များ၊ ငှက်တိရစ္ဆာန်များ ဝင်ရောက်မှုမရှိစေရေး စီမံဆောင်ရွက်ရန် မှာကြားသည်။

ဆက်လက်၍ထီးလိုမင်းလိုဘုရားပရဝဏ် အတွင်း ရင်ပြင်တော်အုတ်ခုံနှင့် စေတီပတ် လျှောက်လမ်းအကြား သဲကျောက်ပြား လျှောက်လမ်းခင်းခြင်းနှင့် ဘုရားချဉ်းကပ် လမ်း (ဂျင်းရောမြေ) ဖောက်လုပ်နိုင်ရေးစီစဉ် ထားမှုတို့ကိုကြည့်ရှုစစ်ဆေး၍ ဘုရားဖူး အများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး မိုးရွာသွန်းမှုမများမီ လမ်း ပြုပြင်ပြီးစီးအောင်ဆောင်ရွက်နိုင်ရေး ဌာန အချင်းချင်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက် သွားရန်၊ ရေရှည်ကြံ့ခိုင်စေရေး စနစ်တကျ ဆောင်ရွက်သွားရန် မှာကြားကြောင်း သိရ သည်။ (၅၀၀)

# ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် သီလရှင်ဝတ်စုံများ လှူဒါန်းပွဲကျင်းပ

ပဲခူး ဩဂုတ် ၁၃

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှဦးဆောင်၍ ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းခြင်းနှင့် သီလရှင်ဝတ်စုံ များ လှူဒါန်းခြင်း မင်္ဂလာအခမ်းအနား ကျင်းပသည်။

ရှေးဦးစွာ ဝါဆိုသင်္ကန်း ဆက်ကပ် လှူဒါန်းခြင်း မင်္ဂလာအခမ်းအနားအား နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရား ကန်တော့၍ ဖွင့်လှစ်ပေးခဲ့ပြီး ပဲခူးတိုင်း ဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ဌာန ဆိုင်ရာများက ပဲခူးမြို့ မြို့မစာသင်တိုက် ပဓာနနာယက နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တ ဂန္ဓမာ မဟာထေရ်မြတ်ထံမှ ရှစ်ပါး သီလ ခံယူဆောက်တည်ခဲ့ကြကာ ဆရာ တော်၊ သံဃာတော်အရှင်မြတ်များက မေတ္တသုတ် ပရိတ် တရားတော် မြတ်ကို ရွတ်ပွားသရဇ္ဈာယ်ချီးမြှင့်တော်မူကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော် အရှင်သူမြတ်များနှင့် သီလရှင်ဆရာကြီး များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဝါဆိုသင်္ကန်းများ၊ စာသင်တိုက်အသီးသီးရှိသီလရှင်ဆရာကြီး များအတွက် သီလရှင်ဝတ်စုံ ၂၄၄ စုံနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခဲ့ ကြသည်။

ယင်းနောက် ပဲခူးမြို့ ကြခတ်ဝိုင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယက၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဥေယျဓမ္မာဘိဝံသ ဆရာတော်အရှင်သူမြတ်ထံမှ ဩဝါဒပရိသတ် အပေါင်းက အနုမောဒနာတရားနာယူပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှအတမ်းပေးဝေကာ ဗုဒ္ဓသာသန စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရ သည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# မြိတ်မြို့နယ်၌ မိုးစပါးစိုက်ဧကများ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး

မြိတ် ဩဂုတ် ၁၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ၌ ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးစိုက်ဧကများ ရာနှုန်းပြည့်စိုက်ပျိုး ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

မြိတ်မြို့နယ်ရှိ ဒေသခံတောင်သူများ သည် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် လယ်ယာမြေထွန်ယက်စိုက်ပျိုးခြင်းများ ကို ဇွန်လကတည်းက စတင်လုပ်ကိုင် ခဲ့ကြပြီး မိုးစပါးများစိုက်ပျိုးရာတွင် ဒေသ မျိုးကွဲများအပြင် အထွက်နှုန်းကောင်း သည့် မျိုးစပါးများကိုပါ ရွေးချယ်စိုက်ပျိုး ကြခြင်းဖြစ်သည်။

ထို့ပြင် ဘက်စုံအဆင့်မြင့်စိုက်ပျိုးရေး နည်းပညာသုံးစံပြကျေးရွာများ၌ မိုးစပါး စံပြစိုက်ကွက်များနှင့် မျိုးကောင်းမျိုးသန့် စိုက်ခင်းများကိုပါ တိုးချဲ့စိုက်ပျိုးကြပြီး များသောအားဖြင့် ဒေသရေမြေနှင့် ကိုက်ညီသော မျိုးစပါးများဖြစ်သည့် ဧည့်မထ၊ ထားဝယ်သူမ၊ ပေါ်ဆန်းမွှေး၊ လုံးသွယ်မွှေး၊ ဆင်းသုခ၊ မနောသုခ၊ ငါးရာ ကျော်၊ တောင်ပြန်၊ ပေါ်လခဲ၊ ရောရွှေ၊ ရွှေဝါထွန်း၊ ရတနာတိုး စသည့်စပါးမျိုးများ ကို စိုက်ပျိုးကြသည်။

တောင်သူများ မိုးစပါးများစိုက်ပျိုး ရာတွင် အထွက်နှုန်းကောင်းပြီး ဒေသ ဝမ်းစာဖူလုံမှုရှိစေရန်သာမက မိသားစု ဝင်ငွေတိုးပွားရေးအတွက် မိုးစပါးများ မစိုက်ပျိုးမီအချိန်ကပင် စိုက်ပျိုးရေး ဆိုင်ရာ အသိပညာပေးခြင်းများ၊ ရက်တို သင်တန်းပေးခြင်းများနှင့် ကွင်းသရုပ် ပြခြင်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း ဆောင်ရွက်ပေးလျက်ရှိသည်။

မြိတ်မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုး ရန် လယ်ယာဧက ၄၂၄၇၆ ဧကခန့်ရှိပြီး ဩဂုတ်လဆန်းပိုင်းက စိုက်ပျိုးခြင်းများ ဆောင်ရွက်ပြီးစီးခဲ့ကာ ကျန်ရှိသော လယ်ယာတချို့ကို ဆက်လက်စိုက်ပျိုး လျက်ရှိကြောင်း သိရသည်။ (၄၁၂)

# မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့်အနိုင်ရရှိ

ရန်ကုန် ဩဂုတ် ၁၃

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာ နေရှင်နယ်လိဂ်ကော်မတီက ကြီးမှူး ကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ် လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ်(၁၁)ပွဲစဉ်အဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင်ရန်ကုန်မြို့ ဗဟန်း အားကစားကွင်း၌ ရှမ်းယူနိုက်တက်ယူ- ၂၀ အသင်းနှင့် ရတနာပုံအက်ဖ်စီယူ-၂၀ အသင်းတို့ကစားခဲ့ရာ ရှမ်းယူနိုက်တက် အသင်းက ၂ ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိ ခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းက တိုက် စစ်ဆင်ဖိအားပေးကစားနိုင်ခဲ့ကာ ရတနာပုံ အက်ဖ်စီ ယူ-၂၀ အသင်း ခက်ခက်ခဲခဲ ထိန်းချုပ်ကစားခဲ့သော်လည်း ပွဲချိန် ၈ မိနစ်တွင် ကောင်းထက်နှင့် ပွဲချိန် ၂၇ မိနစ်တွင် ဟိန်းသန့်တို့က ရှမ်းယူနိုက်တက် ယူ-၂၀ အသင်းအတွက် ဦးဆောင်ဂိုးများ သွင်းယူနိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင် ချိန်တွင် ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်း၏ ချေပဂိုးများအတွက် ပြန်လည်ဖိအားပေးမှု များကြောင့် ပိုမိုအကြိတ်အနယ်ရှိခဲ့ပြီး နှစ်သင်းစလုံးဂိုးသွင်းခွင့်အခွင့်အရေးများ ရရှိခဲ့သော်လည်း နှစ်ဖက်အသင်းတိုက်စစ် ကစားသမားများ အဆုံးသတ်ပိုင်းမသေချာ မှုများကြောင့် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှမ်းယူနိုက် တက် ယူ-၂၀ အသင်းက ရတနာပုံအက်ဖ်စီ ယူ-၂၀ အသင်းကို ၂ ဂိုး ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သည်။

မြန်မာနေရှင်နယ်လိဂ် ယူ-၂၀ ပြိုင်ပွဲ ပွဲစဉ် (၁၁)ပွဲစဉ်များအဖြစ် ဩဂုတ်လ ၁၄ ရက် ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်း အားကစားကွင်း၌ ဒဂုံပေ့ါ ယူ-၂၀ အသင်းနှင့် Junior Lions အသင်း၊ ညနေ ၃ နာရီခွဲတွင် ဗဟန်းအားကစားကွင်း၌ ရောဂတီ ယူနိုက်တက် ယူ-၂၀ အသင်းနှင့် သစ္စာ အားမာန် ယူ-၂၀ အသင်းတို့ ဆက်လက် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

စည်သူအောင်

၁၃-၈-၂၀၂၄

## ထူးခြားသည့်နေ့အပူချိန်များ

| | | | | |
|---|---|---|---|---|
| ခန္တီး | ၃၇ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |
| မြစ်ကြီးနား | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| မချမ်းဘော | ၃၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မော်လိုက် | ၃၅ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| ကလေး | ၃၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| ကလေးဝ | ၃၅ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယက် |
| ရွှေဘို | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ရေဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIMCard၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြု စေခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရင်သွေးငယ်များ ဖြစ်ထိုးဉာဏ်ကောင်းမွန်ရေး မိခင်နို့ရည်တိုက်ကျွေးပေး

**''ကျန်းမာကြံ့ခိုင်သော ကလေးငယ်ဖြစ်ရန် သန္ဓေသားဘဝကတည်းကပင် ပြည့်စုံလုံလောက်သောအာဟာရဓာတ်များကို ရရှိနေရမည်ဖြစ်သကဲ့သို့ အသက်ခြောက်လပြည့်သည်အထိ အာဟာရဓာတ်ပြည့်ဝသောနို့ချိုကို တိုက်ကျွေးနိုင်မှသာ ကလေးငယ်သည် ကိုယ်ခံအားကောင်း၍ ရောဂါကင်းဝေးနေမည်ဖြစ်သည်။ မွေးပြီးတစ်ရက်အတွင်းအနည်းငယ်မျှလောက် ထွက်ရှိလာသော နို့ဦးရည်သည် အနည်းငယ်ပျစ်ပြီး ဝါကြင့်ကြင့်အရောင်ဖြစ်သည်။ ထိုနို့ဦးရည်သည် ကလေးငယ်၏အစာချေဖျက်မှုနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားမှုအတွက် လွန်စွာအရေးပါသည်။ မိခင်နို့ရည်တွင် ရင်သွေးငယ်များအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်၊ ပရိုတင်းနှင့် အဆီဓာတ်တို့ မျှတစွာပါဝင်သဖြင့် မွေးခါစကလေးများအတွက် မိခင်နို့ရည်သည်သာ အကောင်းဆုံးနှင့် တန်ဖိုးအရှိဆုံးအစာအာဟာရဖြစ်. . .''**

မကြာသေးမီက အမေရိကန်နိုင်ငံ Boston Children's Hospital (ဘော့စတွန်ကလေးဆေးရုံ) တွင် နို့တိုက်မိခင် ၁၃၁၂ ဦးအား သုတေသနပြုလေ့လာခဲ့ကြသည်။ ထိုဆန်းစစ်မှုတွင် အသက်သုံးနှစ်မှ ခုနစ်နှစ်အရွယ်ကလေးများကို ၎င်းတို့မွေးခါစ (ခြောက်လမှ တစ်နှစ်အထိ) မှာ မိခင်နို့ရည်တစ်မျိုးတည်းကိုသာ သောက်ခဲ့ဖူးသူ၊ မိခင်နို့ရည်နှင့်အတူ တခြားဖြည့်စွက်နို့ရည်တွဲသောက်ခဲ့ဖူးသူ၊ မိခင်နို့ရည်လုံးဝမသောက်ခဲ့ရဘဲ တခြားဖြည့်စွက်နို့ရည်များသာ သောက်ခဲ့ဖူးသူဟူ၍ အုပ်စုသုံးခုခွဲကာ လေ့လာဆန်းစစ်ခဲ့ခြင်းဖြစ်သည်။ ထိုဆန်းစစ်ချက်ထဲတွင် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း မိခင်ဖြစ်သူ၏ ငါးစားသုံးမှုပမာဏ အနည်းအများကိုပါ ထည့်သွင်းဆန်းစစ်ခဲ့ခြင်းဖြစ်သည်။

ကလေးများ၏ ဖြတ်ထိုးဉာဏ်ရည်စမ်းသပ်ပုံမှာ–

- အသက်သုံးနှစ်အရွယ်ကလေးများကို ခန္ဓာကိုယ်အစိတ်အပိုင်းဆိုင်ရာ ဉာဏ်စမ်းမေးခွန်းများ
- အသက်သုံးနှစ်နှင့် ခုနစ်နှစ်အောက်ကလေးများကို ၎င်းတို့မျက်စိရှေ့ ပတ်ဝန်းကျင်ရှိ မြင်တွေ့ရသော ဉာဏ်စမ်းမေးခွန်းများ
- အသက်ခုနစ်နှစ်အရွယ်ကလေးများကို ပတ်ဝန်းကျင်စူးစမ်းလေ့လာမှုဆိုင်ရာ အတွေးအခေါ် ရှုမြင်သုံးသပ်သည့် ဉာဏ်စမ်းပဟေဠိမေးခွန်းများ စသည်ဖြင့် အကဲဖြတ်အမှတ်ပေးခဲ့ကြသည်။

ထိုဆန်းစစ်ပွဲတွင် မွေးစမှ အသက်တစ်နှစ်အရွယ်အထိ မိခင်နို့တစ်မျိုးတည်းသာ သောက်ခဲ့သူများနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလအတွင်း ငါးများများစားသုံးခဲ့သောမိခင်မှမွေးဖွားလာသည့် ကလေးများမှာ ဖြတ်ထိုးဉာဏ်နှင့် မှတ်ဉာဏ်စွမ်းရည်များ သိသိသာသာတိုးတက်မှုရှိနေကြောင်း တွေ့ရသည်။ အကြောင်းရင်းမှာ မိခင်နို့ရည်ထဲတွင်ပါရှိသော Docosahexa-enoic Acid ခေါ် DHA အက်စစ်တစ်မျိုးက ကလေး၏သိမြင်နိုင်စွမ်းအားကို အဆင့်မြှင့်တင်ပေးခြင်းကြောင့်ဖြစ်သည်။ ထို့ပြင် ကိုယ်ဝန်ဆောင်စဉ်ကာလတွင် မာကျူရီပါဝင်မှုပမာဏနည်းပါးသည့် ငါးစားခြင်းကလည်း ထို DHA အက်စစ်တိုးပွားမှုကို ကောင်းစွာအထောက်အပံ့ဖြစ်စေကာ ဦးနှောက်စွမ်းရည်ကို ပိုမိုမြင့်မားလာစေနိုင်သည်။

ဘော့စတွန်ကလေးဆေးရုံ၏အဆိုကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်မြို့တော်ရှိ Seattle Children's Hospital မှ သုတေသီ Dr.Dimitri Christakis ကလည်း အပြည့်အဝထောက်ခံထားပြီး "နို့တိုက်မိခင်တွေနဲ့ ကိုယ်ဝန်ဆောင်မိခင်လောင်းအားလုံး မာကျူရီပါဝင်မှုနည်းတဲ့ ငါး ဥပမာ–ငါးကွမ်းရှပ်၊ ငါးခူ၊ တူနာငါး၊ ငါးသလောက်ယောက်ဖ၊ တီလားဗီးယား၊ ငါးသေတ္တာ၊ ပင်လယ်ခုံး၊ ရေဘဝဲတွေနဲ့ ပင်လယ်ငါးတွေကို တစ်ပတ်မှာ သုံးကြိမ်စားပေးပါ။ ကလေးမွေးပြီးရင်လည်း ကလေးနို့ပြတ်တဲ့အထိ အဲဒီငါးမျိုးတွေ ဆက်စားပေးပါ။ ဖြစ်နိုင်ရင် မိခင်နို့ရည်တစ်မျိုးတည်းသာတိုက်ပြီး ကလေးခြောက်လပြည့်တာနဲ့ နို့ဖြတ်တာမျိုး မလုပ်သင့်ပါဘူး။ အနည်းဆုံး ကလေးတစ်နှစ်သားအရွယ်ထိ နို့တိုက်ပေးကြပါ။ ဒီအလေ့အကျင့်က ကလေးရဲ့ဦးနှောက်စွမ်းရည်မြင့်မားရုံသာမက နောင်တစ်ချိန် သက်ကြီးပိုင်းအယ်လ်ဇိုင်းမားရောဂါတွေလည်း မဖြစ်စေနိုင်ပါဘူး" ဟု အကြံပြုနှိုးဆော်ထားသည်။ မိခင်နို့ရည် ကြာကြာတိုက်ကျွေးပေးလေ ကလေးဘဝတစ်သက်တာလုံးအတွက် မှတ်ဉာဏ်စွမ်းအားကောင်းလေဖြစ်သည်။

**မိခင်နို့ရည်အရေးပါပုံ**

ကျန်းမာကြံ့ခိုင်သော ကလေးငယ်ဖြစ်ရန် သန္ဓေသားဘဝကတည်းကပင် ပြည့်စုံလုံလောက်သော အာဟာရဓာတ်များ ရရှိနေရမည်ဖြစ်သကဲ့သို့ အသက်ခြောက်လပြည့်သည်အထိ အာဟာရဓာတ်ပြည့်ဝသောနို့ချိုကို တိုက်ကျွေးနိုင်မှသာ ကလေးငယ်သည် ကိုယ်ခံအားကောင်း၍ ရောဂါကင်းဝေးနေမည်ဖြစ်သည်။ မွေးပြီးတစ်ရက်အတွင်းအနည်းငယ်မျှလောက် ထွက်ရှိလာသော နို့ဦးရည်သည် အနည်းငယ်ပျစ်ပြီး ဝါကြင့်ကြင့်အရောင်ဖြစ်သည်။ ထိုနို့ဦးရည်သည် ကလေးငယ်၏အစာချေဖျက်မှုနှင့် ခန္ဓာကိုယ်ဖွံ့ဖြိုးကြီးထွားမှုအတွက် လွန်စွာအရေးပါသည်။ မိခင်နို့ရည်တွင် ရင်သွေးငယ်များအတွက် မရှိမဖြစ်လိုအပ်သော ဗီတာမင်၊ ပရိုတင်းနှင့် အဆီဓာတ်တို့ မျှတစွာပါဝင်သဖြင့် မွေးခါစကလေးများအတွက် မိခင်နို့ရည်သည်သာ အကောင်းဆုံးနှင့် တန်ဖိုးအရှိဆုံး အစာအာဟာရဖြစ်သည်။

ကလေးအသက်ခြောက်လအထိ မိခင်နို့ချိုရည်တစ်မျိုးတည်းကိုသာ တိုက်ကျွေးပေးခြင်းဖြင့် နို့ရည်ထဲတွင်ပါရှိသော သဘာဝပဋိဇီဝပစ္စည်းများကြောင့် ပြင်ပကူးစက်ဗိုင်းရပ်စ်ပိုးများ၊ ဗက်တီးရီးယားပိုးများကို ခုခံကာကွယ်နိုင်ပြီး ပန်းနာ၊ ရင်ကျပ်ခြင်းနှင့် ဓာတ်မတည့်မှုဖြစ်ခြင်းများ နည်းပါးသွားစေခြင်း၊ နားရောဂါ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါနှင့် ဝမ်းပျက်ဝမ်းလျှောခြင်းတို့လည်း မဖြစ်ပေါ်စေနိုင်ခြင်း၊ ကလေးတွင် ဉာဏ်ရည်မြင့်မားခြင်း၊ မိခင်နှင့်အမြဲထိတွေ့ဆက်ဆံနေရသဖြင့် နွေးထွေးလုံခြုံမှုကိုခံစားရခြင်း၊ ကိုယ်အလေးချိန်ကို ထိန်းညှိပေးနိုင်၍ ကလေးတွင် အဝလွန်ခြင်းနှင့် ဆီးချိုဖြစ်ခြင်းကို ထိန်းချုပ်ပေးနိုင်ခြင်း စသည့် အကျိုးကျေးဇူးများစွာ ရရှိစေနိုင်သည်။

**နို့တိုက်မိခင်အတွက် ကောင်းကျိုးရလဒ်**

ကလေးအား နို့ချိုတိုက်ကျွေးခြင်းဖြင့် နို့တိုက်မိခင်အတွက်ရရှိနိုင်မည့် အကျိုးကျေးဇူးများမှာ ခန္ဓာကိုယ်ရှိအဆီပိုများကို လောင်ကျွမ်းစေခြင်း၊ သားအိမ်ကို လျင်မြန်စွာကျက်စေ၊ ကျုံ့စေနိုင်ခြင်း၊ အလိုအလျောက်သားဆက်ခြားပြီးသားဖြစ်ခြင်း၊ ရင်သားကင်ဆာ၊ သားအိမ်ကင်ဆာ၊ အရိုးပါးအရိုးပွရောဂါဖြစ်ခြင်းမှ လျှော့ချပေးနိုင်ခြင်း စသည့်ကောင်းကျိုးများ ရရှိနိုင်သည်။

မိခင်နို့ရည်ကိုညှစ်ထုတ်၍ ရေခဲသေတ္တာထဲတွင် နှစ်ရက်တိတိသိုလှောင်သိမ်းဆည်းထားခြင်းက အာဟာရမပြယ်၊ အာနိသင်မပြယ်စေနိုင်သောကြောင့် ပြင်ပ၌အလုပ်လုပ်နေရသော နို့တိုက်မိခင်များအတွက် အဆင်ပြေသည်။ သို့သော် အေးခဲထားသောမိခင်နို့ရည်ကို အသုံးပြုမည်ဆိုပါက မူလအာဟာရတန်ဖိုးများ မဆုံးရှုံးရအောင် ပြန်လည် မီးအပူပေးနွေးခြင်းမပြုလုပ်သင့်ဘဲ အရည်ပျော်လာသည်အထိ အချိန်ပေးစောင့်ဆိုင်းပြီးမှ တိုက်ကျွေးပေးရမည်။

**ရောဂါရှိသော နို့တိုက်မိခင်**

အကယ်၍ မိခင်မှာ ခုခံအားကျဆင်းရောဂါ၊ အဆုတ်ရောဂါ၊ ရောဂါတစ်မျိုးမျိုးကြောင့် ပဋိဇီဝဆေးဝါးများ သုံးစွဲနေရလျှင်သော်လည်းကောင်း၊ ကင်ဆာရောဂါကြောင့် ဓာတုကုထုံး ခံယူနေရလျှင်သော်လည်းကောင်း၊ မူးယစ်ဆေးစွဲနေလျှင်သော်လည်းကောင်း၊ ကလေးငယ်မှာ ရှားပါးစွာဖြစ်တတ်သော မိခင်နို့ရည်နှင့်ဓာတ်မတည့်ရောဂါ ပါလာလျှင်သော်လည်းကောင်း ထိုထူးခြားဖြစ်စဉ်များအတွက် ဆရာဝန်နှင့်တိုင်ပင်ဆွေးနွေးပြီးမှသာ နို့ချိုတိုက်ကျွေးပေးရမည်ဖြစ်သည်။

**မိခင်နို့ချိုတိုက်ကျွေးခြင်း**

ကလေးငယ် လက်ကိုပါးစပ်ဖြင့်စုပ်ခြင်း၊ ငိုခြင်း၊ နို့စို့သကဲ့သို့ ပါးစပ်တပြင်ပြင်လုပ်ခြင်းက ကလေးငယ်နို့ဆာနေပြီဖြစ်ကြောင်း ဖော်ပြနေသော လက္ခဏာများဖြစ်သည်။ တစ်ရက်လျှင် အနည်းဆုံး ရှစ်ကြိမ်မှ ၁၂ ကြိမ်ခန့်အထိ စိတ်ရှည်ရှည်ဖြင့် နို့ချိုတိုက်ကျွေးရမည်ဖြစ်ပြီး မိခင်နို့ရည် တစ်ကြိမ်တိုက်ကျွေးပေးချိန်သည် အနည်းဆုံး ၁၀ မိနစ်မှ ၁၂ မိနစ်အထိ ကြာမြင့်ရမည်။ နို့တိုက်နေစဉ် ကလေးကို တယုတယကိုင်တွယ်ပွတ်သပ်ပေးသင့်သည်။ ထိုမှသာ ချစ်ခြင်းမေတ္တာကြောင့် နို့ရည်လိုက်ကာ နို့ထွက်အားကောင်းလာမည်ဖြစ်သည်။

နို့တိုက်နေစဉ် မိခင်၏ကိုယ်ဟန်အနေအထားနှင့် ကလေးကိုထွေးပွေ့ရမည့်ပုံသဏ္ဌာန်မှန်ကန်မှသာ မိခင်ရောကလေးပါ သက်သောင့်သက်သာအနေအထားဖြစ်စေမည်။ ခုတင် သို့မဟုတ် လက်တင်ပါသော ကုလားထိုင် သို့မဟုတ် လှုပ်ကုလားထိုင်ပေါ် မတ်မတ်ထိုင်ပါ။ ကလေးကို သက်သောင့်သက်သာရှိနေစေရန် မိခင်၏ကျောနောက်ဘက်၊ တံတောင်ဆစ်အောက်ဘက်ပိုင်းနှင့် ပေါင်ခွင်တို့တွင် ခေါင်းအုံးငယ်လေးများကို ခုခံထား၍ ထောက်ကူပေးပါ။ မတ်မတ်ထိုင်နိုင်ရန်အတွက် ခွေးခြေခုံနိမ့်ကို အသုံးပြုပါ သို့မဟုတ် ခေါင်းအုံးကို ဒူးအောက်တွင် ခုခံထားပေးပါ။

**နို့ချိုတိုက်ကျွေးနေစဉ် ကလေးကို ထွေးပွေ့ရမည့်အနေအထား**

ကလေးငယ်၏ ခန္ဓာကိုယ်တစ်ခုလုံးကို မိခင်ဘက်သို့ တစောင်းအနေအထားရှိစေရန် ကလေးခြေထောက်များကို မိခင်ဘက်သို့လှည့်ကာ ပွေ့ပိုက်ထားပေးပါ။ ကလေးငယ် သက်သောင့်သက်သာဖြစ်စေရန်နှင့် နို့သီးခေါင်းကို အားစိုက်၍ မစုပ်ယူရစေရန် မိခင်၏ ပေါင်ခွင်ပေါ်တွင် ကလေးကို ခေါင်းအုံးခု၍တင်ကာ ထွေးပွေ့ထားပေးပါ။

**နို့ချိုတိုက်ကျွေးရမည့်ပုံစံ**

- မိခင်၏လက်မနှင့် လက်ညှိုးကို အင်္ဂလိပ်အက္ခရာ U သို့မဟုတ် C ပုံသဏ္ဌာန်ကွေးညွတ်စေပြီး လက်မကို ရင်သား၏ အပေါ်ဘက်တွင်ကပ်ထားပေးပါ။
- ကျန် လက်ချောင်းများကိုလည်း အောက်ဘက်မှထား၍ နို့သီးခေါင်း၏နောက်မှ ဖြည်းညင်းစွာညှစ်ပြီး ကလေး၏ပါးစပ်ဝတွင် တေ့ကာ ကလေးနှင့် မိခင်နို့ကို တစ်တန်းတည်းအနေအထား နီးကပ်စွာရှိနေရမည်။
- ကလေးငယ်၏ပါးစပ်ကို ကျယ်ကျယ်ဟာစေရန်အတွက် ကလေး၏နှုတ်ခမ်းကို မိခင်နို့သီးခေါင်းဖြင့် ဖြည်းညင်းစွာ တို့ထိပေးရန် လိုအပ်သည်။
- ကလေးငယ်က နို့စို့နေရင်း တခြားတစ်ဖက်သို့ လှည့်သွားလျှင်ဖြစ်စေ၊ ပါးစပ်ထဲမှ နို့သီးခေါင်းလွတ်ထွက်သွားလျှင်ဖြစ်စေ ကလေးပါးကို ညင်သာစွာပွတ်သပ်လိုက်ပါက အလိုအလျောက်တုံ့ပြန်လာပြီး ဆက်လက်၍ နို့စို့လာမည်ဖြစ်သည်။
- မိခင်နို့သီးခေါင်းသည် ကလေးငယ်၏လျှာပေါ်တွင် ရှိနေစေရမည်။
- ကလေးငယ်၏ ပါးတစ်ဖက်ကို နို့နှင့် အလွန်နီးကပ်စေရန်အတွက် ဖိထားပေးရန်လိုသည်။
- အရေးကြီးဆုံးအချက်မှာ နို့တိုက်ကျွေးနေစဉ် ကလေးနှာခေါင်းကို မဖိမိစေရန် ကလေးငယ်ကို ပင့်မ ထားပေးရမည်။
- အထက်ပါနည်းအတိုင်း ကလေးငယ်ကို အနေအထားမှန်ကန်စွာ နို့တိုက်ကျွေးခြင်းက မိခင်ညောင်းညာခြင်းနှင့် တခြား မည်သည့်နာကျင်မှုမျိုးကိုမျှ ခံစားရမည်မဟုတ်ပေ။
- ကလေးနို့ဝသွားသောအခါ နို့စုပ်ယူနှုန်းပမာဏလျော့ကျသွားမည်ကိုမိခင်မှ အလိုအလျောက်နားလည်ခံစားရပါလိမ့်မည်။
- နို့ချိုတိုက်ကျွေးသောအခါ ကလေးငယ်စို့နိုင်သလောက်သာ တိုက်ကျွေးသင့်သည်။
- ကလေးငယ်ကို နို့ချိုတိုက်သည့်အခါ ရင်သားနှစ်ဖက်စလုံးကို ဘက်မျှအောင် တိုက်ကျွေးပေးရမည်။ ထိုမှသာ မိခင်မှာ နို့ကြောင်းပိတ်ခြင်း၊ နို့ရည်မလိုက်ခြင်းမဖြစ်တော့ဘဲ ရင်သားနှစ်ဖက်အရွယ်ညီစေမည်ဖြစ်သည်။

ပေါက်ပေါက်

# ကန့်ဘလူမြို့နယ်၌ ရောမင်းစပါးမျိုးစေ့ထုတ်စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် ဓာတ်မြေသြဇာပေးအပ်ပွဲကျင်းပ



ကန့်ဘလူ ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်း မျိုးစပါး မျိုးသန့်စပါးမျိုးများ ဖူလုံစေရေးနှင့် မျိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဒေသခံတောင်သူများ မျိုးစပါးနှင့် ပတ်သက်ပြီး လိုက်နာရမည့်အချက်များ ပျိုးသက်မှန်စိုက်ပျိုးရေးနှင့် တစ်ကေကောက်ကွက်ပြည့်မီရေးတို့အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ရောမင်းစပါးမျိုးစေ့ထုတ် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် ယူရီးယားဓာတ်မြေသြဇာပေးအပ်ပွဲကို ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် ကွင်းအမှတ် ဆင်သေကွင်း၊ ဦးပိုင်အမှတ်( ၄) တောင်သူဦးမျိုးနိုင်၏ နှစ်ကေစိုက်ကွင်း၌ကျင်းပသည်။

ကွင်းသရုပ်ပြပွဲတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးက ဒေသခံတောင်သူများအနေဖြင့် ဒေသရေမြေအခြေအနေပေါ်မူတည်၍ ယခုစိုက်ပျိုးရာသီတွင် ပျိုးသက်မှန်ကန်မှုရှိပြီး တစ်ကေစံသတ်မှတ်ချက်ပြည့်မီရေး၊ မျိုးကောင်းမျိုးသန့်များကို နည်းစနစ်မှန်ကန်စွာစိုက်ပျိုးကြရန်၊ မိုးစပါးပန်းတိုင်အထွက်နှုန်းရရှိရန်၊ မျိုးသန့်စပါးဖူလုံစေရန်၊ အထွက်နှုန်းကောင်းမွန်ပြီး တောင်သူများ၏ လူမှုစီးပွားဘဝများလည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးဇော်က မိုးစပါးရောမင်းမျိုးစေ့ထုတ်စိုက်ပျိုးပြသခြင်း နည်းပညာပေးကွင်းသရုပ်ပြပွဲနှင့် ယူရီးယားဓာတ်မြေသြဇာပေးအပ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက တက်ရောက်လာသော တောင်သူများအား ယူရီးယားဓာတ်မြေသြဇာများ ပေးအပ်ကြသည်။

ထို့နောက် ကွင်းသရုပ်ပြပွဲကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစောထွန်းဦးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းထက်နိုင်မြင့်နှင့်အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးများနှင့်ဝန်ထမ်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများ ကြည့်ရှုအားပေးကြသည်။

ကန့်ဘလူမြို့နယ်တွင်ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါး ၁၄၂၅၅၈ ဧက စိုက်ပျိုးရန် လျာထားပြီး လက်ရှိတွင် ဧက ၁၀၇၁၀ စိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန် ဆန်များထောက်ပံ့ပေးအပ်

ညောင်ဦး ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံမြို့ဟောင်းကိုးလုံးရပ်ကွက်ရှိဝင်ငွေနည်းအိမ်ထောင်စုများအတွက် စားသောက်ရေးအဆင်ပြေစေရန်ရည်ရွယ်၍ ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့က ဆန်များသွားရောက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ထိုသို့ထောက်ပံ့ရာတွင် ရန်ကုန်မြို့ ဝေမျှခြင်းပရဟိတအဖွဲ့မှ အဖွဲ့ဝင် ဦးဝင်းမင်းထွန်း ဦးဆောင်သော ပရဟိတအသင်းသား၊ အသင်းသူများက ပုဂံမြို့ဟောင်း ကိုးလုံးရပ်ကွက်ရှိ ဝင်ငွေနည်းအိမ်ထောင်စု ၄၀ အား အိမ်ထောင်စုတစ်စုလျှင် ဆန်တစ်ပြည်စီ စနစ်တကျထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဘိုကလေးမြို့နယ် အခြေခံပညာကျောင်းများ၌ တိုင်းရင်းဆေးဖြင့် ဆေးကုသခြင်းဆောင်ရွက်

ဘိုကလေး ဩဂုတ် ၁၃

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးကုဌာနမှ ဩဂုတ်လ ၁၃ ရက်တွင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား တိုင်းရင်းဆေးဖြင့် ဆေးကုသခြင်းလုပ်ငန်းဆောင်ရွက်သည်။

ထိုသို့ဆေးကုသရာတွင် မြို့နယ်တိုင်းရင်းဆေးကုဌာနဦးစီးမှူး ဒေါ်ထက်ထက်လင်းက ကုသဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအား ပန်းနာရင်ကျပ်ရောဂါများ၊ လေထိုးလေအောင့်ရောဂါများ၊ သွေးတိုး၊ နှလုံး၊ ဆီးချိုရောဂါများအပါအဝင် အထွေထွေရောဂါများအား အခမဲ့ကုသဆောင်ရွက်ပေးခြင်းဖြစ်ပြီး ဆေးဝါးကုသမှုအပြီးတွင် ကျောင်းသား၊ ကျောင်းသူများအား ဝမ်းပျက်ဝမ်းလျှောရောဂါများအကြောင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းမှုဆိုင်ရာများအား အသိပညာပေးဟောပြောကြောင်း သိရသည်။

မိုးစက်(ဘိုကလေး)



# ဘာသာရပ်ပေါင်းစုံ သုတေသနပြပွဲနှင့်ပြိုင်ပွဲကျင်းပ

မိတ္ထီလာ ဩဂုတ် ၁၃

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာတက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်ဘာသာရပ်ပေါင်းစုံသုတေသနပြပွဲနှင့်ပြိုင်ပွဲ အခမ်းအနားကို ဩဂုတ်လ ၁၃ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် ပါမောက္ခချုပ်ဒေါက်တာဘဟန်က အမှာစကားပြောကြားပြီး ပြပွဲနှင့်ပြိုင်ပွဲကိုကျင်းပရာ ဘူမိဗေဒဌာန၊ သတ္တဗေဒဌာန၊ ရုက္ခဗေဒဌာန၊ ရူပဗေဒဌာန၊ သင်္ချာဌာန၊ ဓာတုဗေဒဌာန၊ ဒဿနိကဗေဒဌာန၊ အင်္ဂလိပ်စာဌာန၊ သမိုင်းဌာန၊ ပထဝီဝင်ဌာန၊ စီးပွားရေးပညာဌာန၊ ဥပဒေပညာဌာန၊ အရှေ့ပိုင်းပညာဌာနနှင့် မြန်မာစာဌာနတို့မှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၏ ဘာသာရပ်ဆိုင်ရာပြိုင်ပွဲဝင်ပြခန်းများကို ပါမောက္ခချုပ်ဒေါက်တာဘဟန်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး၊ ဒုတိယပါမောက္ခချုပ်များနှင့် ဆရာ၊ ဆရာမများက လိုက်လံကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုပေးပွဲကျင်းပရာ သုတေသနပြပွဲနှင့်ပြိုင်ပွဲတွင် ဆုရရှိကြသည့် ဘာသာရပ်ဆိုင်ရာပြခန်းအဖွဲ့များအား ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများပေးအပ်ကြောင်း သိရသည်။

(ဖဝ၂)

# ငါသည်စစ်သားဖြစ်သောကြောင့်

- စစ်မြေခရီး၊ ဤစစ်မီးသည်
  ကြီး၍ကျယ်ပြန့်၊ မည်သို့နှံ့စေ
  ရပ်တန့်စေရွယ်၊ အန္တရာယ်ကို
  ပြည်ဝယ်မကျ၊ ကာကွယ်ပြ၍
  သားလှစစ်သည်၊ အဓိဋ္ဌာန်ရည်၏
  ငါသည်စစ်သား ဖြစ်သောကြောင့်။
- စစ်မြေရှေ့တန်း၊ မည်သို့ပန်းစေ
  ကြမ်းတမ်းနေလည်း၊ စွန့်စားရဲရင့်
  နွဲ့အသင့်ဖြင့်၊ အောင်ပန်းဆင့်ကာ
  မြင့်မားအတွေး၊ ဆင့်ပွားမွေး၍
  ပြည့်ရေးဝန်တာ၊ ကျေပွန်ပါ၏
  ငါသည်စစ်သား ဖြစ်သောကြောင့်။
- စစ်မြေစခန်း၊ စစ်ချီလှမ်း၏
  ပြည်ပန်းသာယာ၊ အေးချမ်းပါဟု
  ရွယ်ကာ တိုက်ထုတ်၊ ရန်အငုတ်ကို
  မြစ်ဖြုတ်ကာရှင်း၊ တိုင်းပြည်လင်းဖို့
  ဆောင်ကြဉ်းဖို့သာ၊ ရည်မှန်းပါ၏
  ငါသည်စစ်သား ဖြစ်သောကြောင့်။
- သြော် ....
  ငါသည်စစ်သား၊ ရဲစွန့်စား၏
  ငါ့သား ငါ့သွေး၊ ငါ့အရေးကို
  အဝေးလွှင့်ဖယ်၊ သွေးဖြင့်ခြယ်၏
  ပြည်ဝယ်သို့မှန်း၊ ရွှေရောင်လွှမ်းဖို့
  ဖြည့်စွမ်းထမ်းရွက်၊ ယုံကြည်ချက်က
  အသက်ခန္ဓာ၊ နှင်းအပ်ပါမည်
  ငါသည် ငါ့တိုင်း၊ ငါ့သမိုင်းကို
  အနိုင်းမဲ့ကင်း၊ ရေးထိုးခြင်းဖြင့်
  စစ်ခင်းလာသူ၊ နယ်ချဲ့သူနှင့်
  ရန်မူအမှိုက်၊ ထိုလူမိုက်ကို
  တိုက်ခိုက်နှိမ်ပြီ ဖယ်ရှားမည်။
  ဇာတ်လိုက်စစ်သည် အာဇာနည်။
  သားကောင်းဇာနည် မြန်မာပြည်။ ။

အောင်နိုင်သူ(ဖွဲ့ကပင်)

# "နိုင်ငံတော်အစိုးရအနေနဲ့ ထူးချွန်ကျောင်းသားတွေကို ပြည်ပခရီးစဉ်လေ့လာရေးခရီးတွေ အခမဲ့ပို့ဆောင်ပေးနေတဲ့အတွက် ၂၀၂၄-၂၀၂၅ Grade-12 ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အခုလိုပဲ ထူးချွန်တဲ့ကလေးတွေဖြစ်အောင် ကြိုးစားကြပါ"

**ဒေါက်တာကျော်ဆန်းဝင်း**

၂၀၂၃-၂၀၂၄ တက္ကသိုလ်ဝင်စာမေးပွဲတွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများနှင့် အုပ်ချုပ်သူများသည် နိုင်ငံတော်အစီအစဉ်ဖြင့် ပြည်ပလေ့လာရေးခရီးစဉ်တစ်ခုအဖြစ် ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့ရှိ အထင်ကရနေရာများသို့ သွားရောက်လေ့လာခဲ့ကြရာ ကျောင်းသား၊ ကျောင်းသူများ၏ ဝမ်းသာပျော်ရွှင်ဖွယ်ရာ စကားသံများကို စုစည်းဖော်ပြလိုက်ပါသည်။

**ဒေါက်တာကျော်ဆန်းဝင်း**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်**
**ပညာရေးဝန်ကြီးဌာန**
**အဆင့်မြင့်ပညာဦးစီးဌာန)**




အခု ခရီးစဉ်မှာ ကျွန်တော်တို့ ဆရာဝန်ကြီးတစ်ဦးအပါအဝင် အုပ်ချုပ်သူစုစုပေါင်း ၁၀ ဦးဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေကတော့ ဘာသာရပ်အလိုက် ထူးချွန် Top Ten ဝင် ၃၀ ဖြစ်ပါတယ်။ ဒီလိုခရီးစဉ်မျိုးတွေပို့ပေးတာ အများကြီးဂုဏ်ယူပါတယ်၊ ဝမ်းလည်းသာပါတယ်။ ကလေးတွေအတွက် ပိုဂုဏ်ယူတာပေါ့။ တချို့ဆိုရင် ဘဝမှာ တစ်ခါမှ မစဉ်းစားဖူးတဲ့နေရာတွေ ရောက်ရတယ်။ တည်းရခိုရတယ်။ စားရသောက်ရတယ်၊ ဘာပဲဖြစ်ဖြစ် သူတို့လုပ်ချင်ကိုင်ချင်စိတ်တွေရှိလာတာပေါ့။ ကျွန်တော်ကလည်း ဒီလိုခရီးစဉ်တွေကို အမြဲတမ်းနှစ်စဉ်ဖြစ်စေချင်ပါတယ်။ တခြားနိုင်ငံက လူတွေ ဘာတွေလုပ်နေတယ်၊ ဘာတွေလုပ်ထားလဲဆိုတာမြင်တဲ့အတွက်ကြောင့် ငါတို့ ဘာကြိုးစားရမလဲ၊ ငါတို့ဘက်က ဘာတွေလိုသေးလဲ၊ ငါတို့ဘက်က ဘာတွေအားသာလဲ နှိုင်းယှဉ်ကြည့်လို့ရတယ်။ တက္ကသိုလ်တွေလည်းသွားလည်တဲ့အတွက်ကြောင့် တခြားတက္ကသိုလ်က ကျောင်းသား၊ ကျောင်းသူတွေ သူတို့လိုမျိုး မြန်မာကျောင်းသား၊ ကျောင်းသူတွေကိုလည်း တွေ့ခဲ့တဲ့အတွက် သူတို့အားကျမှုရှိတယ်။ အခုလို နိုင်ငံတော်အစိုးရအနေနဲ့ ထူးချွန်ကျောင်းသားတွေကို ပြည်ပခရီးစဉ်လေ့လာရေးခရီးတွေ အခမဲ့ပို့ဆောင်ပေးနေတဲ့အတွက် ၂၀၂၄-၂၀၂၅ Grade-12 ဖြေဆိုမယ့် ကျောင်းသား၊ ကျောင်းသူတွေအနေနဲ့ အခုလိုပဲ ထူးချွန်တဲ့ကလေးတွေဖြစ်အောင် ကြိုးစားကြပါလို့ တိုက်တွန်းပြောကြားလိုပါတယ်။

**မမြတ်သီရိကျော် (အထက(၂)လသာ)**




၂၀၂၃-၂၀၂၄ ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲမှာ ဓာတုဗေဒဘာသာဂုဏ်ထူးနဲ့ မြန်မာတစ်နိုင်ငံလုံး အဆင့် ၆၊ ရန်ကုန်တိုင်းဒေသကြီးမှာ Top 5၊ ကျွန်မရဲ့ အမှတ်ပေါင်းကတော့ ၅၄၉ မှတ်ဖြစ်ပါတယ်။ နိုင်ငံတော်ကပို့တဲ့ ခရီးစဉ် ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတို့မှာ လည်ပတ်ခွင့်ရတဲ့အတွက် မတူညီတဲ့အတွေ့အကြုံတွေ၊ နိုင်ငံနှစ်နိုင်ငံအကြားက ကွာခြားမှုတွေ ဗဟုသုတများစွာကို တွေ့ကြုံခံစားခွင့်ရရှိခဲ့ပါတယ်။ ပြည်ပကို ခရီးထွက်တဲ့အခါမှာ လေဆိပ်မှာဘယ်လိုမျိုး ရှောင်ရန်ဆောင်ရန်တွေ၊ ဘယ်လိုပြင်ဆင်သင့်တယ်ဆိုတာတွေကို သင်ကြားပေးခဲ့ပါတယ်။ အခုလိုမျိုးသွားခွင့်ရတဲ့အတွက်ကြောင့် အတိုင်းမသိလည်း ဂုဏ်ယူမိသလို သွားရောက်ခွင့်ရဖို့ အခွင့်အရေးကိုပေးခဲ့တဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးအထူးတင်ရှိပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် Grade-12 ဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်များလည်း အမှတ်ဆိုတာ ကိုယ်ကြိုးစားရင်ကြိုးစားသလောက်ရနိုင်ပါတယ်။ အခု ကိုယ်ကြိုးစားသလောက် Top 10 တွေ ဝင်ခဲ့ကြတယ်။ အဲဒီအတွက်ကြောင့်လည်း နိုင်ငံတော်အစိုးရက ထိုက်တန်တဲ့ ဆုကြေးငွေတွေရော၊ ထိုက်တန်တဲ့ဆုတွေရော ပေးအပ်ခဲ့တယ်။ အခု Top 10 ဝင်တဲ့ ဝိဇ္ဇာ၊ သိပ္ပံ၊ ဝိပ္ပံ အတွဲ သုံးတွဲက ထူးချွန်ကျောင်းသားအယောက် ၃၀ ကိုလည်း ပြည်တွင်း ပြည်ပခရီးစဉ်တွေ လည်ပတ်ခွင့်ပေးခဲ့တယ်။ အခုလို အခွင့်အရေးမျိုးကို ရယူချင်တယ်ဆိုရင် ဆက်လက်ကြိုးစားကြပါ၊ လက်မလျှော့ပါနဲ့လို့ ပြောချင်ပါတယ်။

**မောင်အောင်ကိုမင်း**
**(ကချင်ပြည်နယ်၊ ဗန်းမော်မြို့**
**အထက(၅))**

ကျွန်တော်ကတော့ မောင်အောင်ကိုမင်း ဖြစ်ပါတယ်။ ကချင်ပြည်နယ် ဗန်းမော်မြို့ အထက(၅)က ဝိပ္ပံတွဲ မြန်မာတစ်နိုင်ငံလုံး အဆင့် ၆၊ အမှတ်ပေါင်းကတော့ ၅၁၅ မှတ် ဖြစ်ပါတယ်။ အခုလိုခရီးစဉ်က ကျွန်တော့်ရဲ့ ဘဝအတွက် တန်ဖိုးဖြတ်မရတဲ့ခရီးစဉ် ဖြစ်ပါတယ်။ ထိုင်းနိုင်ငံနဲ့ စင်ကာပူနိုင်ငံတွေ ဘယ်လိုမျိုးတိုးတက်နေပြီ၊ ကျွန်တော်တို့နိုင်ငံနဲ့ ဘယ်လိုကွာခြားနေတယ်ဆိုတာ ကျွန်တော်တို့ မျက်မြင်ကိုယ်တွေ့ကြုံခဲ့ရပါတယ်။ ကျွန်တော်တို့ နိုင်ငံကိုလည်း ပိုပြီးတိုးတက်စေချင်စိတ်တွေ ဖြစ်ပေါ်လာပါတယ်။ ကျွန်တော်တို့ ထိုင်းနိုင်ငံမှာရှိတဲ့ တက္ကသိုလ်တစ်ခုနဲ့ စင်ကာပူနိုင်ငံ တက္ကသိုလ်တို့မှာ လေ့လာခွင့်ရတဲ့အတွက် နောက်ထပ်လျှောက်လှမ်းရမယ့်ပညာရေးခရီးလမ်းအတွက် အများကြီးအထောက်အကူပြုပါတယ်။ ၂၀၂၄-၂၀၂၅ ခုနှစ် Grade-12 ဖြေဆိုကြမယ့် ညီငယ်၊ ညီမငယ်များလည်း Grade-12 ဆိုတာ သိပ်ခက်ခဲတဲ့အရာမဟုတ်ပါဘူး။ ကိုယ်ကြိုးစားရင်ကြိုးစားသလောက်ရနိုင်တာမို့ သေသေချာချာကြိုးစားပြင်ဆင်ပြီး အခုလို အောင်မြင်မှုတွေရနိုင်ပါစေလို့ ဆုတောင်းပေးပါတယ်။ အခုလိုပို့ဆောင်ပေးတဲ့အတွက် နိုင်ငံတော်က တာဝန်ရှိပုဂ္ဂိုလ်များအားလုံးကို အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။




**မသက်မြတ်စံ (မန္တလေးတိုင်းဒေသကြီး)**




ကျွန်မနာမည်ကတော့ မသက်မြတ်စံပါ။ မြန်မာတစ်နိုင်ငံလုံး အဆင့် ၅ ရရှိခဲ့လို့ ဒီခရီးစဉ်မှာ ပါဝင်ခဲ့ပါတယ်။ ဒီခရီးစဉ်မှာ ဗဟုသုတအများကြီးရပါတယ်။ သူများနိုင်ငံတွေမှာ ဘယ်လိုတိုးတက်နေပြီလဲ၊ ဘာတွေအတုယူရမလဲ အများကြီးသင်ယူရရှိပါတယ်။ အခု ကျွန်မတို့ ထူးချွန်စွာအောင်မြင်ခဲ့တဲ့ ကျောင်းသား၊ ကျောင်းသူ ၃၀ ကို ဗဟုသုတအများကြီးရအောင် အခုလို နိုင်ငံခြားခရီးစဉ် ပို့ဆောင်ပေးတဲ့အတွက် နိုင်ငံတော်ကို ကျေးဇူးတင်ပါတယ်။

**မဝင်းလဲ့တွယ်တာ**
**(စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူခရိုင်**
**အထက(ကျွန်းလှ))**




ကျွန်မကတော့ မဝင်းလဲ့တွယ်တာ ဖြစ်ပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် အထက(ကျွန်းလှ)ကနေ ဝိဇ္ဇာဘာသာတွဲ မြန်မာတစ်နိုင်ငံလုံး အဆင့် ၁ ရရှိသူဖြစ်ပါတယ်။ အခု ပြည်ပအတွေ့အကြုံကတော့ ပထမဦးဆုံးဖြစ်ပါတယ်။ ပြည်ပကိုသွားခဲ့ရတဲ့အတွက်လည်း အတွေ့အကြုံအများကြီးရရှိပါတယ်ရှင့်။ ဒေသန္တရဗဟုသုတတွေလည်း ရရှိခဲ့ပါတယ်ရှင့်။ မြန်မာတစ်နိုင်ငံလုံး အဆင့် ၁ ရရှိဖို့ဆိုရင်တော့ တစ်နှစ်ပတ်လုံး တစိုက်မတ်မတ် အာရုံစူးစိုက်ပြီးတော့ ဖွဲလည်း လုံးဝမလျှော့ပါနဲ့။ ကိုယ်ရည်မှန်းထားတဲ့ပန်းတိုင်ကိုရအောင် ကြိုးစားသွားမယ်ဆိုရင်တော့ ရရှိနိုင်မှာဖြစ်ပါတယ်။ အခုလိုမျိုး သမီးတို့ကို ပြည်ပနိုင်ငံတွေကို လေ့လာရေးခရီးစဉ်သွားရောက်ဖို့အတွက် ဆောင်ရွက်ပေးတဲ့ နိုင်ငံတော်အကြီးအကဲအားလုံးကို ဒီကနေ ကျေးဇူးတင်ရှိပါတယ်လို့ ပြောချင်ပါတယ်။ ။

**တွေ့ဆုံမေးမြန်း-ကျော်ကြီး**
**ဓာတ်ပုံ-မောင်သီ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၅၀ | ၂၈၃၀ | ၂၈၀၅ | ၂၇၆၀ | ၂၈၃၀ | ၂၈၄၅ | ၂၈၅၅ | ၂၈၁၀ | ၂၉၃၅ | ၂၉၆၅ | ၂၈၂၀ | ၂၈၃၅ | ၂၈၆၅ | ၂၈၅၅ | ၂၈၇၀ | ၃၂၇၀ | ၄၅၅၀ |
| 95 Ron | ၂၈၉၀ | ၂၉၇၀ | ၂၉၄၅ | ၂၉၀၀ | ၂၉၇၀ | ၂၉၈၅ | ၂၉၉၅ | ၂၉၅၀ | ၃၀၇၅ | ၃၁၀၅ | ၂၉၆၀ | ၂၉၇၅ | ၃၀၀၅ | ၂၉၉၅ | ၃၀၁၀ | ၃၄၁၀ | ၄၆၅၀ |
| HSD (500 ppm) | ၂၄၅၀ | ၂၅၃၀ | ၂၅၁၀ | ၂၄၆၀ | ၂၅၃၅ | ၂၅၄၅ | ၂၅၆၀ | ၂၅၁၅ | ၂၆၄၀ | ၂၆၇၀ | ၂၅၂၀ | ၂၅၃၅ | ၂၅၇၀ | ၂၅၅၅ | ၂၅၇၀ | ၂၉၇၅ | ၄၅၅၀ |
| HSD (50 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |
| HSD (10 ppm) | ၂၉၄၅ | ၃၀၂၅ | ၃၀၀၀ | ၂၉၅၅ | ၃၀၂၅ | ၃၀၄၀ | ၃၀၅၀ | ၃၀၀၅ | ၃၁၃၅ | ၃၁၆၅ | ၃၀၁၅ | ၃၀၃၀ | ၃၀၆၅ | ၃၀၅၀ | ၃၀၆၅ | ၃၄၆၅ | ၄၅၅၀ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၀၀ | ၂၆၈၆ |
| 95 Ron | ၂၇၃၆ | ၂၈၂၄ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၇၉၀ | ၂၈၇၅ |
| HSD (10 ppm) | ၂၇၉၀ | ၂၈၇၅ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း**
**လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားကျင်းပ








နေပြည်တော် ဩဂုတ် ၁၃

**“လူငယ်ကဏ္ဍမြှင့်တင်ဆောင်ရွက်လို့ ပိုမိုကောင်းမွန်တဲ့ လူ့အဖွဲ့အစည်းကို ဖန်တီးစို့”** ဆောင်ပုဒ်ဖြင့် ၂၀၂၄ ခုနှစ် လူငယ်ဖိုရမ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားရုံ(C) ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမောင်မောင်အုန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာမျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်းဇံနှင့် ဒေါက်တာစိုးဝင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအစိုးရအဖွဲ့မှလူမှုရေးဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ အလှူရှင်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ကောင်စီ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးများမှ လူငယ်ကိုယ်စားလှယ်များ၊ ရေကြောင်းနှင့်လေကြောင်းလူငယ်များ၊ ကြက်ခြေနီနှင့်ကင်းထောက်လူငယ်များ၊ စေတနာ့ဝန်ထမ်းလူငယ်များ၊ နေပြည်တော်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများ၊ အခြေခံပညာကျောင်းများမှကျောင်းသား၊ ကျောင်းသူများ၊ မိတ်ဖက်အဖွဲ့အစည်းများမှ လူငယ်များနှင့် နယ်ပယ်ပေါင်းစုံမှ လူငယ်များ တက်ရောက်ကြသည်။




ဦးစွာ ပြည်ထောင်စုဝန်ကြီးများက အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက လူငယ်ဖိုရမ်ကျင်းပရသည့် ရည်ရွယ်ချက်မှာ **“လူငယ်စွမ်းအားပြည့်အင်အားဖြင့် ရှေ့သို့လှမ်းချီ မြန်မာပြည်”** ဆိုသည့်မျှော်မှန်းချက်ဖြစ်ကြောင်း။

လူငယ်ကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် အကြံပြုချက်များကို Agenda 2030 အလွန် ၂၀၄၀ ပြည့်နှစ်အထိ မြော်တွေးကာ ဆွေးနွေးဖော်ထုတ်သွားမည်ဖြစ်သည့်အတွက် Panel session သုံးခုအပေါ်အခြေပြု ညှိနှိုင်းအဖြေရှာ၍ ရေရှည်ရေတိုလုပ်ငန်းအစီအမံများ ချမှတ်နိုင်အောင် သက်ဆိုင်ရာကဏ္ဍများအလိုက် တက်တက်ကြွကြွ စိတ်ပါဝင်စားစွာ ဝိုင်းဝန်းဆွေးနွေးကြကာ သက်ရှည်စုံညီပါဝင်သည့် လူမှုစီးပွားဘဝသာယာဖွံ့ဖြိုးတိုးတက်ပြီး သဟဇာတဖြစ်သည့် အနာဂတ်လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပုံဖော်နိုင်ပါစေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသူများကို ဂုဏ်ပြုဆုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနား၊ လူငယ်ဖိုရမ်၊ လူငယ်လေ့လာရေးခရီးစဉ်နှင့် လူမှုအကျိုးပြုလုပ်ငန်းများအတွက် အလှူငွေလှူဒါန်းခဲ့ကြသည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် **“ရောင်စုံဥယျာဉ်”** တေးသီချင်းဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်လူငယ်ကိုယ်စားလှယ်အဖွဲ့က “ မမေ့နိုင်တဲ့မြေ” တေးသီချင်းနှင့်တွဲဖက်၍ ရိုးရာအကဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် လူငယ်ဖိုရမ်ကို ဆက်လက်ကျင်းပသည်။ **(လူငယ်ဖိုရမ်တွင်ကဏ္ဍအလိုက် ဆွေးနွေးမှုများကို စာမျက်နှာ(၁၂)တွင် သီးခြားဖော်ပြထားပါသည်။)**

ကဏ္ဍအလိုက်ဆွေးနွေးမှုများအပြီးတွင် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က လူငယ်ဖိုရမ်သို့တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များနှင့် စေတနာ့ဝန်ထမ်းလူငယ်များကိုယ်စား လူငယ်ကိုယ်စားလှယ်တစ်ဦးကို ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ လူငယ်ဖိုရမ်ကို ရုပ်သိမ်းလိုက်သည်။

လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့်လူငယ်များ အသိပညာဗဟုသုတများတိုးပွားကာ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်အတွက် ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် လူငယ်ဆိုင်ရာ သတင်းအချက်အလက်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၏ ထုတ်ကုန်များနှင့် အထိမ်းအမှတ်ပစ္စည်းများ ခင်းကျင်းပြသခြင်း၊ လူငယ်ဖွံ့ဖြိုးတိုးတက်ရေးလှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံများပြသခြင်း၊ စစ်တမ်းများကောက်ယူခြင်း၊ ဉာဏ်စမ်းမေးခွန်းများမေးမြန်းခြင်း၊ ဆုလက်ဆောင်များပေးအပ်ခြင်းနှင့် စုပေါင်းဂိမ်းကစားခြင်း စသည့်အစီအစဉ်များကိုလည်း ထည့်သွင်းကျင်းပခဲ့သည်။

လူငယ်ဖိုရမ်မှ သက်ဆိုင်ရာခေါင်းစဉ်အလိုက်ဆွေးနွေး၍ ထွက်ပေါ်လာသည့် ရလဒ်များ၊ အကြံပြုချက်များကိုစုစည်းကာ လူငယ်များဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာ၊ လုပ်ငန်းစီမံချက်များတွင် ထည့်သွင်းရေးဆွဲဆောင်ရွက်နိုင်ရေး မူဝါဒဆိုင်ရာ အကြံပြုချက်များအဖြစ် မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

# လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက်ဆွေးနွေး













**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ(C) ၌ ကျင်းပသည့် လူငယ်ဖိုရမ်တွင် ကဏ္ဍအလိုက် ဆွေးနွေးမှုများ ပြုလုပ်ကြသည်။

ရှေးဦးစွာ Digital Transformation and Innovation ဗီဒီယိုကိုပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မော်တော်ယာဉ် နည်းပညာသုတေသနဌာနမှ သုတေသနအရာရှိ ဒေါက်တာစိုးထက်ဝေ၊ ATOM Myanmar မှ Senior Vice Present ကိုလွင်ထူးကို၊ သတင်းအချက်အလက်နည်းပညာနှင့်ဆိုက်ဘာလုံခြုံရေးဦးစီးဌာနမှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာမေဖူးဝေနှင့် နိုင်ငံတကာခေါင်းဆောင်မှုတက္ကသိုလ်မှ IT Specialist ကိုဥက္ကာမောင်တို့က **"ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းခြင်းနှင့် ပြောင်းလဲဆန်းစစ်ခြင်းကဏ္ဍ"** ခေါင်းစဉ်ဖြင့် မျက်မှောက်ခေတ်တွင် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့်ဆန်းသစ်တီထွင်မှုများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး စသည့်နယ်ပယ်ကဏ္ဍစုံတွင် ထိရောက်စွာ အသုံးချလျက်ရှိသည့် အဓိကသော့ချက်တစ်ခုဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့်တိုက်ရိုက်အချိုးကျလျက်ရှိခြင်းတို့နှင့်စပ်လျဉ်း၍လည်းကောင်း၊ မြန်မာလူငယ်များအနေဖြင့် လာမည့်ဆယ်စုနှစ်များတွင် မိမိနိုင်ငံအတွက်ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်မည့်ကိစ္စရပ်များကို ဖော်ထုတ်ရာတွင် အဓိကကျပြီး လူငယ်များ၏ နေ့စဉ်လူမှုဘဝဖြတ်သန်းမှုများတွင် ပုံစံအမျိုးမျိုးဖြင့် ဆက်စပ်နေသောကဏ္ဍများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုလုပ်ငန်းစဉ်၏အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည့် ဉာဏ်ရည်တု AI နှင့်ပတ်သက်သည့် သိမှတ်ဖွယ်ဗဟုသုတများ၊ ဆောင်ရန်ရှောင်ရန်ကိစ္စရပ်များ၊ လုပ်ဆောင်နိုင်စွမ်းနယ်ပယ်များနှင့် စိန်ခေါ်မှုများ၊ ကျော်လွှားနိုင်မည့်နည်းလမ်းများ၊ နည်းပညာတိုးတက်လာမှုနှင့်ပတ်သက်၍ ဆိုးကျိုးနှင့်ကောင်းကျိုးများ၊ Data အချက်အလက်များ၏လုံခြုံရေးဆိုင်ရာအချက်အလက်များ၊ လူငယ်များဘဝကို တိုးတက်ပြောင်းလဲစေရန် အသုံးချနိုင်မည့် နည်းပညာစွမ်းအားများနှင့်စပ်လျဉ်း၍လည်းကောင်း၊ နေ့စဉ်လုပ်ငန်းခွင်တွင် AI နည်းပညာအသုံးဝင်မှုနှင့် ရင်ဆိုင်ရမည့်စိန်ခေါ်မှုများ၊ မြန်မာနိုင်ငံ ကျေးလက်နေလူငယ်များ၏ လူနေမှုဘဝများတိုးတက်ကောင်းမွန်စေရန်နှင့် ပတ်သက်သည့် နည်းပညာများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။




ထို့နောက် Socio-Cultural Development မှတ်တမ်းဗီဒီယိုကိုပြသပြီး နိုင်ငံတကာခေါင်းဆောင်မှုတက္ကသိုလ်မှ ဆရာမ ဒေါ်စုလဲ့လဲ့နိုင်၊ နိုင်ငံတကာခေါင်းဆောင်မှုတက္ကသိုလ်ဥက္ကဋ္ဌ ဒေါ်မေဖူးပွင့်စိုး၊ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ လက်ထောက်ဆရာဝန် ဒေါက်တာချမ်းငြိမ်းစုနှင့် လူမှုဝန်ထမ်းဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်သန္တာမိုးတို့က **"လူမှု-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ"** ခေါင်းစဉ်ဖြင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ ကောင်းမွန်သောပညာရေးနှင့် ကျန်းမာရေးစနစ်တို့ဖြင့် အခြေခံတည်ဆောက်ပြီး မျက်မှောက်ခေတ်အခြေအနေတွင်နည်းပညာဆိုင်ရာတိုးတက်ကောင်းမွန်ပြောင်းလဲလာမှုများနှင့်အတူ စိတ်ပိုင်းဆိုင်ရာများနှင့် ကျင့်ဝတ်ဆိုင်ရာစိန်ခေါ်မှုများအားဖြေရှင်းနိုင်ရေးနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတော်၏ အနာဂတ်ခေါင်းဆောင်များဖြစ်သော လူငယ်များအတွက်နိုင်ငံသားကျင့်ဝတ်များ၊ ခေါင်းဆောင်မှုဆိုင်ရာအရည်အသွေးများနှင့်စပ်လျဉ်း၍လည်းကောင်း၊ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးများနှင့်ပတ်သက်သော

**စာမျက်နှာ ၁၃ သို့ ▲**






# ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် လှုံးတော်ပြည့် ရွှေစင်ရွှေပြားကပ်လှူပူဇော်နိုင်ရေး နှိုးဆော်လွှာ

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပထမဖောင်းရစ်ဧရိယာ (၃၄၈၅) စတုရန်းပေအား ရွှေစင်ရွှေပြားများ ကပ်လှူပူဇော်လျက်ရှိရာ (၂၃၁၈) စတုရန်းပေဧရိယာအတွက် သာသနာ့နွယ်ဝင်အလှူရှင်များမှလှူဒါန်းပူဇော်ခဲ့ပြီးဖြစ်ရာ ဧရိယာ(၁၁၆၇) စတုရန်းပေအတွက် လှူဒါန်းရန် ကျန်ရှိနေပါသည်။

ရွှေစင်ရွှေပြား (၁)ချပ် (အရွယ် တစ်ပေ x တစ်ပေ၊ အလေးချိန် ရွှေတစ်ကျပ်သား)၏မတည်ကုန်ကျစရိတ်မှာ ၂၅,၀၀,၀၀၀/-(ကျပ်နှစ်ဆယ့်ငါးသိန်းတိတိ) ဖြစ်ပါသည်။

၂၀၂၄ ခုနှစ်၊ ဩဂုတ်လအတွင်း တတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ သဒ္ဓါကြည်လင်ပါရမီရှင်များမှ ကြုံတောင့်ကြုံခဲကာလတွင် ကုသိုလ်ယူပါဝင်လှူဒါန်းနိုင်ပါရန် နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်တိုက်တွန်းအပ်ပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၁။ ဦးမြင့်စိုး၊ ကောင်စီဝင်၊ နေပြည်တော်ကောင်စီ
၀၉-၂၆၁၁၇၉၀၀၃

၂။ ဦးမောင်မောင်၊ ဒုတိယမြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
၀၉-၄၀၄၄၃၄၄၉၉

၃။ ဦးထွန်းကြည်၊ ဂေါပကအဖွဲ့ဝင်၊ ဥပ္ပါတသန္တိစေတီတော်
၀၉-၅၁၃၅၆၉၈

၄။ ဥပ္ပါတသန္တိစေတီတော်၊ ဂေါပကအဖွဲ့ရုံး
၀၉-၄၄၂၂၅၂၆၇၀

၅။ AYA PAY (Merchant ID.20044314)

၆။ KBZ PAY (ID.70240001001)

## သဇင် (FM) အသံလွှင့်အစီအစဉ်

၁၄-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၀၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

## အသိပေးကြေညာချက်

ကိုဗစ်-၁၉ ကြောင့်ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများအား ကိုဗစ်-၁၉ ရန်ပုံငွေမှ ချေးငွေသက်တမ်း ၁ နှစ် (အတိုးနှုန်း ၁ %) ဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဧပြီလမှစတင်၍ ချေးငွေများ ထုတ်ချေးခဲ့ပါသည်။

ယခုအခါတွင် ချေးငွေသက်တမ်း ၃ နှစ်ပြည့်မြောက်ကျော်လွန်ခဲ့ပြီးဖြစ်သည့် ကုမ္ပဏီ/လုပ်ငန်းများအား ၂၀၂၄ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ချေးငွေအရင်းနှင့်အတိုးများအား အမြန်ဆုံး ပြန်လည်ပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

ချေးငွေအပြေအကျေပေးဆပ်ပြီးသူများအား ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

သို့ဖြစ်ပါ၍ ကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးက ကိုဗစ်- ၁၉ ရန်ပုံငွေမှ ချေးငွေပေးဆပ်ရန် ကျန်ရှိနေသည့်-

(၁) အလီလီပေးဆပ်နေသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အမြန်ဆုံး အပြေအကျေပြန်လည်ပေးဆပ်ရမည်ဖြစ်ပါကြောင်း၊

(၂) အတိုးကိုသာပေးသွင်းထားသည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အရင်းနှင့်အတိုးကို တစ်ပေါင်းတည်း အမြန်ဆုံးပြန်လည်ပေးသွင်းရန်ဖြစ်ကြောင်း၊

(၃) အတိုး၊ အရင်း လုံးဝမပေးဆပ်သည့် ကုမ္ပဏီ/လုပ်ငန်းများအနေဖြင့် အချိန်မီ လာရောက်ပေးဆပ်ခြင်းမရှိပါက လုပ်ငန်းတစ်ခုချင်းအား နိုင်ငံပိုင်သတင်းစာများမှထုတ်ပြန်အသိပေးခြင်း၊ စီမံခန့်ခွဲမှုနည်းလမ်းအရ အရေးယူခြင်းတို့ဖြင့် ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာနိုင်သည့် စီးပွားရေးသက်ရောက်မှုများအပေါ်**
**ကုစားရေးလုပ်ငန်းကော်မတီ**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့်မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိပါသည်။

(မိုး/ဇလ)

▲ စာမျက်နှာ ၁၂ မှအဆက်

အလေ့အကျင့်ကောင်းများကို မည်သည့်နည်းလမ်းများဖြင့် ဆောင်ရွက်သင့်သည်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ၂၁ ရာစုတွင် လူငယ်များအတွက် ကျွမ်းကျင်မှုများဖြစ်သော Digital Literacy, Communication Skills, Critical Thinking ,Global and Cultural Awareness, Financial Literacy စသည့် ဘာသာရပ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်ခေါင်းဆောင်များဖြစ်လာမည့် လူငယ်များအနေဖြင့် မဖြစ်မနေတတ်ကျွမ်းသင့်သည့် (Hardskill & Softskill) အသိပညာ၊ အတတ်ပညာများ၊ မြန်မာနိုင်ငံ၏ လူမှု-ယဉ်ကျေးမှုဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွဖော်ဆောင်နိုင်ရန်နည်းလမ်းများ၊ ရုပ်ပိုင်းဆိုင်ရာကျန်းမာရေးနှင့် စိတ်ပိုင်းဆိုင်ရာ ထိလွယ်ရှလွယ်ဖြစ်ပေါ်ခြင်းကို ကာကွယ်တားဆီးနိုင်ရန်နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ လူငယ်များအနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ကျန်းမာကြံ့ခိုင်ရေးကိုမြှင့်တင်ရန်အတွက် အထောက်အပံ့များ၊ ၂၁ ရာစုကာလတွင် အတတ်ပညာများနှင့်ပတ်သက်၍ ဘဝအတွက် အထောက်အကူပြုနိုင်မည့်နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် Economic Growth and Employment ဗီဒီယိုကိုပြသပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမော်မော်ထွန်း၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း( MYDA) ဘဏ္ဍာရေးမှူး ဒေါ်ကြည်စင်ရွှေ၊ အစိုးရစက်မှုလက်မှုသိပ္ပံ နေပြည်တော်မှ တတိယနှစ်ကျောင်းသူ မနှင်းဆီရွှေစင်နှင့် I CAKE U Bakery (နေပြည်တော်) မှဒေါ်ချိုနေခြည်နွေးတို့က **“စီးပွားရေးတိုးတက်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းကဏ္ဍ”** ခေါင်းစဉ်ဖြင့် စီးပွားရေးတိုးတက်အောင် တည်ဆောက်ခြင်းသည် နိုင်ငံတည်ဆောက်ခြင်း (State Building)အတွက် အရေးပါသောအချက်အလက်တစ်ခုဖြစ်သောကြောင့် အဆိုပါနယ်ပယ်တွင် လူငယ်များ ပါဝင်နိုင်မှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ ဒစ်ဂျစ်တယ်နည်းလမ်းအသုံးပြု၍ ဆောင်ရွက်နိုင်သည့် စီးပွားရေးဆိုင်ကိစ္စရပ်များ၊ လုပ်ငန်းခွင်သင်တန်းများမှတစ်ဆင့် ပို၍ကောင်းမွန်သော အလုပ်အကိုင်အခွင့်အလမ်းများကို ချိတ်ဆက်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း၊ အနာဂတ်တွင်အောင်မြင်တိုးတက်ရေးအတွက်အဓိကလက်တွေ့ကျသော နယ်ပယ်များတွင် မိမိဘဝခရီးကို စွန့်ဦးတီထွင်လုပ်ငန်းရှင်တစ်ယောက်အဖြစ် လေ့ကျင့်ပျိုးထောင်ဖြတ်သန်းနိုင်မည့် အကြောင်းအရာများ၊ လက်ရှိတိုးတက်ပြောင်းလဲလာသည့်ခေတ်နှင့်အညီ ဒစ်ဂျစ်တယ်နည်းပညာဖြင့် အလုပ်အကိုင်ရှာဖွေရေးနည်းလမ်းများ၊ အွန်လိုင်းပေါ်မှ ဝင်ငွေရှာဖွေမှုနှင့် မိမိ၏ငွေကြေးများလည်း ဆုံးရှုံးနိုင်ခြေရှိမှုနှင့်စပ်လျဉ်း၍လည်းကောင်း၊ TVET မှတစ်ဆင့် အသက်မွေးဝမ်းကျောင်းအပေါ် ကြီးမားသည့်အကျိုးသက်ရောက်မှု၊ မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန် လိုအပ်နေသည့် စီးပွားရေးကဏ္ဍများ၊ ပိုမိုကောင်းမွန်သည့် အလုပ်အကိုင် အခွင့်အလမ်းများနှင့်စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးကြသည်။

ယင်းနောက် ဌာနဆိုင်ရာအကြီးအကဲများက လူငယ်ဖိုရမ်၌ သက်ဆိုင်ရာကဏ္ဍအလိုက် ပါဝင်ဆွေးနွေးခဲ့ကြသူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ကြသည်။

ဆက်လက်၍ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှ နည်းပြ ဒေါ်မိုးသီတာဦးဆောင်၍ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက Zumba အကဖြင့် အတူတကွကပြကြသည်။

ထို့နောက် လူငယ်ဖိုရမ်သို့ တက်ရောက်လာကြသည့် လူငယ်ကိုယ်စားလှယ်များက အုပ်စု ကိုးခုခွဲ၍ The Power of Technology to Transform Your Life, The Truth about AI, Steps Youth Need to Take to Access the Digital World, Youth: The Future Leaders of the Nation, Master Your Mind, Master Your Body, The Skill Youth Need to Succeed in the 21st Century, Today Trending: Monetizing Your Digital Brand, Get a Better Job with TVET နှင့် Master Your Life through Enterpreneurship စသည့် ခေါင်းစဉ်များဖြင့် ဆွေးနွေးကြပြီး အုပ်စုအဖွဲ့များမှ ခေါင်းဆောင်များက ဆွေးနွေးပွဲရလဒ်များကို ဖတ်ကြားတင်ပြရာ ရလဒ်များအပေါ် တာဝန်ရှိသူများက အနှစ်ချုပ်ပြန်လည်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

## ထိုင်းရောက်မြန်မာများအား ဩဂုတ်လလယ်မှစ၍ ရက်ချိန်းတိုကင်ပေးခြင်းကို ရပ်ဆိုင်း၍ PJ နိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်လိုသူများအနေဖြင့် ရက်ချိန်းတိုကင်မလိုအပ်ဘဲ ပြုလုပ်နိုင်ကြောင်း သံရုံးကြေညာ

**ရန်ကုန် ဩဂုတ် ၁၃**

ဩဂုတ်လ ၁၇ ရက်ကစ၍ ရက်ချိန်းတိုကင်ပေးခြင်းကို ရပ်ဆိုင်း(ရပ်ဆိုင်း)သွားမည်ဖြစ်ကြောင်းနှင့် PJ နိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်လိုသူများအနေဖြင့် ရုံးဖွင့်ရက်များတွင် မြန်မာသံရုံး၊ ကောင်စစ်ဌာနသို့ ရက်ချိန်းတိုကင်မလိုဘဲ ကိုယ်တိုင်လာရောက်ပြုလုပ်နိုင်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားသည်။

ထိုင်းနိုင်ငံရောက် PJ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်သူများအား ဩဂုတ်လ ၁၃ ရက်တွင် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံးက အသိပေးကြေညာထားခြင်းဖြစ်သည်။

သံရုံး၏ ထုတ်ပြန်ကြေညာချက်အတွင်းPJ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ပြီး ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်တွင် သက်တမ်းကုန်သူများအား စာအုပ်အသစ်ပြုလုပ်ပေးရန်အတွက် ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂ ရက်မှစတင်၍ စနေနေ့တိုင်း လူကိုယ်တိုင် ရက်ချိန်းတိုကင်လာရောက်ယူခြင်းကို စီစဉ်ခဲ့ကြောင်း သိရသည်။

ယခုအခါ ရက်ချိန်းတိုကင်ရယူသူ အရေအတွက်မှာ အလွန်နည်းပါးသွားပြီဖြစ်၍ လာမည့် ၂၀၂၄ ဩဂုတ်လ ၁၇ ရက် (စနေနေ့)မှစ၍ ရက်ချိန်းတိုကင်ပေးခြင်းကို ရပ်ဆိုင်း(ရပ်ဆိုင်း)သွားမည်ဖြစ်ကြောင်းနှင့် PJနိုင်ငံကူးလက်မှတ်အသစ်ပြုလုပ်လိုသူများအနေဖြင့် ရုံးဖွင့်ရက်များတွင် မြန်မာသံရုံး၊ကောင်စစ်ဌာနသို့ ရက်ချိန်းတိုကင်မလိုအပ်ဘဲ ကိုယ်တိုင်လာရောက်ပြုလုပ်နိုင်ပါကြောင်းလည်းပါရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိသက်တမ်းကုန်သူများကို ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အသိပေးထုတ်ပြန်ချက်တွင် ပါရှိသည်။

MT

# Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 အသိပညာပေးသင်တန်းဖွင့်ပွဲ အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း တက်ရောက်




**နေပြည်တော်  ဩဂုတ်  ၁၃**

Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 အသိပညာပေးသင်တန်း ဖွင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း၊ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့်တာဝန်ရှိသူများ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနတို့မှ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာတစ်ဝန်းလုံးတွင် ဆောင်ရွက်နေကြသည့် ကျား၊ မ တန်းတူညီမျှရေးနှင့် အမျိုးသမီးအခွင့်အရေးများနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံက ပါဝင်ဆောင်ရွက်နေသည့် Gender/ CEDAW/ NSPAW/ AGMSF/ UNSCR 1325 လုပ်ငန်းစဉ်များကို သိရှိစေရန်နှင့် မိမိတို့ဌာနက ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များတွင် Gender ကို Mainstreaming အဖြစ်ဆောင်ရွက်လာစေရန်နှင့် ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများအကြား အမျိုးသမီးများ၏အခွင့်အရေးများကို ချိတ်ဆက်မှုကောင်းကောင်းဖြင့် ပိုမိုမြှင့်တင်ဖော်ဆောင်ပေးနိုင်ရန်ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း။

သက်ဆိုင်ရာဝန်ကြီးဌာနများတွင် ကျား၊ မရေးရာဆိုင်ရာအချက်အလက်များရရှိရန် တာဝန်ခံဆောင်ရွက်မည့်ဦးစီးဌာန ၄၆ ခုမှ ကျား၊ မ ရေးရာတာဝန်ခံ – Gender Focal Point များခန့်ထားပြီး Gender Focal Point Network ဖွဲ့စည်းနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ Gender Mainstreaming လုပ်ငန်းစဉ်များကို Gender Focal Point TOR အရအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သင်တန်းသား/ သင်တန်းသူများက မိတ်ဆက်ခဲ့ကြပြီး သင်ခန်းစာများရှင်းလင်းဆွေးနွေးခြင်း၊ အပြန်အလှန်မေးမြန်းခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(၅၀၀)

# အီရတ်နိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူတစ်ဦးအား အမိနိုင်ငံသို့ ပြန်လည်ပို့ဆောင်

**ရန်ကုန်  ဩဂုတ်  ၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့် အမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ် အလေးအနက် တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့သည် သက်ဆိုင်ရာနိုင်ငံသံရုံးများနှင့် ချိတ်ဆက်၍ အမိနိုင်ငံသားများ မြန်မာနိုင်ငံသို့ အမြန်ဆုံး အေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသူ မခမ်းဘွာအား အမိနိုင်ငံသို့ အမြန်ဆုံးပြန်လည်ပို့ဆောင်နိုင်ရန် ကိုင်ရိုမြို့ရှိ မြန်မာသံရုံးသည် အီရတ်နိုင်ငံမှ အစိုးရအဖွဲ့အစည်းများ၊ အပြည်ပြည်




ဆိုင်ရာ ရွှေ့ပြောင်းသွားလာရေးအဖွဲ့(IOM) နှင့် သက်ဆိုင်ရာအဖွဲ့အစည်းများ ညှိနှိုင်းချိတ်ဆက်ဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်နိုင်ခဲ့ရာ မခမ်းဘွာသည် ဩဂုတ်လ ၁၂ ရက် ဒေသစံတော်ချိန် ၁၂ နာရီ ၅၅ မိနစ်တွင် ဘဂ္ဂဒက်မြို့မှ ဘာရိန်း – ဘန်ကောက် – ရန်ကုန်ခရီးစဉ်ဖြင့် ထွက်ခွာခဲ့ရာ ရန်ကုန်မြို့သို့ ဩဂုတ်လ ၁၃ ရက် ည ၆ နာရီတွင် ပြန်လည်ရောက်ရှိခဲ့သည်။

အရှေ့အလယ်ပိုင်းနိုင်ငံများတွင် အခက်အခဲများကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများ အမိနိုင်ငံသို့ ပြန်လည်ထွက်ခွာနိုင်ရန် မြန်မာသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့အနေဖြင့် ကူညီဆောင်ရွက်ပေးလျက်ရှိပြီး ပြည်ပတွင်အလုပ်လုပ်ကိုင်စဉ် အခက်အခဲကြုံတွေ့ရသည့် မြန်မာနိုင်ငံသားများအား မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့မှ ညှိနှိုင်းကူညီဆောင်ရွက်မှုဖြင့် အမိနိုင်ငံသို့ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိရာ ယခုကဲ့သို့ အမိနိုင်ငံသားများ အတိဒုက္ခကြုံတွေ့နေရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားနှင့်မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ မြန်မာသံရုံးနှင့် မြန်မာကောင်စစ်ဝန်ချုပ်ရုံးတို့အား လှိုက်လှဲစွာ အထူးကျေးဇူးတင်ရှိကြောင်း သိရသည်။

ဓာတ်ပုံ – ကနူး

ညိမ်းသူ(သတင်းစဉ်)

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၃°c | / | ၂၈.၄°c |
| ရန်ကုန် | ၂၆°c | / | ၃၀.၅°c |
| မန္တလေး | ၂၇°c | / | ၃၂.၂°c |

**လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ**

**အဖိုးတန်ရေချိုကို ချွေတာကြပါစို့**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ မြေတိုင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိန်မင်းကို အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

❖ ကျောဖုံးမှအဆက်

"ယင်းမာပင်ခရိုင်မှာ ဒီနှစ် နွေသီးနှံအနေနဲ့ နှမ်း ၃၃၂၉ ဧကစိုက်ပျိုးနိုင်ခဲ့ပါတယ်။ လက်ရှိအချိန်မှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးနေပါပြီ။ အထွက်နှုန်းအနေနဲ့ ကောင်းမွန်ပါတယ်။ စိုက်ပျိုးရာမှာလည်း အထွက်နှုန်းကောင်းမွန်ဖို့၊ GAP နည်းစနစ်တွေနဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ယင်းမာပင်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောသည်။

ယခုနှစ်တွင် ယင်းမာပင်ခရိုင်၌ နွေနှမ်းတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများသည် တခြားစိုက်ပျိုးနည်းစနစ်များဖြင့် စိုက်ပျိုးထုတ်လုပ်ထားသည့် သီးနှံများထက် အရည်အသွေး ပိုမိုကောင်းမွန်ခြင်း၊ ဈေးနှုန်းပိုမိုရရှိခြင်း၊ ပြည်တွင်းဈေးကွက်တွင်သာမက ပြည်ပဈေးကွက်များအထိပါ တင်ပို့ရောင်းချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကြောင့် GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်သည့် တောင်သူများအနေဖြင့်လည်း အကျိုးစီးပွားပိုမိုဖြစ်ထွန်းကာ ၎င်းတို့၏လူမှုစီးပွားဘဝများပါ တိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

(၄၀၉)

# "Beautiful ASEAN" MRTV ORCHESTRA တင်ဆက်မှု ထုတ်လွှင့်ပြသမည်

**နေပြည်တော်  ဩဂုတ်  ၁၃**

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေဖြင့် ပြည်သူများ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်ရည်ရွယ်ပြီး Friday Night Live Show တေးဂီတဖျော်ဖြေပွဲများကို ဆန်းသစ်တင်ဆက်ပေးလျက်ရှိရာ ၂၀၂၄ ခုနှစ် ဩဂုတ်လ ၁၆ ရက် သောကြာနေ့ ည ၉ နာရီခန့်တွင် (၅၇) နှစ်မြောက် အာဆီယံနေ့အထိမ်းအမှတ်ဂုဏ်ပြုအစီအစဉ်အဖြစ် "Beautiful ASEAN" MRTV ORCHESTRA တင်ဆက်မှုကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ MRTV–HD Channel မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါတေးဂီတဖျော်ဖြေပွဲကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြား သံစုံတီးဝိုင်း MRTV ORCHESTRA ၏ တင်ဆက်မှုနှင့်အတူ တေးသံရှင် စောဒယ်နီရယ်၊ မင်းမြတ်သော်၊ လင်းဘုန်းကျော်၊ စိမ့်နေခြည်၊ နန်းစန္ဒီ၊ မြနန္ဒာ၊ ဖူးကေရီဆောင်း၊ လဝန်းမေ၊ ခတ္တာနှင့် ချစ်စုစံတို့က အာဆီယံနိုင်ငံများမှ ထင်ရှားကျော်ကြားသည့် တေးသီချင်းများကို ယင်းဘာသာစကားများအလိုက် သီဆိုဖျော်ဖြေ တင်ဆက်ကြမည်ဖြစ်သည်။

ယင်းအစီအစဉ်ကို MRTV App ၏ Entertainment Sector နှင့် MRTV Telegram တို့တွင်လည်း Live Streaming လွှင့်တင်ထားမည်ဖြစ်၍ ဝင်ရောက်ကြည့်ရှုနိုင်မည်ဖြစ်သည့်အပြင် ဩဂုတ်လ ၁၈ ရက် တနင်္ဂနွေနေ့ နံနက် ၁၀ နာရီခွဲတွင်လည်း Replay ထပ်မံပြသမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## "ပြည်သူ့ကြားက ပြည်သူ့စကား" အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားက ပြည်သူ့စကား"** အစီအစဉ်မှ **"ဆေးရုံရှိ ဆေးဝန်ထမ်းများ၊ ဆေးဝါးကုသနေတဲ့ လူနာများ၊ အမျိုးသမီးနှင့် ကလေးပါမကျန် ကြောက်မက်ဖွယ် လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်ခဲ့မှု"** ခေါင်းစဉ်ဖြင့် ၁၄-၈-၂၀၂၄ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **"ပြည်သူတွေ စက်သုံးဆီ အခက်အခဲဖြစ်အောင်ပြုလုပ်နေတဲ့ ဝိသမလောဘသားများ"** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများပေးပို့လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၃

ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်များကို ကာကွယ်စောင့်ရှောက်ရန်အတွက် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ရဲရဲဝံ့ဝံ့ သက်စွန့်ဆံဖျား ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များမှ ဝန်ထမ်းများနှင့် မိသားစုများသာမက နိုင်ငံအတွင်းမှ အသင်းအဖွဲ့များ၊ စေတနာရှင် အလှူရှင်များကလည်း အလှူငွေများနှင့် စားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးများမှ ဝန်ထမ်းမိသားစုများက ရှေ့တန်းရောက် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာ၊ မေတ္တာအပြည့်ဖြင့် ကော်ဖီမစ်၊ ခေါက်ဆွဲခြောက်၊ ငါးပိထောင်း၊ ငါးသေတ္တာ၊ ငါးနီတူခြောက်ကြော်၊ ငါးကြင်းကြော်ဘူး၊ ငါးဆုပ်ဟင်းဘူး၊ ကြက်သားနှပ်ဘူး၊ ဗာလချောင်ကြော်၊ လက်ဖက်ချဉ်စပ်၊ ကုလားပဲနှပ်၊ ဆေးပေါ့လိပ်၊ မြေပဲပွ၊ မြေပဲဆန်လှော်နှင့် အားဖြည့်အချိုရည်များ လှူဒါန်းနိုင်ရန် နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမတွင် ပြင်ဆင်ထုပ်ပိုးနေမှုများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီး ဦးလွင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ သံအမတ်ကြီးများနှင့် ဌာနဆိုင်ရာအကြီးအကဲများက လိုက်လံကြည့်ရှုအားပေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ပြည်ပရှိ မြန်မာသံရုံး၊ အဖွဲ့ရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ ဝန်ထမ်းမိသားစုများက လှူဒါန်းသည့် ငွေကျပ်သိန်း ၂၀၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် ဆက်လက်ပို့ဆောင်ပေးနိုင်ရေး နေပြည်တော်တိုင်းစစ်ဌာနချုပ်သို့ သွားရောက်လှူဒါန်းမည်ဖြစ်သည်။





အလားတူ ယနေ့တွင် တတိယအကြိမ် ပေးပို့လှူဒါန်းနိုင်ရန်အတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုများက စားသောက်ဖွယ်ရာများကို စုပေါင်းချက်ပြုတ်ကြော်လှော်ကြပြီး စိတ်အားထက်သန်စွာ ပြင်ဆင်ထုပ်ပိုးနေမှုများကို ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖြိုးသန့်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ထမ်းမိသားစုဝင်များအနေဖြင့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ မြေပဲကြော်၊ ဗာလချောင်ကြော်၊ ငါးနီတူခြောက်ကြော်၊ အသင့်စား ချဉ်ပေါင်ကြော်၊ ငါးသေတ္တာဘူး၊ လက်ဖက်နှပ်၊ ငါးပိထောင်းဘူး၊ သရက်သီးသနပ်၊ ခေါက်ဆွဲခြောက်၊ ငါးကြင်းဆန်ပြုတ် စသည့်စားသောက်ဖွယ်ရာ ၁၀ မျိုးတို့အား အထုပ် ၁၅၀၀ စီ၊ ကော်ဖီမစ်နှင့် တီးမစ် အထုပ် ၃၀၀၀ စီတို့အား ဩဂုတ်လ ၁၄ ရက်တွင် နေပြည်တော်တိုင်း စစ်ဌာနချုပ်သို့ ပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။

စားသောက်ဖွယ်ရာများနှင့်အတူ ဝန်ကြီးဌာနအရာထမ်း၊ အမှုထမ်းများက "တရားသောစစ်မုချအောင်ရမည်၊ အမောင်စစ်သည်တို့နှင့်အတူ တစ်သွေးတည်းတစ်သားတည်း အတူရပ်တည်နေသည်ကို ခြွင်းချက်မရှိ ယုံကြည်၍ ပေးအပ်သည့်အမိန့်နှင့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ပြီး အောင်ပွဲများနှင့်အတူ ပြန်လာချိန်ကို သပြေပန်းနှင့် ကြိုဆိုရန် အသင့်စောင့်မျှော်နေမည်" အစရှိသည့် ဆုတောင်းမေတ္တာစာလွှာများကိုလည်း ထည့်သွင်းပေးပို့ခဲ့ကြသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တို့မှ ပြည်သူများက ဩဂုတ်လ ၁၁ ရက်က ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး၌ စားသောက်ဖွယ်ရာများ စုပေါင်းကြော်လှော်ချက်ပြုတ်ကြပြီး ပေးပို့လှူဒါန်းနိုင်ရေး ပြင်ဆင်ထုပ်ပိုးနေမှုများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

နိုင်ငံတော်လုံခြုံရေးနှင့် နယ်မြေဒေသကာကွယ်ရေးအတွက် မိမိတို့၏ အသက်ကို ပဓာနမထားဘဲ စွန့်လွှတ်စွန့်စားစွာ ရှေ့တန်းတွင် တိုက်ပွဲဝင်နေကြသည့် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငါးခြောက်၊ အသားတုနှင့် ငရုတ်သီးကြော်၊ ငါးပိငံပြာရည်ကြော်၊ ပဲမျိုးစုံကြော်၊ လက်ဖက်၊ ဆေးလိပ်နှင့် အခြားစားသောက်ဖွယ်ရာများကို ပေးပို့လှူဒါန်းသွားမည်ဖြစ်ပြီး ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများက "တိုင်းပြည်၏



အန္တရာယ်ရန်စွယ်အပေါင်းကို တွန်းလှန်တိုက်ခိုက်နေသည့် တပ်မတော်သားများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအားလေးစားဂုဏ်ယူလျက်ရှိကြောင်း၊ မကြာမီတိုင်းရင်းသားညီအစ်ကိုမောင်နှမများ အေးချမ်းစွာပြန်လည်နေထိုင်ရတော့မည်ဟု ယုံကြည်မျှော်လင့်နေကြောင်း" စသည့် မေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စေတနာရှင်ပြည်သူများ စုပေါင်း၍ ဩဂုတ်လ ၁ ရက်တွင် ငွေကျပ်သိန်း ၂၅၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းခဲ့ပြီး ယခုအခါ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပဲခူးတိုင်းဒေသကြီး ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့မှ တိုင်းရင်းသားပြည်သူများ စုပေါင်း၍ ဒုတိယအကြိမ်အဖြစ် ငွေကျပ် သိန်း ၁၀၀ ကျော် တန်ဖိုးရှိ စားသောက်ဖွယ်ရာများ ထပ်မံပေးပို့ လှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဩဂုတ်လ ၅ ရက် ညနေပိုင်းက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများ စုပေါင်း၍ စားသောက်ဖွယ်ရာများ ပေးပို့လှူဒါန်းနိုင်ရေး စိတ်အားထက်သန်စွာ ပြင်ဆင်ဆောင်ရွက်နေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ရှေ့တန်းရောက်တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက်ခေါက်ဆွဲခြောက် ၁၄၈၄၆ ထုပ်၊ ကြာဆံခြောက် အထုပ် ၉၀၀၊ ငါးသေတ္တာဘူး ၂၁၀၊ ကော်ဖီမစ် ၁၃၇ ပါကင်၊ ကွေကာအုပ် ၁၀ ပါကင်၊ ငါးပိထောင်းဘူး ၅၀၊ ငါးပိကြော်ထုပ် ၆၀၊ အမွှေးဆပ်ပြာ ၁၆၈ တုံး၊ ခါတ်ဆားထုပ် ၂၅၀၊ ဆေးလိပ် ၁၀၆၀၀၊ ဂက်စ်မီးခြစ် အလုံးရေ ၁၀၀၊ သွားတိုက်ဆေးဘူး ၂၂၀၊ လက်ဖက်အသား ၂ ပိဿာ၊ နှစ်ပြန်ကြော် ၃ ပိဿာ၊ ကိတ်ခြောက် ၂၈ ဘူး၊ မိုးကာအထည် ၂၀၊ တီရှပ် ၁၀ ထည်၊ ငံပြာရည်ဘူး ၂၄၀၀၊ အချိုရည်ဘူး ၆၀၀၊ လက်ဆေးဆပ်ပြာဘူး ၁၅၀၊ ဆန်ကွတ်ကီးမုန့်ထုပ် ၇၂၀၀၊ ဂျက်ကတ်အင်္ကျီအထည် ၅၀၊ ဘောင်းဘီရှည်အထည် ၅၀ ၊ အဝတ်အထည်မျိုးစုံ အထည် ၁၀၀ တို့ကို လှူဒါန်းသွားမည်ဖြစ်သည့်အပြင် "ကျန်းမာပါစေ၊ ဘေးအန္တရာယ်ကင်းပါစေ၊ တရားသောစစ် အောင်မြင်ပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများကို ထည့်သွင်းပေးပို့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဌာနဆိုင်ရာဝန်ထမ်းမိသားစုများက ငွေကျပ် ၂၈၇၇၅၅၉၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာများကို လှူဒါန်းခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျား လာရောက်တွေ့ဆုံ



နေပြည်တော် ဩဂုတ် ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စမာကျားက ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လာရောက်ဂါရဝပြုတွေ့ဆုံခဲ့ပြီး ၎င်း၏ သံအမတ်ခန့်အပ်လွှာမိတ္တူကို ပေးအပ်သည်။

ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း ပြောကြားပြီး မြန်မာ-တရုတ်နှစ်နိုင်ငံအကြား တည်ရှိပြီးဖြစ်သည့် ရှိရင်းစွဲ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် နှစ်ဖက်အပြန်အလှန်အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ရေးနှင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာ အထူးသဖြင့် အာဆီယံနှင့် ကုလသမဂ္ဂတွင် ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်သွားရေးကိစ္စတို့အပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# ဘဲမွေးမြူရေးခြံနှင့် ဒေသန္တားမျိုးထိန်း မျိုးပွားခြံတို့ကို ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးနှင့်အတူ ယနေ့နံနက်ပိုင်းတွင် တပ်ကုန်းမြို့နယ် ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်တွင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသည့်ဘဲဥသားဖောက်စက်၊ ဘဲမွေးမြူရေးခြံနှင့် ဒေသန္တားမျိုးထိန်းမျိုးပွားခြံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘဲမွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးလာရေးနှင့် ဒေသန္တားများတိုးပွားထိန်းသိမ်းရေးဆိုင်ရာများ ဆွေးနွေးမှာကြားသည်။

ဦးစွာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက တပ်ကုန်း-ရွှေမြို့ တိုးချဲ့မွေးမြူရေးဇုန်တွင် လုပ်ငန်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ၊ ဇီဝလုံခြုံမှုအဆင့်-၃၊ ရောဂါရှာဖွေရေးဓာတ်ခွဲခန်းတည်ဆောက်ရေး စီမံကိန်းအချက်အလက်များနှင့် လုပ်ငန်းစဉ်များ၊ ဘဲဥသားဖောက်စက်၏ လုပ်ငန်းစဉ်များနှင့် ဘဲသားပေါက်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြို့နယ်အလိုက် ဦးစီးဌာနဝန်ထမ်းများအနေဖြင့် မိမိတို့၏ပတ်ဝန်းကျင်ရှိ ဒေသခံပြည်သူများကိုလည်း တစ်နိုင်တစ်ပိုင်မွေးမြူရေးကို စည်းရုံးသွားကြစေလိုကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် ဘဲဥသားဖောက်စက် အလုပ်ရုံ၊ ဘဲမွေးမြူရေးခြံနှင့် ဒေသန္တားမျိုးထိန်းမျိုးပွားခြံ၊ ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်၌ ဆောင်ရွက်ပြီးစီးသည့် လျှိုပိတ်ဆည်တို့ကို ကြည့်ရှုစစ်ဆေးပြီး ဌာနမွေးမြူရေးခြံများအနေဖြင့် ရေနှင့်အစာတိုက်ကျွေးမှုစနစ်မှန်ကန်စေရေး၊ အစာခွက်များ ပုံမှန်သန့်ရှင်းရေးအပါအဝင် ဇီဝလုံခြုံမှုဆိုင်ရာ စံနမူနာကောင်းပေးနိုင်ရေး အလေးထားဆောင်ရွက်ရန် တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ရန်ကုန် ရွာသာကြီးခြံရှိ ဘဲဥသားဖောက်စက်နှစ်လုံး၊ ပဲခူး ဘုရားကြီးခြံရှိ ဘဲဥသားဖောက်စက်လေးလုံး၊ နေပြည်တော် ရွှေမြို့ခြံရှိ ဘဲဥသားဖောက်စက်ငါးလုံးတို့မှ သားပေါက်များထုတ်လုပ်၍ ဘဲမွေးလုပ်ငန်းရှင်များ၊ ဘဲမွေးတောင်သူများကို ဖြန့်ဖြူးပေးလျက်ရှိရာ ရွှေမြို့တိုးချဲ့မွေးမြူရေးဇုန်ရှိ ဘဲဥသားဖောက်စက်မှ နှစ်စဉ်ဘဲသားပေါက်ကောင်ရေ ၃၆၂၀၀၀ ကျော် ထုတ်လုပ်ပေးလျက်ရှိကြောင်း၊ ဘဲမွေးမြူလိုသူများအနေဖြင့် အမှာစာများပေးပို့မှာကြားနိုင်ကြောင်း သိရသည်။

(မြဝတီ)

# မြို့ပြဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုများ နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၃

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦးသည် ယမန်နေ့ မွန်းလွဲပိုင်းက နန်းဦးရေပေးရေးနှင့် ရေသန့်စင်စက်ရုံသို့သွားရောက်၍ ရေသိုလှောင်ကန်များအတွင်း Chlorine Dosing Pump ဖြင့် ကလိုရင်းဆေးခတ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ ဝန်ထမ်းရပ်ကွက်နှင့် အများပြည်သူသို့ ရေပေးဝေသည့် ရေနမူနာတွင် ကြွင်းကျန်ကလိုရင်းပါဝင်မှုတိုင်းတာခြင်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး ပေးဝေသောရေတွင် ဘေးအန္တရာယ်ဖြစ်စေသော ဇီဝပိုးမွှားများ သန့်စင်နိုင်ရေးအတွက် ကလိုရင်းဆေးခတ်ခြင်းကို WHO သတ်မှတ်ချက်များနှင့် အညီဖြစ်စေရေး အထူးအလေးထား ဆောင်ရွက်ရန်မှာကြားသည်။

ဆက်လက်၍ ရာဇသင်္ဂဟလမ်းနှင့် နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်လမ်းတစ်လျှောက် ရေတင်ရေဝပ်သောနေရာများတွင် နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းဆောင်ရွက်နေမှု၊ လမ်းလယ်ကျွန်းအတွင်းနှင့် လမ်းဘေးတို့တွင် ရေဆင်းမြောင်းများ ဖောက်လုပ်ထားရှိမှုနှင့် နှင်းဆီပန်းအဝိုင်းအနီး သာယာလှပစေရေးအတွက် ပန်းအလှပင်ငါးမျိုးစိုက်ပျိုးခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မြို့တော်ဝန်နှင့် တာဝန်ရှိသူများသည် လေဆိပ်မုခ်ဦးအနီး လမ်းဘေးဝဲ/ယာတွင် သာယာလှပရေးလုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

(မြဝတီ)

❒ ရှေ့ဖုံးမှအဆက်

ထို့နောက် တင်ဒါအမှတ်(၁)ဖြစ်သည့် ပုလဲအတွဲအမှတ်(၁)မှ အတွဲအမှတ် (၁၁၅)တွဲအထိနှင့် တင်ဒါအမှတ်(၂) ဖြစ်သည့် ပုလဲအတွဲအမှတ် (၁၁၆)တွဲမှ ပုလဲအတွဲအမှတ် (၂၃၀) အထိကို ရတနာကုန်သည်များက ကြည့်ရှုစစ်ဆေးကြကာ ဈေးနှုန်းတင်သွင်းလွှာများကို သက်ဆိုင်ရာတင်ဒါပုံးများအတွင်းသို့ ထည့်သွင်းကြသည်။

ယနေ့နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် တောင်ပင်လယ်ပုလဲရောင်းချပွဲ ဗဟိုကော်မတီနာယက သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးမင်းသူနှင့်တာဝန်ရှိသူတို့သည် ပြပွဲကျင်းပရာ မဏိရတနာကျောက်စိမ်းခန်းမ၌ အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ပုလဲအတွဲများရောင်းချနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် တင်ဒါအမှတ်(၁)နှင့် တင်ဒါအမှတ်(၂)တို့မှ ပုလဲအတွဲပေါင်း (၂၃၀) တင်သွင်းထားသော ဈေးနှုန်းတင်သွင်းလွှာများကို တာဝန်ရှိသူများက ဖွင့်ဖောက်စစ်ဆေးကာ ပုလဲအတွဲပေါင်း(၁၇၇)တွဲ ရောင်းချရကြောင်း ကြေညာသည်။

ပုလဲရောင်းချပွဲတတိယနေ့တွင် တင်ဒါအမှတ် (၃)ဖြစ်သည့် ပုလဲအတွဲအမှတ် (၂၃၁) မှ အတွဲအမှတ်(၃၄၅) အထိ ပုလဲအတွဲပေါင်း (၁၁၅)တွဲနှင့် တင်ဒါအမှတ် (၄) ဖြစ်သည့် ပုလဲအတွဲအမှတ်(၃၄၆)မှ အတွဲအမှတ်(၄၆၀)အထိ ပုလဲအတွဲပေါင်း(၁၁၅)တွဲတို့ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား ဆက်လက်ရောင်းချပေးသွားမည်ဖြစ်သည်။

ယခုကျင်းပသည့် ၂၀၂၄ ခုနှစ် (၁၄၂) ကြိမ်မြောက် မြန်မာ့တောင်ပင်လယ်ပုလဲရောင်းချပွဲကို မဏိရတနာကျောက်စိမ်းခန်းမ၌ ဩဂုတ်လ ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပနေခြင်းဖြစ်ပြီး ပြပွဲတွင် ပုလဲအတွဲပေါင်း (၇၀၀)၊ ပုလဲအလုံးပေါင်း (၁၇၅၀၀၀) ကို ပြည်တွင်းပြည်ပရတနာကုန်သည်များအား အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

## အမျိုးသားအုပ်စုပတ်လည်ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ နိုင်ပွဲများရရှိ၊ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲများတွင် ပြည်ထောင်စုနယ်မြေနေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့နိုင်ပွဲများရရှိ





နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိ အားကစားကွင်း ဖူဆယ်အားကစားရုံ၌ ကျင်းပပြီး ယနေ့ပွဲစဉ်များအဖြစ် အမျိုးသား အုပ်စုပတ်လည်ပွဲစဉ်များတွင် ရန်ကုန်တိုင်း ဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်း တို့ နိုင်ပွဲများရရှိကာ အမျိုးသမီးအုပ်စုပတ် လည်ပွဲစဉ်များတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ် အသင်းတို့ နိုင်ပွဲများရရှိခဲ့ကြောင်း သိရသည်။

ယနေ့ ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသား) အုပ်စုပတ်လည်ပွဲစဉ်များကိုယှဉ်ပြိုင်ကစား ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပဲခူး တိုင်းဒေသကြီးအသင်းကို ၅ ဂိုး ဂိုးမရှိဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး အသင်းနှင့် ရခိုင်ပြည်နယ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ တစ်ဖက် ၂ ဂိုးစီ သရေရလဒ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ် အသင်းက တနင်္သာရီတိုင်းဒေသကြီး အသင်းကို ၄ ဂိုး ၃ ဂိုးဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်း နှင့် ကယားပြည်နယ်အသင်းတို့ ယှဉ်ပြိုင် ကစားခဲ့ရာ တစ်ဖက်တစ်ဂိုးစီသရေရလဒ် ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် မကွေးတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဂိုးမရှိသရေရလဒ်ဖြင့် လည်းကောင်း၊ (အမျိုးသမီး) အုပ်စုပတ်လည် ပွဲစဉ်များအဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းက ချင်းပြည်နယ် အသင်းကို ၇ ဂိုး ၁ ဂိုးဖြင့်လည်းကောင်း၊ ကချင်ပြည်နယ်အသင်းက တနင်္သာရီတိုင်း ဒေသကြီးအသင်းကို ၅ ဂိုး ဂိုးမရှိဖြင့်လည်း ကောင်း အသီးသီးအနိုင်ရရှိခဲ့သည်။

ဖွင့်ပွဲအခမ်းအနားသို့ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ ဖြစ်ကြ သည့် ဒေါ်ဒွဲဘူ၊ ပိုးရယ်အောင်သိန်း၊ မန်းငြိမ်း မောင်၊ ဒေါက်တာမှုထန်၊ ဒေါက်တာဘရွှေ၊ ခွန်စံလွင်၊ ဦးရွှေကြိမ်းနှင့် ဦးရန်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ပြိုင်ပွဲဝင်အသင်းများမှ အုပ်ချုပ်သူ/ နည်းပြ များနှင့် အားကစားသမားများ တက်ရောက် ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ် ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေး ရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်း သိန်းဇံက အမှာစကားပြောကြားပြီး ပြိုင်ပွဲ ကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံနှင့် တာဝန်ရှိသူတို့သည် ပြိုင်ပွဲဝင်အားကစားသမားများကို ရင်းရင်း နှီးနှီးလိုက်လံနှုတ်ဆက်ကြပြီး ပြိုင်ပွဲ ယှဉ်ပြိုင်ကစားနေမှုများကို ကြည့်ရှု အားပေးကြသည်။



ဩဂုတ်လ ၁၄ ရက် နံနက် ၉ နာရီမှ စတင်၍ ဖူဆယ်အားကစားရုံ၌ (အမျိုးသား) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များအဖြစ်ချင်း ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ (အမျိုးသမီး) အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ် များအဖြစ် ရခိုင်ပြည်နယ်အသင်းနှင့် ကရင်ပြည်နယ်အသင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးအသင်းနှင့် မွန်ပြည်နယ်အသင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းနှင့် ရန်ကုန်တိုင်း ဒေသကြီးအသင်း၊ မန္တလေးတိုင်းဒေသကြီး အသင်းနှင့် ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရှမ်းပြည်နယ်အသင်းနှင့် ပြည်ထောင်စု နယ်မြေ နေပြည်တော်အသင်း၊ မကွေး တိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်း ဒေသကြီးအသင်းတို့ ဆက်လက်ယှဉ်ပြိုင် ကစားသွားမည်ဖြစ်သည်။

ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ် ပြိုင်ပွဲကို မြန်မာ့ဖူဆယ်အားကစားအဆင့် အတန်းတိုးတက်မြင့်မားလာစေရေး၊ ပြည် နယ်နှင့်တိုင်းဒေသကြီးအသီးသီးက ဖူဆယ် အားကစားသမားများအချင်းချင်း သွေးစည်း ညီညွတ်မှုရှိပြီး ပြည်ထောင်စုစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားလာစေရေး၊ ပြည်နယ် နှင့်တိုင်းဒေသကြီးများတွင်ဖူဆယ်အားကစား နည်း ပိုမိုပြန့်ပွားလာစေရေး၊ လူငယ်ထု အတွင်း ဖူဆယ်အားကစားနည်းကို ပိုမို စိတ်ပါဝင်စားလာစေရေး စသည့် ရည်ရွယ် ချက်များဖြင့် ဩဂုတ်လ ၁၁ ရက်မှ ၁၉ ရက် အထိ ကျင်းပပေးခြင်းဖြစ်ပြီး ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၄ သင်း စုစုပေါင်း ၅၂၅ ဦးဝင်ရောက် ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

(၅၀၀)

# ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ကျေးရွာတွင်းလမ်းများ ပြုပြင်ဖောက်လုပ်နေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု ပြည်ထောင်စုဝန်ကြီး ဦးလှမိုးကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၃

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုး သည် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေအတွင်းရှိ ကျေးရွာများ၏ ရွာတွင်း လမ်းများ ပြုပြင်ဖောက်လုပ်ပေးနေမှုနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ကုန်းတန်းကြီးကျေးရွာအဝင်လမ်း ကွန်က ရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှု၊ နယ်စပ်ရေးရာဝန်ကြီး ဌာနမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော ဖျောက်ဆိပ်ပင်ကန် အမှတ် (၁)၊ (၂)၊ (၃) ပြုပြင်တူးဖော်နေမှု၊ အရှေ့ဖွားစောကျေးရွာ အဝင်မှ ဇယဝေရီကန်သို့ သွားသောလမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင်ရွက် နေမှုနှင့် အနောက်ဖွားစောကျေးရွာ အဝင် လမ်း ဂျင်းကျောက်ခင်းခြင်းလုပ်ငန်း ဆောင် ရွက်ပြီးစီးမှု အခြေအနေတို့ကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဆောလျင်စွာပြီးစီးရေး၊ သတ်မှတ်စံချိန်စံညွှန်း အရည်အသွေး ပြည့်မီစေရေးနှင့် လမ်းရေရှည်ကောင်းမွန် စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေး မှာကြားကာ ကျေးရွာနေပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ယူ ဆောင်ရွက်လျက်ရှိသော ဇယဝေရီကန်အား သွားရောက်ကြည့်ရှုစစ်ဆေးပြီး ညောင်ဦး မြို့နယ် သူဌေးကန်ကျေးရွာ၌ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူး ဖွင့်လှစ်သော စက်ချုပ်သင်တန်းမှ သင်တန်း သူများ၊ ဒေသခံပြည်သူများ၊ ကျေးရွာ တောင်သူများနှင့်တွေ့ဆုံ၍ သင်တန်းပြီးဆုံး ပါက အမှန်တကယ် လုပ်ငန်းလုပ်ကိုင်လိုသူ များကို လုပ်ငန်းသုံးပစ္စည်းများ မတည်ရင်းနှီး ပေးမည်ဖြစ်ကြောင်းနှင့် ဒေသဖွံ့ဖြိုးရေး ဆိုင်ရာများကို ဆွေးနွေးပြောကြားကာ ဒေသခံပြည်သူများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့ရှိ သမဝါယမအသင်းစုပိုင် အနော်ရထာဆီစက်သို့ ရောက်ရှိပြီး ညောင်ဦးခရိုင်အတွင်းရှိ ဆီထွက်သီးနှံစိုက် တောင်သူများနှင့်တွေ့ဆုံ၍ ပြည်ထောင်စု ဝန်ကြီးက ဆီထွက်သီးနှံ စိုက်ပျိုးသူများကို နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ မျိုး၊ ဓာတ်မြေဩဇာ၊ သွင်းအားစုများ ထောက်ပံ့ ပေးလျက်ရှိကြောင်း ဆွေးနွေးပြောကြားပြီး ဒေသခံတောင်သူများ၏ တင်ပြချက်များ ကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးကာ အနော်ရထာဆီစက် လည်ပတ်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ညောင်ဦးမြို့နယ် မြင်းကပါ ခေတ်မီစံပြ ကျေးရွာအား သွားရောက်ကြည့်ရှုစစ်ဆေး ပြီး ကျေးရွာတောင်သူများ၏ တင်ပြချက် များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက် ပေးကာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိ သူများက မြင်းကပါကျေးရွာအတွက် ခေတ်မီစံပြကျေးရွာထူထောင်ခြင်းစီမံကိန်း (Smart Village) ရန်ပုံငွေ ကျပ်သိန်း ၆၀၀၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ရေးစီမံကိန်း(RBF) ရန်ပုံငွေ ကျပ်သိန်း ၃၀၀ နှင့် ကျေးရွာ ဖွံ့ဖြိုးတိုး တက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေ ကျပ်သိန်း ၁၅၀ ကို ကျေးရွာကော်မတီဝင် များထံ လွှဲပြောင်းပေးအပ်ပြီး ကျေးရွာတွင်း လမ်း ဂျင်းကျောက်ခင်းခြင်းပြီးစီးမှုနှင့် အုတ်စီ ရေမြောင်း ပြုလုပ်နေမှုကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပုဂံမြို့သစ်မှ နတ်ကြို့အိုင် ကျေးရွာအဝင် လမ်းပေါ်ရှိ ရေကျော်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျေးရွာ လမ်းကော်မတီဝင်များနှင့် ဒေသခံပြည်သူ အားလုံး လမ်းရေရှည်ကောင်းမွန်စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြား ခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၀)

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Buddhological mural paintings in Thagyapone temple available for revered



BAGAN August 13

The Thagyapone temple dating back to 12th Century AD in the Bagan-NyaungU ancient cultural zone in Mandalay Region is available for worship, and visitors can also see mural paintings portraying Buddhological works or the life story of the Lord Buddha.

It is a neighbouring temple of Thagyahit temple and is located in Wetgyiinn ward of NyaungU, the north-east of old Bagan. Both temples have caves in which Buddhological work is portrayed with both reliefs and mural paintings.

The cave of Thagyapone temple accommodates a small Buddha image enveloped by a large one. Such a Buddha image faces the eastern wing of the chamber.

There are several neighbouring temples named Shwezigon Pagoda in the east, the Thagyahit, Shweleiktu and Shweleikpauk temples in the south, the Htilo Minlo temple in the south west and the Ngwezigon, Stumukha and Thangetaw temples in the west.

**SK**

# Sagaing District plants more than 6,000 acres of cotton in monsoon



SAGAING August 13

Sagaing District Agriculture Department stated that a total of 6,742 acres of cotton crop has been planted in the district of Sagaing Region this monsoon.

The district earmarked 47,260 acres of cotton crop in monsoon season of 2024-2025. But, local farmers started cultivation of cotton on 4,543 acres of croplands in Sagaing Township, 1,978 acres in Myinmu Township and 221 acres in Myaung Township, totalling 6,742 acres in May this year.

"So far, cultivation of more than 6,000 acres of monsoon cotton has been conducted in Sagaing District. Local farmers used Wagyi, Mahlaing cotton, pre-monsoon long staple cotton, monsoon long staple cotton, and late-monsoon long staple cotton strains. They could meet the target cultivation yearly. Our department urges local farmers to expand sown acreage of cotton plantations," said Daw Thida Lwin, Head of District Agriculture Department.

In 2024-2025 monsoon season, Sagaing Township earmarked 18,406 acres of cotton, Myinmu Township 23,157 acres and Myaung Township, 5,697 acres, totalling 47,260 acres.

This year, the relevant township agriculture departments gave training to local farmers to use quality strains of cotton crops, agriculture techniques and prevention of pests. Moreover, the departments provided necessary technologies to local farmers.

They have to spend Ks-350,000 per acre of growing cotton per acre, yielding some 1,000 viss of cotton wool per acre.

Local farmers grow onion and pigeon pea in cotton plantations as mixed cropping process to increase incomes for families.

**SMK**

# Some 2,000 acres of vegetable plants grown in Wetlet Township this year

WETLET August 13

According to the statistics of Wetlet Township Agriculture Department, a total of 1,920 acres of croplands have been placed under vegetable plantations in Wetlet Township of Sagaing Region this monsoon.

Local farmers planted 1,920 acres of vegetable plantations against the target of 4,225 acres in the township for 2024-2025 monsoon season.

Daw Kyin San, Head of Wetlet Township Agriculture Department said: "We planned to grow more than 4,000 acres of vegetable plantations this year. So far, local farmers have planted over 1,000 acres. They grow mustard, chilli, spicy, potato, cabbage, eggplant and Chinese cabbage. Agricultural staff train local farmers to prevent chemical residue at plants and to grow vegetable plants in accord with the protocols of the Township Public Health Department."

Township Agriculture Department gave training to local farmers so as to apply good agriculture practice, produce healthy plants and expand sown acreage of crops.

Vegetable plants are thriving in Wetlet Township. Township Agriculture Department helps local farmers to apply correct agricultural techniques, prevent pests and use natural fertilizers and pests.

**SK**

# Six Mandalay townships generate over 1,300 tons of waste daily

MANDALAY August 13

More than 1,300 tons of waste are produced daily within the six townships of Mandalay City, according to U Zaw Win Naing, deputy head of the Water and Sanitation Department of the Mandalay City Development Committee (MCDC).

In Mandalay City, the department is collecting garbage from homes and markets in Pyigyitagon, Chanayethazan, Chanmyathazan, Aungmyethazan, Mahaaungmye and Amarapura townships.

"The township that generates the most garbage in Mandalay is Aungmyethazan Township. Amarapura Township is among the townships that produce the least tonnes of garbage," he continued.

"People living in the six townships of Mandalay should wrap their household waste properly in plastic bags and dispose of it in garbage bins and garbage trucks," he continued.

**SMK**

# More than 6,000 acres of groundnut thriving in Myaung Township

MYAUNG August 13

Sagaing District Agriculture Department stated that a total of 6,155 acres of groundnut plants have been grown in Myaung Township of Sagaing Region.

In 2024-2025 monsoon season, Myaung Township earmarked 15,021 acres of groundnut but local farmers have planted 6,155 acres of groundnut so far.

"This year, farmers in Myaung Township grew more than 6,000 acres of groundnut against the target of over 10,000 acres. Sown acreage of groundnut is on the rise year after year," said Daw Thida Lwin, Head of Sagaing District Agriculture Department.



Local farmers need to cost more than Ks-200,000 per acre of growing groundnut plus charges of farming workers, fertilizer and pesticides. But, the crop yields more than 50 baskets per acre.

In Myaung Township, agricultural staff from the township Agriculture Department make field trips to groundnut plantations for inspecting pests and weeding the farms. **SK**

# Monsoon agricultural loans to be disbursed to farmers in Kamma Township

KAMMA August 13

The Township Myanma Agricultural Development Bank designated to disburse Ks- 2,700 million of agricultural loans to farmers from 52 village tracts in Kamma Township of Magway Region in 2024-2025 FY.

Farmers from 52 village tracts in Kamma Township are being disbursed agricultural loans at a rate of Ks- 150,000 per acre of paddy fields and Ks- 100,000 per acre of other croplands.

As of now, over Ks-1620 million of monsoon agricultural loans have been disbursed to 3,625 farmers from 33 village tracts in the Township for 9,802 acres of paddy field, 1,117 acres of sesame plantation and 380 acres of green gram land.

The remaining farmers will also be disbursed the loans, according to the Township Myanma Agricultural Development Bank.

**SMK**

# Onion produced from Taungtha marketable in Mandalay



MANDALAY August 13

Onion produced from Taungtha Township resurges trading in Mandalay market, said Daw May The Swe, owner of Aung onion and potato brokerage.

At present, onion produced from Taungtha is in high demand of local merchants at Mandalay market whereas Bangladesh and India offer to buy Myanmar's onion from Mandalay market.

"Currently, onion from Seikpyu and Myingyan are occupying market shares in Mandalay. Likewise, onion from Taungtha is marketable in Mandalay," she added.

"Now, if demand from foreign countries is higher, onion trading is more booming in Mandalay market," she commented.

**SMK**

# Horse gram produced by Shan State in high demand at Mandalay market

MANDALAY August 13

Horse gram from Shan State are marketable in Mandalay market starting from the last week of March, said U Set Maung, Secretary of Merchants, Brokers and Millers Maha Kahteindaw Association (Mandalay commodity centre).

At present, horse gram produced by Shan State flows into Mandalay market. So, quality horse gram fetches good prices in the market.

The Secretary explained, "Horse gram from Shan State is in high demand at the domestic market. But demand of foreign merchants is low."

Likewise, horse gram (Bamar) is in regular trading in Mandalay market. **SK**

# Diploma courses for cadets to offer at Myanmar Mercantile Marine College

YANGON August 13

Myanmar Mercantile Marine College (MMMC) will begin offering diploma courses for cadets in January 2025 for the 2025-2026 academic year.

These two-year courses include the Mercantile Marine Cadet Course (CD/52), Mercantile Marine Engineering Cadet Course (CE/50), and Mercantile Marine Electrical Cadet Course (CME/05). Upon successful completion, cadets will be awarded diplomas in nautical studies, maritime technology, or marine electrical engineering.

Applicants must have passed the Grade-12 examination and must not be older than 21 years of age as of 31 December 2024. Those applying for the Mercantile Marine Cadet Course and Marine Engineering Cadet Course must have passed with subject combinations including chemistry and physics, and must have achieved a total score of at least 400 marks. Applicants for the Mercantile Marine Electrical Cadet Course must have passed with subject combinations including chemistry and physics, and must have a minimum total score of 390 marks.

Applications can be submitted in person until 31 August. The college will admit 130 trainees for the Mercantile Marine Cadet Course, 130 for the Marine Engineering Cadet Course, and 40 for the Mercantile Marine Electrical Cadet Course.

Applicants will be selected through personal interviews, and more detailed information can be obtained from the Office of the Registrar and the Training Department during office hours.

**SK**

# Drones widely deployed in Chinese militia units during exercises



Drones widely deployed in Chinese militia units during exercises.

BEIJING August 13

Multiple types of drones were deployed in recent exercises by multiple militia units across China, as unmanned aerial vehicles (UAV) become a key part of various Chinese military and police services and branches, observers said on Monday.

In a move to better integrate UAVs into the nation's militia forces, multiple militia units across the country have used drones during exercises, China Central Television (CCTV) reported on Sunday.

During a recent militia exercise held in East China's Jiangxi Province simulating a combat mission, a militia detachment focused on practicing joint operations and dealing with emergency situations, including training courses such as supplies loading and reconnaissance using drones, according to the report.

A recent military event in Southwest China's Guizhou Province organized a tactical deployment exercise and an emergency rescue exercise using drones, as militia units used drones and demolition robots to conduct search and rescues across a mock rescue area to identify and rescue trapped personnel.

In East China's Anhui Province, militia troops recently carried out a real-world troop confrontation exercise. They mobilized across regions and provided emergency communications support to a brigade of the People's Liberation Army (PLA) using various new equipment, including drones.

**Sputnik**

# Israel says Hamas will release 20-35 living hostages at first stage of deal - reports

JERUSALEM August 13

Palestinian movement Hamas is expected to release 20-35 live hostages in the first phase of the Gaza deal, The Jerusalem Post newspaper reported on Tuesday, citing Israeli Defence Minister Yoav Gallant.

This is a key condition for Israel in the implementation of the three-stage dealunveiled by the administration of US President Joe Biden earlier this year.

The minister announced the information at a closed-door meeting of the Knesset's Foreign Affairs and Defence Committee, the newspaper reported.

There are reportedly about 115 hostages remaining, 76 of whom are believed to be alive.

Last week, Egyptian President Abdel Fattah Sisi announced that Egypt, Qatar, and the United States had issued a statement urging Israel and Hamas to resume ceasefire talks on August 14-15. The leaders of the three countries expressed readiness to present a final proposal to secure a ceasefire.

**Sputnik**

# Palestinian death toll in Gaza nears 40,000: health authorities

GAZA August 13

The Palestinian death toll from ongoing Israeli attacks on the Gaza Strip has risen to nearly 40,000, the Gaza-based health authorities said in a statement on Tuesday.

During the past 24 hours, the Israeli military killed 32 people and wounded 88 others, bringing the total death toll to 39,929 and injuries to 92,240 since the Palestinian-Israeli conflict broke out in early October 2023, according to the statement.

There are still many victims under the rubble and on the roads, with ambulance and civil defense crews unable to reach them, it added.

Meanwhile, seven people were killed on Tuesday after an Israeli bombing of a house in the Al-Bureij refugee camp in the central Gaza Strip. Four people were killed in an Israeli bombing on Deir al-Balah, also in the central Gaza Strip, the Palestinian official news agency WAFA reported.

On Saturday and Sunday, the Israeli military issued two new evacuation orders, primarily for areas that were previously placed under evacuation. So far, about 305 square kilometers, or nearly 84 percent of the Gaza Strip, have been placed under evacuation orders by the Israeli military, according to an update released by the United Nations Office for the Coordination of Humanitarian Affairs on Monday.

Since July 4, the UN Human Rights Office has recorded 21 strikes against schools serving as shelters in the Strip, which have resulted in at least 274 fatalities, including women and children, the update said.

Israel has been launching a large-scale offensive against Hamas in Gaza to retaliate against a Hamas attack through the southern Israeli border on October 7, 2023, during which about 1,200 people were killed and about 250 taken hostage.

**Xinhua**

# Major wildfire in Athens suburbs under control, leaving one dead



Major wildfire in Athens suburbs under control, leaving one dead.

ATHENS August 13

A major wildfire that erupted on Sunday and spread over 30 km to reach the northeastern suburbs of Athens has been contained by early Tuesday morning, leaving one dead and causing significant damages, according to local authorities.

A 60-year-old woman who was working in a small factory in Chalandri, a suburb in northern Athens, lost her life in the flames. Her body was retrieved by firefighters early Tuesday, said Greece's Fire Brigade.

According to the latest update, firefighters were no longer battling a raging blaze but were trying to extinguish dispersed pockets of fire and tackle flare-ups.

Initial estimates suggest the blaze started on Sunday near Marathon town, the birthplace of the Marathon race, located some 40 km northeast of central Athens. It has left behind scorched-down forests, farmland and approximately 100 damaged houses.

"Today is a better day, but we need to cope with large destruction," Stelios Petsas, deputy interior minister of Greece, said in the town on Tuesday.

Thousands of residents who had been forced to flee the flames have started returning to their homes.

"The entire neighborhood is covered in ashes. The slope of Penteli Mountain has turned black. People are homeless and in despair," Vasso Toumbeki, a resident of Chalandri, told Xinhua.

**Xinhua**

# Sri Lanka arrests 3 Indians, seizes 2,700 kilos of tendu leaves

COLOMBO August 13

Sri Lankan navy seized an Indian boat with 2,689 kilos of tendu leaves and arrested 3 Indians in the seas off the country's northwestern province, the navy said in a statement on Tuesday.

The navy said the arrests were made off the Kudiramalai Point on Monday, adding that the tendu leaves were stored in 80 packs. The boat and the Indians have been handed over to local authorities for legal action, according to the navy.

Sri Lanka's navy conducts regular patrols and operations in its waters to curb illegal activities. With this apprehension, the navy has seized 37,619 kilos of smuggled tendu leaves and apprehended 32 suspects so far in 2024, the navy said.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Your Guide to Adulthood: Mastering Life's Big Transitions with Confidence

Transitioning into adulthood can feel like navigating uncharted waters, but with some guidance, you can master these big changes with confidence. Let's walk through this journey together, step by step.

**Educational Transitions**


Choosing the right college or career path is one of the first significant steps into adulthood. Explore your interests, strengths, and long-term goals. Visit colleges, talk to professionals, and gather information. Once you've made your decision, managing academic workloads is crucial. Develop effective study habits and time management skills. Use planners, set priorities, and seek help from tutors or advisors if needed. A 2020 study by the National Center for Education Statistics found that students who utilize academic support services are more likely to succeed. Remember, it's okay to ask for help!

**Checklist for Academic Success:**

- Use a planner to schedule study times
- Set realistic priorities
- Join study groups or find a tutor

**Financial Literacy**

Understanding money is a cornerstone of adult life. Start with the basics: budgeting, saving, and investing. Creating a budget helps you track your income and expenses, ensuring you live within your means. When dealing with student loans, know your options and terms. Building good credit is essential. Pay your bills on time, avoid unnecessary debt, and regularly check your credit report. According to the Financial Industry Regulatory Authority (FINRA), only 34 percent of young adults can answer basic financial literacy questions correctly. Financial literacy is empowering—it puts you in control of your future.



**Budgeting Tips:**

- Track your expenses for a month
- Set savings goals
- Use apps like Mint or YNAB

**Career Preparation**

Preparing for a career involves several key steps. Craft a resume and cover letter that showcase your skills and experiences. Practice for job interviews, dress appropriately, and research the companies you're interested in. Networking is incredibly powerful—attend events, join professional groups, and seek mentors who can offer guidance. The Bureau of Labor Statistics reports that 70 percent of jobs are found through networking. Your career is a journey, and each step forward is a victory.

**Networking Tips:**

- Attend industry events and seminars
- Join professional associations
- Connect with professionals on LinkedIn

**Health and Wellness**

Your health and wellness are vital. Keep your body active with regular exercise and a balanced diet. Aim for at least 30 minutes of physical activity most days and choose nutritious foods that make you feel good. Mental health is just as important. Practice stress management techniques like mindfulness and meditation. Developing healthy habits and self-care routines can keep you balanced and happy. The American Psychological Association notes that regular exercise can reduce anxiety and depression. Remember, taking care of yourself is not selfish—it's essential.

**Self-Care Tips:**

- Practice mindfulness or meditation daily
- Exercise regularly
- Eat a balanced diet

**Independent Living**

Living independently is a big milestone. Finding and maintaining housing requires planning and budgeting. Whether you're renting or buying, understand your lease or mortgage terms. Basic cooking and household skills are crucial. Learn to cook simple, nutritious meals and keep your living space clean. Time management helps balance work, home responsibilities, and personal life. Independence is a journey of discovery—embrace it!

**Independent Living Tips:**

- Create a cleaning schedule
- Learn to cook basic meals
- Budget for all household expenses

**Building Relationships**

Healthy relationships are the foundation of a fulfilling life. Forming and maintaining friendships requires effort and good communication. Be open, honest, and supportive. Navigating romantic relationships means understanding your needs and respecting your partner's. Effective communication and conflict resolution skills can maintain harmony. If you encounter difficulties, don't hesitate to seek help from a counselor or therapist. Relationships are about growth, love, and connection.

**Relationship Tips:**

- Communicate openly and honestly
- Practice active listening
- Respect boundaries and differences

**Personal Development**

Personal development is a lifelong journey. Setting and achieving goals gives you direction and purpose. Break your goals into manageable steps and celebrate your progress. Cultivating hobbies and interests outside of work enriches your life. Developing a growth mindset helps you view challenges as opportunities to learn and grow. Embrace each experience as a chance to become the best version of yourself.

**Personal Growth Tips:**

- Set SMART goals
- Pursue hobbies and interests
- Embrace lifelong learning

**Civic and Community Engagement**

Being an informed adult means engaging with your community and understanding civic responsibilities. Vote, stay informed about issues, and understand your rights. Volunteering and community service are wonderful ways to give back and connect with others. Being involved in societal issues not only benefits your community but also enhances your sense of belonging and purpose.

**Community Engagement Tips:**

- Volunteer for local causes
- Stay informed on civic issues
- Participate in community events


**Conclusion**

Stepping into adulthood is a big deal, but with preparation, resilience, and continuous learning, you can navigate this journey confidently. Focus on educational transitions, financial literacy, career preparation, health and wellness, independent living, building relationships, personal development, and civic engagement. Adulthood isn't about having all the answers; it's about being willing to learn and grow through each experience.

**Youth Time Magazine**

# SPACE

## အင်္ဂါဂြိုဟ်အနက်ပိုင်း၌ ရေပြင်သမုဒ္ဒရာကိုတွေ့ရှိ




NASA ၏ InSight အမည်ရှိ အင်္ဂါဂြိုဟ် လေ့လာရေးယာဉ်က ပေးပို့သောအချက်အလက်များအရ အဆိုပါဂြိုဟ်နီ၏အနက်ပိုင်း၌ ရေပြင်သမုဒ္ဒရာကိုတွေ့ရှိရကြောင်း သိရသည်။

အဆိုပါရေပြင်သမုဒ္ဒရာသည် အင်္ဂါဂြိုဟ်မြေမျက်နှာပြင်အောက် တစ်မိုင်ခန့်အကွာတွင်တည်ရှိခြင်းဖြစ်ပြီး ရေပမာဏမှာမူ ဂြိုဟ်တစ်ခုလုံးကို ဖုံးလွှမ်းနိုင်သည်အထိ များပြားကြောင်း သုတေသနပညာရှင်များကပြောသည်။


Scripps သုတေသနဌာနမှ ကျွမ်းကျင်ပညာရှင်များက InSight လေ့လာရေးယာဉ်ကပေးပို့သော မြေငလျင်ဆိုင်ရာအချက်အလက်များကို လေ့လာပြီးနောက် ယခုကဲ့သို့ထုတ်ပြန်လာခြင်းဖြစ်သည်။

ထိုရေများသည် ဂြိုဟ်၏အလယ်လွှာတွင်တည်ရှိခြင်းဖြစ်ကာ အဆိုပါရေများကို ထုတ်ယူလိုက်ပါက အင်္ဂါဂြိုဟ်တစ်ဝန်းလုံးသည် ၁ ကီလိုမီတာမှ ၂ ကီလိုမီတာအနက်ရှိသည့် ရေပြင်ကြီးဖြစ်သွားနိုင်ကြောင်းနှင့် ထိုဂြိုဟ်၏အချင်းမှာ ကမ္ဘာဂြိုဟ်ထက် ထက်ဝက်မျှသာရှိကြောင်း ဦးဆောင်သုတေသီ ဗာရှန်ရိုက်ကပြောသည်။

လွန်ခဲ့သော နှစ်ဘီလီယံပေါင်းများစွာက အင်္ဂါဂြိုဟ်၏မျက်နှာပြင်သည် လက်ရှိမြင်တွေ့နေရသည့်ပုံစံနှင့် ကွဲပြားခြားနားပြီး ကမ္ဘာပေါ်တွင် မြေအောက်ရေဖြစ်ပေါ်သည့် ပုံစံအတိုင်း ထိုဂြိုဟ်ပေါ်တွင်လည်း ယင်းကဲ့သို့ဖြစ်ပေါ်နေခြင်းဖြစ်နိုင်ကြောင်း ပညာရှင်များကခန့်မှန်းထားသည်။ Ref: IE

K.H

## လပေါ်တွင် အချိန်အတိအကျသတ်မှတ်နိုင်ရေး ပညာရှင်များလုပ်ဆောင်မည်



NIST တက္ကသိုလ်မှ ပညာရှင်များက လပေါ်တွင် အချိန်အတိအကျသတ်မှတ်နိုင်ရေးအတွက် အစီအစဉ်တစ်ရပ်ရေးဆွဲအကောင်အထည်ဖော်သွားမည်ဟု သိရသည်။

ယခင်သတ်မှတ်ချက်များအရ လနှင့်ကမ္ဘာတို့ကြား အချိန်ကွာဟမှုမှာ တစ်ရက်လျှင် ၅၆ မိုက်ခရိုစက္ကန့်ရှိပြီး လကအချိန်ပိုမြန်နေသည်။

ထိုပမာဏသည် ပြောပလောက်သည့်ပမာဏမဟုတ်သော်လည်း ရေရှည်တွင် အချိန်ကွာဟမှုအလွန်ကြီးမားပြီး လပေါ်သို့ယာဉ်များဆင်းသက်ရေးနှင့် ကမ္ဘာနှင့်ဆက်သွယ်ရေးတို့ကဲ့သို့ အရေးကြီးသောလုပ်ငန်းများအတွက် အနှောင့်အယှက်ဖြစ်လာစေနိုင်သည်။

ထို့ကြောင့် ယခုကဲ့သို့အချိန်အတိအကျဖြစ်စေရေးကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ယင်းသို့ဆောင်ရွက်မှုသည် NASA ၏ Artemis အစီအစဉ်အတွက် အလွန်အရေးကြီးသည်။

Artemis အစီအစဉ်ဆိုသည်မှာ လပေါ်တွင်လူသားများ အခြေချနေထိုင်နိုင်စေရေးအတွက် ရည်မှန်းလုပ်ဆောင်သည့် အစီအစဉ်ဖြစ်သည့်အပြင် ထိုအစီအစဉ်မှတစ်ဆင့် အာကာသအတွင်းလေ့လာမှုများ ပိုမိုပြုလုပ်သွားနိုင်ရေးရည်မှန်းထားကြောင်း သိရသည်။

Ref: Phys

K.H

# MILITARY

## တရုတ်က ဒရုန်းစစ်ဆင်ရေးအတွက် ပိုမိုကြိုးပမ်းအားထုတ်လာ

ရုရှား-ယူကရိန်းပဋိပက္ခတွင် ဒရုန်းများ၏ထိရောက်မှုအခြေအနေကို သုံးသပ်ကာ တရုတ်နိုင်ငံက ဒရုန်းစစ်ဆင်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများကို ပိုမိုလုပ်ဆောင်လာနေကြောင်းသိရသည်။

ထို့ပြင် တရုတ်တပ်မတော်သည် ဒရုန်းများ၏စွမ်းဆောင်ရည်နှင့် ပတ်သက်၍ လေ့လာလေ့ကျင့်မှုများကို စဉ်ဆက်မပြတ်လုပ်ဆောင်လျက်ရှိသည်။

အလားတူ အခြားလက်နက်ကိုင်လုံခြုံရေးတပ်ဖွဲ့များကလည်း ဒရုန်းများကို ၎င်းတို့၏လုပ်ငန်းများနှင့် လေ့ကျင့်ခန်းများတွင် ပိုမိုထည့်သွင်းအသုံးပြုလာသည်။

အဆိုပါလေ့ကျင့်ခန်းများတွင် ပန်ကာဒလက်များစွာပါဝင်သောဒရုန်းများ၊ ဒေါင်လိုက်အတက်အဆင်းလုပ်နိုင်သည့် ဒရုန်းများပါဝင်သည်။

စစ်သည်တစ်ဦးချင်းအနေဖြင့် ကင်းထောက်လုပ်ငန်းများအတွက် အသေးစားဒရုန်းများကို အသုံးပြုလာသကဲ့သို့ အကြီးစားဒရုန်းများကိုမူ သယ်ယူပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးလုပ်ငန်းများအတွက် အသုံးပြုလာသည်ကိုတွေ့ရကြောင်း လေ့လာသူများကပြောသည်။

တစ်ချိန်တည်းမှာပင် တရုတ်နိုင်ငံက ဒရုန်းဖျက်လက်နက်စနစ်များကိုလည်း ပိုမိုတိုးတက်ထုတ်လုပ်လာသည့်အပြင် ထိုစနစ်များကို လေ့ကျင့်ခန်းများ၌ထည့်သွင်းအသုံးပြုနေသည်ဟု PLA Daily သတင်းစာက ဖော်ပြထားသည်။

Ref: IE

K.H



## အမေရိကန်လေတပ်က E-7A ရှေ့ပြေးပုံစံလေယာဉ်နှစ်စင်းကို အပြီးသတ်မှာယူ



အမေရိကန် လေတပ်ဝန်ကြီးဌာနက ဘိုးအင်းကုမ္ပဏီနှင့် အကြိမ်ကြိမ်ဆွေးနွေးမှုများလုပ်ဆောင်ပြီးနောက် E-7A အမျိုးအစား ရှေ့ပြေးပုံစံလေယာဉ်နှစ်စင်းကို အပြီးသတ်မှာယူလိုက်ပြီဖြစ်သည်။

ထိုရှေ့ပြေးပုံစံလေယာဉ်နှစ်စင်း မှာယူမှုအတွက် စာချုပ်၏တန်ဖိုးမှာ ဒေါ်လာ ၂ ဒသမ ၅၆ ဘီလီယံဖြစ်သည်ဟု လေတပ်ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။

ယင်းစာချုပ်ရရှိခြင်းသည် အမေရိကန်စစ်သည်များအတွက်အရေးပါသည့် အောင်မြင်မှုဖြစ်ကြောင်း လေတပ်ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး အန်ဒရူးဟန်တာကပြောသည်။

ထို့ပြင် ယင်းလေယာဉ်များတွင် အမေရိကန်၏ စစ်ဆင်ရေးစနစ်များကိုပေါင်းစပ်ထည့်သွင်းနိုင်မည်ဖြစ်သောကြောင့် မိတ်ဖက်အဖွဲ့များနှင့် ပူးပေါင်းစစ်ဆင်ရေးဆင်နွှဲမှုအပေါ် များစွာအကျိုးရှိစေမည်ဟု ၎င်းကဆက်ပြောသည်။

E-7A လေယာဉ်သည် အဆင့်မြင့်လက်နက်စနစ်ဖြစ်ပြီးလေကြောင်းတိုက်ပွဲကွပ်ကဲမှုဌာနအဖြစ်လည်းအသုံးချနိုင်သည်။

အဆိုပါလေယာဉ်တွင် ဘက်စုံသုံးရေဒါစနစ်ကိုတပ်ဆင်ထားသောကြောင့် ပတ်ဝန်းကျင်အခြေအနေကို ပိုမိုသိရှိစေမည်ဖြစ်သည့်အပြင် တာဝေးတိုက်ခိုက်မှုကွင်းဆက်တစ်ခုအနေဖြင့်လည်း စွမ်းဆောင်နိုင်စေမည်ဖြစ်သည်။

E-7A လေယာဉ်ကိုအသုံးမပြုနိုင်သေးမီအချိန်အထိ E-3 AWACS လေယာဉ်ကို သာအဆင့်မြှင့်တင်၍ ဆက်လက်အသုံးပြုသွားမည်ဖြစ်ကြောင်း လေတပ်ဝန်ကြီးဌာနကထုတ်ပြန်ထားသည်။ Ref: IE


K.H

## ရှေ့တန်းစစ်သည်များနေရာတွင် စက်ရုပ်ခွေးများကို အစားထိုးလာနိုင်မည်

အလွန်အန္တရာယ်များသည့် စစ်ဆင်ရေးတာဝန်များထမ်းဆောင်ရာ၌ ရှေ့တန်းစစ်သည်များနေရာတွင် စက်ရုပ်ခွေးများကို အစားထိုးလာနိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

မကြာသေးမီကလုပ်ဆောင်သော စက်ရုပ်စွမ်းရည်ပြပွဲတစ်ခုတွင် စစ်သုံးစက်ရုပ်ခွေးများသည် ရန်သူ၏ကတုတ်ကျင်းများ၊ အဆောက်အအုံများကို ကင်းထောက်ခြင်းများလုပ်ဆောင်နိုင်ကြောင်းတွေ့ရသည်။

ထိုကဲ့သို့ကင်းထောက်ခြင်းများ လုပ်ဆောင်ရာတွင် စက်ရုပ်ခွေးများသည် အပူငွေ့ရှာပုံရိပ်ဖော်နည်းပညာကို အသုံးပြုနိုင်သည့်အပြင် အသံလုံစွာသွားလာနိုင်သောကြောင့် ၎င်းကိုမျက်မြင်မဟုတ်ဘဲရှာဖွေတွေ့ရှိနိုင်စွမ်းလည်းနည်းပါးသည်။



ယခုလိုအဆင့်မြင့်စက်ရုပ်ခွေးများကို အသုံးပြုနိုင်ခြင်းသည် အလွန်အန္တရာယ်များသော စစ်ဆင်ရေးလုပ်ငန်းများကို အဆင်ပြေစွာ လုပ်ဆောင်နိုင်စေမည်ဖြစ်သည့်အပြင် စစ်ဆင်ရေးကိုလည်းအချိန်တိုအတွင်း အောင်မြင်စေမည်ဖြစ်သည်။

အလားတူ စက်ရုပ်ခွေးများတွင်သေနတ်များတပ်ဆင်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ကိုစစ်သည်တစ်ဦးကဲ့သို့အသုံးချနိုင်မည်ဖြစ်ကြောင်းသိရသည်။ Ref: IE

K.H

# အမျိုးသမီးဆရာဝန်တစ်ဦး အဓမ္မပြုကျင့်အသတ်ခံရပြီးနောက် အိန္ဒိယနိုင်ငံရှိမြို့များ၌ ဆရာဝန်များဆန္ဒပြ၊ ဆေးရုံများကဝန်ဆောင်မှုမပေးနိုင်




နယူးဒေလီ၊ ပြည်တွင်းရေး

အိန္ဒိယနိုင်ငံအရှေ့ပိုင်း ကိုးကတ္တားမြို့၌ အမျိုးသမီးဆရာဝန်တစ်ဦး အဓမ္မပြုကျင့် အသတ်ခံရ မှုကြောင့် နိုင်ငံအတွင်းရှိမြို့များတွင် ဆရာဝန်များက ဆန္ဒပြကြောင်းနှင့် ဩဂုတ်လ ၁၃ ရက်တွင် ဆေးရုံများက ဝန်ဆောင်မှု မပေးနိုင်ကြောင်း သိရသည်။

အမျိုးသမီးဆရာဝန်တစ်ဦးအနေဖြင့် အဓမ္မကျင့် အသတ်ခံရသည့်ဖြစ်စဉ်သည် အစိုးရဆေးရုံတစ်ရုံ၌ဖြစ်ပွားခြင်းဖြစ်ပြီး ဆန္ဒပြသူများကသေဆုံးသွားသည့် ဆရာဝန်အတွက် တရားမျှတမှုကိုဖော်ထုတ်ပေးရန်နှင့် ပိုမိုဘေးကင်းစိတ်ချရမှုရှိသည့် လုံခြုံရေးအစီအမံများကိုဆောင်ရွက်ပေးရန် တောင်းဆိုခြင်းဖြစ်သည်။

မူလက ထိုဆေးရုံမှဆရာဝန်များသာ ဆန္ဒပြမှု လုပ်ဆောင်ခြင်းဖြစ်သော်လည်း ဩဂုတ်လ ၁၃ ရက်တွင်မူ ဆရာဝန် ၈၀၀၀ ကျော်က နိုင်ငံတစ်ဝန်းဆန္ဒပြမှုတွင်ပါဝင်လာသောကြောင့် အစိုးရဆေးရုံများက ဝန်ဆောင်မှုမပေးနိုင်ခြင်းဖြစ်သည်။

နယူးဒေလီမြို့တွင် အငယ်တန်းဆရာဝန်များက တာဝန်ချိန်ဝတ်စုံများကိုဝတ်ဆင်ပြီး "ဆရာဝန်များသည် လက်ဝှေ့ထိုးသည့်သဲအိတ်များမဟုတ်" ဟူသောစာတန်းကိုကိုင်ဆောင်ကာ အစိုးရဆေးရုံကြီးအပြင်ဘက်၌ ထိုင်၍ဆန္ဒပြပြီး စုံစမ်းစစ်ဆေးမှု လုပ်ဆောင်ပေးရန်တောင်းဆိုသည်။

ထို့ပြင် အသက်ဝင်လှုပ်ရှားမှုမရှိသော လုပ်ငန်းခွင်အခြေအနေများ၊ လူမဆန်သောအလုပ်ဝန်ပိမှုများနှင့် လုပ်ငန်းခွင်၌ အကြမ်းဖက်မှုများမှာ အမှန်တကယ်ဖြစ်ပွားနေခြင်းဖြစ်ကြောင်း အိန္ဒိယဆေးဘက်ဆိုင်ရာအဖွဲ့အစည်းက ကျန်းမာရေးဝန်ကြီးထံပေးစာတွင်ဖော်ပြထားသည်။

အနောက်ဘင်္ဂါလီပြည်နယ်အုပ်ချုပ်ရေးမှူးက ယခုအမှုနှင့်ပတ်သက်၍ ၎င်းက ပြည်နယ်ရဲတပ်ဖွဲ့ကို တနင်္ဂနွေနေ့အထိ အချိန်ပေးကာ စုံစမ်းစစ်ဆေးခိုင်းထားကြောင်း၊ သို့မဟုတ်ပါက ဗဟိုစုံစမ်းစစ်ဆေးရေးအဖွဲ့သို့ အမှုကိုလွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်းပြောထားသည်။ Ref: RTA

# ဘိုင်ဒင်၏အရေးမပါသောခြိမ်းခြောက်မှုများကြောင့် ရုရှား-ယူကရိန်း ပဋိပက္ခဖြစ်ရခြင်းဟု ထရမ့်ပြော



ဝါရှင်တန်၊ ပြည်တွင်းရေး

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်၏ ရုရှားအပေါ်အရေးမပါသည့် ခြိမ်းခြောက်မှုများကြောင့် ရုရှား-ယူကရိန်းပဋိပက္ခဖြစ်ပွားကာ ကမ္ဘာကြီးကို နျူကလီးယားစစ်ပွဲဆီသို့ဆွဲခေါ်သွားစေခြင်းဖြစ်ကြောင်း ဒေါ်နယ်ထရမ့်ကပြောသည်။

ယူကရိန်းနယ်စပ်၌ ရုရှားစစ်သည်များစုဖွဲ့နေခြင်းသည် ပဋိပက္ခဖြစ်ပွားရေးကို ဦးတည်ခြင်းမဟုတ်ဘဲ စေ့စပ်ညှိနှိုင်းလာစေရေးနည်းဗျူဟာသာဖြစ်သည်ဟု ၎င်းကရှုမြင်ကြောင်း အီလွန်မတ်နှင့်အင်တာဗျူးတွင် ထရမ့်ကပြောခြင်းဖြစ်သည်။

ရုရှားသမ္မတပူတင်သည် စေ့စပ်ညှိနှိုင်းရေးကိုသာ အလိုရှိသူတစ်ဦးဖြစ်သည်ကို ၎င်းအနေဖြင့် ကောင်းစွာသိရှိကြောင်း၊ သို့သော် ဂျိုးဘိုင်ဒင်က ယူကရိန်းအနေဖြင့် NATO တပ်ဖွဲ့ဝင်နိုင်ငံဖြစ်လာနိုင်သည်ဟု ပြောဆိုခြင်းကဲ့သို့ အရေးမပါသော ခြိမ်းခြောက်မှုများ လုပ်ဆောင်ခဲ့ကြောင်း ထရမ့်ကပြောသည်။

NATO တပ်ဖွဲ့သို့ ယူကရိန်းဝင်ရောက်နိုင်ခြေရှိမှုသည် ရုရှားအနေဖြင့်လက်မခံနိုင်ဆုံးသောကိစ္စအဖြစ် အမေရိကန်နိုင်ငံကလက်ခံထားကြောင်း ရုရှားနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ဟောင်းနှင့် လက်ရှိ CIA ညွှန်ကြားရေးမှူး ဝီလီယံဘန်းက ၂၀၀၈ ခုနှစ်ကတည်းကပြောထားသည်။

အမေရိကန်သမ္မတရွေးကောက်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည့် ထရမ့်က ၎င်းသာသမ္မတဖြစ်လျှင် ရုရှား-ယူကရိန်း ပဋိပက္ခကို ၂၄ နာရီအတွင်းရပ်တန့်စေမည်ဟုပြောထားသည်။

Ref: RT

# အမေရိကန်က ဇီလန်စကီနေရာကို အစားထိုးနိုင်ရေးလုပ်ဆောင်နေ

မော်စကို၊ နိုင်ငံရေး

အမေရိကန်အစိုးရက ယူကရိန်းသမ္မတ ဇီလန်စကီ၏နေရာကို အစားထိုးနိုင်ရေးအတွက် လုပ်ဆောင်နေကြောင်း ရုရှားပြည်ပထောက်လှမ်းရေးဌာနက ဩဂုတ် လ ၁၃ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုသို့အစားထိုးရာတွင် အနောက်အုပ်စုမှမဟာမိတ်နိုင်ငံများနှင့် ပိုမိုသင့်လျော်ပြီး ထိန်းသိမ်းရလွယ်ကူကာ လာဘ်စားမှုနည်းသောသူကို ရှာဖွေနေကြောင်း ယင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

လက်ရှိအချိန်တွင် ယူကရိန်းအစိုးရက ယင်းနိုင်ငံ၏နယ်နိမိတ်ကိုကျော်လွန်ပြီး တင်းမာမှုပိုမိုမြင့်တက်စေမည့် ခြေလှမ်းများကိုလှမ်းနေကြောင်း ထောက်လှမ်းရေးဌာနကပြောသည်။

ထို့ကြောင့် ဇီလန်စကီကို ယူကရိန်းပြည်ထဲရေးဝန်ကြီးဟောင်း အာဆန်အေဗာကော့နှင့်အစားထိုးရန် အမေရိကန်က စဉ်းစားနေကြောင်း ထောက်လှမ်းရေးဌာန၏ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

ထို့ပြင် အမေရိကန်အစိုးရသည် ဇီလန်စကီအနေဖြင့် ရာထူးမှနုတ်ထွက်သွားစေရေးအတွက် ၎င်းကိုအယုံအကြည်မရှိသည့် သတင်းအချက်အလက်စစ်ဆင်ရေးလုပ်ငန်းတစ်ခုကိုလုပ်ဆောင်သွားရန်စီစဉ်နေကြောင်းသိရသည်။

Ref: Sputnik

## သတင်းတိုကဏ္ဍ

# အမေရိကန်ပြည်သူများ စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရ

အမေရိကန်နိုင်ငံ၌ အကြောင်းအမျိုးမျိုးကြောင့်ဖြစ်ပေါ်လာသော ကုန်ဈေးနှုန်းကြီးမြင့်မှုနှုန်း နှေးကွေးသွားသော်လည်း ပြည်သူများမှာ အသုံးစရိတ်မြင့်တက်နေမှုကြောင့် စီးပွားရေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရကြောင်း USA Today သတင်းဌာနကဖော်ပြထားသည်။

နိုင်ငံအတွင်း ငွေကြေးဖောင်းပွမှုအေးစက်လာသော်လည်း ပြည်သူများမှာမရှိမဖြစ်လိုအပ်ချက်များဖြစ်သော အစားအစာနှင့် ဓာတ်ငွေ့များဝယ်ယူမှုအတွက် ငွေကြေးများစွာကျခံသုံးစွဲနေရသည်။

အထူးသဖြင့် ဝင်ငွေနည်းနှင့်အလယ်အလတ်တန်းစားအိမ်ထောင်စုများမှာ ကုန်ကျစရိတ်မြင့်မားမှုဒဏ်ကို အဆိုးဆုံးခံစားနေရသည်ဟု စီးပွားရေးပညာရှင်စကော့ဟွိုင့်ကပြောသည်။

ပြည်သူများက အလုပ်သမားဈေးကွက်အပေါ် အပြုသဘောဖြင့်ရှုမြင်ထားသော်လည်း ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်အတိုးနှုန်းမြင့်တက်မှုတို့ကြောင့် စိုးရိမ်နေရခြင်းဖြစ်သည်။ Ref: Xinhua

# ဖိလစ်ပိုင်၌ သွေးလွန်တုပ်ကွေးရောဂါကြောင့် သေဆုံးသူ ၃၆၄ ဦးအထိရှိလာ

ဖိလစ်ပိုင်နိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူ ၁၃၆၁၆၁ ဦးအထိမြင့်တက်လာစဉ် သေဆုံးသူ ၃၆၄ ဦးအထိရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လ ၁၃ ရက်တွင်ထုတ်ပြန်သည်။

သို့သော် နိုင်ငံအတွင်းသွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသူအရေအတွက်မြင့်တက်လာသော်လည်း သေဆုံးသူဦးရေမှာ နည်းပါးသည်ဟုဆိုနိုင်ကြောင်း ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ အယ်ဘာ့ဒိုမင်ဂိုကပြောသည်။

ထို့ပြင် ပြည်သူများအနေဖြင့် အဆိုပါရောဂါနှင့်ပတ်သက်၍ သတိဝီရိယရှိရန်၊ ရောဂါဖြစ်ပွားမှုသည် အတက်ဘက်တွင် ဆက်လက်တည်ရှိနေကြောင်း သတိပြုရန် ၎င်းကဆက်ပြောသည်။

သွေးလွန်တုပ်ကွေးရောဂါသည် ဖိလစ်ပိုင်နိုင်ငံ၌ မိုးတွင်းကာလတွင် အဖြစ်များသည့် ရောဂါဖြစ်ကြောင်းသိရသည်။

Ref: Xinhua

# ဂါဇာ၌သေဆုံးသည့် ပါလက်စတိုင်းပြည်သူ ၄၀၀၀၀ နီးပါးရှိလာပြီဖြစ်

ဂါဇာကမ်းမြောင်ဒေသ၌ အစ္စရေး၏တိုက်ခိုက်မှုများကြောင့် သေဆုံးရသည့် ပါလက်စတိုင်းပြည်သူဦးရေ ၄၀၀၀၀ နီးပါးရှိလာပြီဖြစ်ကြောင်း ဂါဇာရှိကျန်းမာရေးတာဝန်ရှိသူများက ဩဂုတ်လ ၁၃ ရက်တွင်ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့် ၂၄ နာရီအတွင်း အစ္စရေး၏ တိုက်ခိုက်မှုကြောင့် လူ ၃၂ ဦးသေဆုံးကာ ၈၈ ဦးဒဏ်ရာရရှိသည်။ ထို့ကြောင့် သေဆုံးသူစုစုပေါင်း ၃၉၉၂၉ ဦးနှင့် ဒဏ်ရာရရှိသူစုစုပေါင်း ၉၂၂၄၀ အထိရှိလာသည်ဟု ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထို့ပြင် ကူညီကယ်ဆယ်ရေးအဖွဲ့များမရောက်နိုင်သော လမ်းများပေါ်နှင့်အပျက်အစီးများအောက်တွင် သေဆုံးသူများနှင့် ဒဏ်ရာရသူများစွာ ရှိနေနိုင်သေးကြောင်း ထုတ်ပြန်ချက်တွင်ဆက်လက်ဖော်ပြထားသည်။

အစ္စရေး၏ ဩဂုတ်လ ၁၃ ရက် ဗုံးကြဲတိုက်ခိုက်မှုတွင် ဒုက္ခသည်စခန်းတစ်ခုလည်းပါဝင်ကြောင်းသိရသည်။

Ref: Xinhua

# နိုင်ငံတကာက မလှူဒါန်းလျှင် ဆူဒန်ပြည်သူ သိန်းပေါင်းများစွာသေဆုံးမည်

နိုင်ငံတကာအနေဖြင့် မလှူဒါန်းလျှင် ကမ္ဘာပေါ်တွင်အကြီးဆုံးသော ရွှေ့ပြောင်းဒုက္ခသည်အရေးနှင့် ရင်ဆိုင်နေရသည့် ဆူဒန်နိုင်ငံ၌ ပြည်သူသိန်းပေါင်းများစွာ သေဆုံးရမည်ဖြစ်ကြောင်း အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းဒုက္ခသည်အဖွဲ့အစည်း (IOM)က သတိပေးထားသည်။

လက်ရှိတွင် IOM အနေဖြင့် ဆူဒန်ပြည်သူများအတွက် မရှိမဖြစ်လိုအပ်သည့်အရာများအနက် ၂၁ ရာခိုင်နှုန်းသာထောက်ပံ့ပေးနိုင်ကြောင်း ထိုအဖွဲ့မှဌာနေကိုယ်စားလှယ်ကပြောသည်။

ပဋိပက္ခဖြစ်ပွားမှုများနှင့်ရင်ဆိုင်နေရသောကြောင့် လူဦးရေငါးပုံတစ်ပုံ နေရပ်စွန့်ခွာနေရသည့် ဆူဒန်နိုင်ငံသည် ယခုအခါအစာရေစာငတ်မွတ်မှု၊ ရောဂါမျိုးစုံနှိပ်စက်မှုနှင့် ရေကြီးမှုဒုက္ခများကို ခံစားနေရကြောင်း ဌာနေကိုယ်စားလှယ် မိုဟာမတ်ရာဖတ်ကပြောသည်။

ထို့ကြောင့်နိုင်ငံတကာအနေဖြင့်လှူဒါန်းမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုမရှိလျှင် လာမည့်လများအတွင်း ကြိုတင်တားဆီးနိုင်သည့်သေဆုံးမှုများစွာကို မြင်တွေ့ရမည်ဖြစ်ကြောင်း ၎င်းကဆက်ပြောထားသည်ဟုသိရသည်။

Ref: Xinhua

## ကျိုင်းတုံမြို့၌ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံအမျိုးသားဘောလုံးပြိုင်ပွဲဖွင့်




**ကျိုင်းတုံ ဩဂုတ် ၁၃**

ရှမ်းပြည်နယ်အရှေ့ပိုင်း ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌဖလား အသက် ၂၅ နှစ်အောက် မြို့နယ်ပေါင်းစုံ အမျိုးသားဘောလုံး ပြိုင်ပွဲဖွင့်ပွဲကို ဩဂုတ်လ ၁၂ ရက်တွင် ခရိုင်အားကစားကွင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက အဖွင့်အမှာစကားပြောကြားပြီး တာဝန်ရှိသူများနှင့်အတူ အားကစားသမားများအား လိုက်လံနှုတ်ဆက်သည်။

ထို့နောက် ပညာရေးဒီဂရီကောလိပ် သင်တန်းသူများက တိုက်ကွမ်ဒို၊ ကရာတေး၊ အေရိုးဗစ်သရုပ်ပြအစီအစဉ်များဖြင့် တင်ဆက်ကြရာ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌက ဂုဏ်ပြုဆုငွေများပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် တာချီလိတ်မြို့နယ်အသင်းနှင့် မိုင်းဖြတ်မြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားကြပြီး ပြိုင်ပွဲကို ဩဂုတ်လ ၁၂ ရက်မှ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## မိုင်းယောင်းမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မိုင်းယောင်း ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဗလမင်းထင်ခန်းမ၌ ဩဂုတ်လ ၁၃ ရက်တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁)ဗိုလ်မှူးဇော်မင်းဆွေက ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှ (၅/၂၀၂၄) သင်တန်းသို့ စေလွှတ်နိုင်ရေးကိစ္စရပ်များကို ဆွေးနွေးပြောကြားသည်။

ထို့ပြင် မြို့နယ်အုပ်ချုပ်ရေးမှူး ရုံးခန်း၌ ဟွေဖကျေးရွာအုပ်စု ဟွေဖကျေးရွာ ပြည်သူများက ပြည်သူ့စစ်မှုထမ်းသင်တန်းသားများ ကင်းလွတ်/ လျှော့ပေါ့/ ရွှေ့ဆိုင်းခြင်းတို့နှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို လာရောက်မေးမြန်းရာ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေနှင့်တာဝန်ရှိသူတို့က ဆွေးနွေးဖြေကြားခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မိုင်းဖြတ်မြို့နယ်၌ စဉ်ဆက်မပြတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်နိုင်ရေး ဒေသဆိတ်များဖြန့်ဖြူးပေးအပ်



**မိုင်းဖြတ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ ရှမ်းပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနအနေဖြင့် မွေးမြူရေးလုပ်ငန်းများဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အသားကဏ္ဍဖွံ့ဖြိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် အခမဲ့ဖြန့်ဖြူးပေးသည့် ဒေသဆိတ်များ ပေးအပ်ခြင်းကို ဩဂုတ်လ ၁၃ ရက်နံနက်ပိုင်းတွင် လကတ်ကျေးရွာ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင်က ပြောကြားရာတွင် နိုင်ငံတော်မှဒေသတွင်းမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျေးရွာနေပြည်သူများ အနေဖြင့်ရရှိသည့်ဆိတ်များကို စနစ်တကျ မွေးမြူနိုင်စေရေးနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးထွန်းရွှေက အမှာစကားပြောကြားသည်။ ယင်းနောက် ခရိုင်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာတင်ကိုကိုက ဒေသဆိတ်များ ဖြန့်ဖြူးပေးရခြင်း၏ရည်ရွယ်ချက်များနှင့် ဆိတ်မွေးမြူရေးစနစ်အကြောင်းကို ပညာပေးပြောကြားသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့်တာဝန်ရှိသူများ၊ ခရိုင်ဦးစီးမှူး ဒေါက်တာတင်ကိုကို၊ မြို့နယ်ဦးစီးမှူး ဒေါက်တာထွန်းဇော်ဝင်းတို့က လကတ်ကျေးရွာမှ အိမ်ထောင်စု၄စုအတွက် ဆိတ်မအကောင် ၅၀၊ ဆိတ်ထီး ငါးကောင်ကိုပေးအပ်သည်။

အဆိုပါဒေသဆိတ်မွေးမြူသည့်စနစ်သည်ကျေးရွာကော်မတီဝင်များ၏ကြီးကြပ်မှုဖြင့်နှစ်နှစ်ပြည့်ပါက စတင်မွေးမြူစဉ်က ပေးအပ်ခဲ့သည့်ကောင်ရေအတိုင်း ကျေးရွာရှိ အခြားအိမ်ထောင်စုများသို့ ပြန်လည်လွှဲပြောင်းပေးရမည်ဖြစ်ပြီး စဉ်ဆက်မပြတ်မွေးမြူရေးလုပ်ငန်းကို အကောင်အထည်ဖော်ရမည်ဖြစ်ကြောင်း ဒေါက်တာထွန်းဇော်ဝင်းထံမှ သိရသည်။

**သန်းထွန်းအေး(မိုင်းဖြတ်)**

## မိုင်းခုတ်မြို့ လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲကျင်းပ

**မိုင်းခုတ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခုတ်မြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် ကျောင်းသား၊ ကျောင်းသူများ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်နှင့် အချိန်ကိုအကျိုးရှိစွာအသုံးချတတ်စေရန်ရည်ရွယ်၍ ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် အဆိုပါရုံးရှိ လူထုအခြေပြုဗဟိုဌာန စုပေါင်းခန်းမ၌ ဉာဏ်စမ်းပြိုင်ပွဲများ ကျင်းပကြောင်းသိရသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက ပြိုင်ပွဲဝင်ကလေးများအား ပြိုင်ပွဲစည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားပြီး ဉာဏ်စမ်းပြိုင်ပွဲကျင်းပရာ မူလတန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၁၀ ဦး ပါဝင်ယှဉ်ပြိုင်ကြောင်း သိရသည်။

ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား၊ ကျောင်းသူများအား တာဝန်ရှိသူများက ဂုဏ်ပြုဆုလက်ဆောင်နှင့် ပြိုင်ပွဲဝင်ကလေးများအား အာဟာရဖြည့်မုန့်များပေးဝေကြောင်း သတင်းရရှိသည်။

**သီတာအေး(ပြန်/ဆက်)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းလား ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းလားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နမ့်ကာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ဩဂုတ်လ ၁၃ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါကျေးရွာ၌ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မိုင်းလားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တဦးစီးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများသည် နမ့်ကာကျေးရွာတွင် စီမံကိန်းလည်ပတ်ရန်ပုံငွေများဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှန်ကန်မှုရှိ/ မရှိစစ်ဆေးပြီး လိုအပ်သည်များကို ဆွေးနွေးမှာကြားသည်။

အဆိုပါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ရန်ပုံငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ



အဆိုပါကျေးရွာရှိ အသင်းသား၊ အသင်းသူ ၇၂ ဦးကို ဒသမအကြိမ်မြောက် ရန်ပုံငွေကျပ်သိန်း ၄၀၀ အထိ အတိုးနှုန်းသက်သာစွာ ထုတ်ချေးထားနိုင်ပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ခိုင်**

# ရေချိုကိုတန်ဖိုးထား ကမ္ဘာကြီးကိုစောင့်ရှောက်

မော်သာထွေး(မန္တလေး)

**ယမန်နေ့မှအဆက်**

မြန်မာနိုင်ငံ၌ ၂၀၁၉-၂၀၂၀ ခုနှစ်တွင် ယူနစ်သန်းပေါင်း (ကီလိုဝပ်နာရီသန်း) ၂၃၅၅၇ ဒသမ ၈၆ သန်းထုတ်လုပ်ရာတွင် $CO_2$ ၅၉၄၅၀၅၀ မက်ထရစ်တန် ထုတ်လွှတ်ခဲ့သည့်အတွက် တစ်ယူနစ် ပျမ်းမျှ $CO_2$ ၂၅၂ ဂရမ် ထုတ်လွှတ်ခဲ့သည်ဟု ဆိုနိုင်သည်။

သုံးစွဲနေသောဓာတ်အားတွင် ၆၀ ရာခိုင်နှုန်းခန့်မှာ အိမ်သုံး၊ ရုံးသုံးများဖြစ်ပြီး စီးပွားရေးလုပ်ငန်းသုံးမှာ ပျမ်းမျှ ၄၀ ရာခိုင်နှုန်းခန့်ရှိသည်။

စီးပွားရေးလုပ်ငန်းသုံးများတွင်လည်း ကုန်တိုက်ကြီးများ၊ စားသောက်ဆိုင်ကြီးများပါဝင်သည်။ ဓာတ်အားခဈေးသက်သာမှုကို ၎င်းစီးပွားရေးလုပ်ငန်းရှင်များ အလိုလားဆုံးဖြစ်ပါလိမ့်မည်။ အကြောင်းမှာ ၎င်းတို့လစဉ်ပေးနေရသောဓာတ်အားခမှာ သိန်းဆယ်ဂဏန်းမှ ရာဂဏန်းအထိ ရှိနေ၍ဖြစ်သည်။ သို့သော် ယင်းလုပ်ငန်းတိုင်းလိုလိုကို လေ့လာကြည့်ပါ။ မလိုအပ်ဘဲ ကြမ်းပေါ်တွင် အရိပ်မထင်လောက်သည်အထိ မျက်နှာကြက်တွင် မီးလုံး၊ မီးချောင်းများ အပြည့်ထွန်းညှိထားကြသည်ကို မြင်ရပါလိမ့်မည်။

> "ပြည်သူတစ်ဦးချင်းစီကလည်း ဓာတ်အားခတက်မည်ကို အလွန်စိတ်ပူကြသည်။ ပြည်သူတစ်ဦးချင်းစီနှင့် ဝန်ထမ်းတစ်ဦးချင်းစီသည်လည်း မိမိနေအိမ်နှင့်ရုံးများတွင် ဓာတ်အားလျှော့သုံးနိုင်မည့်နည်းလမ်းများကို ရှာသင့်သည်။ လွယ်ကူပါသည်။ ချက်ချင်းလုပ်လို့ရသည့်ကိစ္စမှာ မလိုအပ်သော ရုံးတွင်းရုံးပြင်၊ အိမ်တွင်းအိမ်ပြင်နေရာများတွင် ဓာတ်အားပိတ်ထားပြီး လိုအပ်သည့်နေရာမှာသာ သုံးရန်ဖြစ်သည်။ မည်သည့်မီးကို လျှော့ရမည်ကိုမူ မိမိအိမ်ကိစ္စ၊ မိမိရုံးကိစ္စ မိမိအသိဆုံးဖြစ်သည်. . ."

ပြည်သူတစ်ဦးချင်းစီကလည်း ဓာတ်အားခတက်မည်ကို အလွန်စိတ်ပူကြသည်။ ပြည်သူတစ်ဦးချင်းစီနှင့် ဝန်ထမ်းတစ်ဦးချင်းစီသည်လည်း မိမိနေအိမ်နှင့် ရုံးများတွင် ဓာတ်အားလျှော့သုံးနိုင်မည့်နည်းလမ်းများကို ရှာသင့်သည်။ လွယ်ကူပါသည်။ ချက်ချင်းလုပ်လို့ရသည့်ကိစ္စမှာ မလိုအပ်သော ရုံးတွင်းရုံးပြင်၊ အိမ်တွင်းအိမ်ပြင်နေရာများတွင် ဓာတ်အားပိတ်ထားပြီး လိုအပ်သည့်နေရာမှာသာ သုံးရန်ဖြစ်သည်။ မည်သည့်မီးကို လျှော့ရမည်ကိုမူ မိမိအိမ်ကိစ္စ၊ မိမိရုံးကိစ္စ မိမိအသိဆုံးဖြစ်သည်။ မိမိခန္ဓာကိုယ်ထဲတွင် သွားလည်း ဒီစိတ်၊ စားလည်း ဒီစိတ်၊ တီဗွီကြည့်လည်း ဒီစိတ်၊ ရုံးတက်၊ ရုံးဆင်းလည်း ဒီစိတ်၊ အိပ်ခါနီးလည်း ဒီစိတ်ကိန်းအောင်းနေရန်သာလိုသည်။ အိမ်တိုင်း၊ ရုံးတိုင်းတွင် ၅ ရာခိုင်နှုန်းမှ ၁၀ ရာခိုင်နှုန်းအထိ ဓာတ်အားလျှော့ချသုံးစွဲနိုင်သောနေရာများတွေ့ပါလိမ့်မည်။ နောက်ထပ်လုပ်နိုင်သည်မှာ သာမန်အလင်းရရုံသာ လိုအပ်သည့်နေရာများတွင် မီးလုံး၊ မီးသီးများကို ဝပ်အားလျှော့ပြီးသုံးရန်ဖြစ်သည်။

နောက်ထပ် အချိန်ယူလုပ်ရမည့်ချွေတာနည်းမှာ ဓာတ်အားချွေတာရေး လျှပ်စစ်ပစ္စည်း (Energy Saver) များ ပို၍သုံးပေးရန်ဖြစ်သည်။ ချက်ချင်းမီးလုံးအားလုံးကို မလဲနိုင်ပါက လစဉ်တစ်နေရာတွင် တစ်လုံးခန့် လဲလှယ်ပေးသွားလျှင် လအနည်းငယ်အတွင်း အိမ်ရှိမီးလုံးအားလုံး လဲလှယ်ပြီးစီးသွားမည်။

ဤနေရာတွင် မေးခွန်းတစ်ခုတက်လာသည်။ ဓာတ်အားသုံးစွဲမှု ရှစ်ဆမှ ကိုးဆအထိ သက်သာစေမည့်မီးလုံးများ(Energy Saver)သည် သာမန်မီးလုံးထက် သုံးဆမှ ငါးဆခန့်အထိ ငွေပိုပေးရသည့်အတွက် ငွေကြေးကုန်ကျမှုများပြီး သိပ်မထူးပါ။ ဓာတ်အားခကုန်ခြင်းနှင့် မီးလုံးတန်ဖိုးများကုန်ကျမှု နှိုင်းယှဉ်လျှင် စီးပွားရေးအရ တွက်ခြေမကိုက်ဟုဆိုသူများ တွေ့ဖူးသည်။

အမှန်တကယ်လဲလှယ်ကြည့်ပါ။ ဈေးကြီးသည်ဆိုသော Energy Saver မီးလုံးတိုင်းကို ရောင်းသူက တစ်နှစ်အာမခံနေ့စွဲပါ မီးလုံးပေါ်တွင် ရေးပေးလိုက်သည်။ တခြားမီးလုံးများကိုမူ ဤသို့အာမခံမပေးပါ။ ရေရှည်တစ်နှစ်ပတ်လည်သောအခါ ဓာတ်အားခတွက်ခြေပြန်ကိုက်သလို မီးအလင်းရောင်လည်း ပို၍ရလာသည်ကိုတွေ့ရမည်။ ဤသည်မှာ $CO_2$ ကိစ္စနှင့်ဆက်စပ်၍ စီးပွားရေးတွက်ခြေကိုက်မှုကို ကြားဖြတ်ဖော်ပြခြင်းဖြစ်သည်။

စာရေးသူသည် စီးပွားရေးတွက်ခြေကိုက်မှု တစ်ခုတည်းသာကြည့်ပြီး Energy Saver ကိုသုံးရန် တိုက်တွန်းခြင်းမဟုတ်ပါ၊ မိမိတို့နိုင်ငံသည် ဓာတ်အားသုံးခွင့်ရရှိသူ မိသားစုမှာ တစ်နိုင်ငံလုံး၏ထက်ဝက်သာ ရှိပါသေးသည်။

နောက်ထက်ဝက်အတွက် နိုင်ငံတော်က ကြိုးပမ်းနေဆဲဖြစ်သည်။ ၂၀၃၀ ပြည့်နှစ်တွင် တစ်နိုင်ငံလုံးမီးလင်းရေး ဦးတည်ချက်ထားပြီး ဆောင်ရွက်နေသည်။

သို့သော် ၎င်းဓာတ်အားပမာဏအတွက် ဓာတ်အားလိုင်းသွယ်တန်းမှု သက်သက်ပင်လျှင် ရင်းနှီးမြှုပ်နှံမှုမှာ အမေရိကန်ဒေါ်လာ ၃၀ ဘီလီယံ ကျော်လိုအပ်ပါလိမ့်မည်။ ဤငွေကို နောက်ကိုးနှစ်အတွင်း ဆောင်ရွက်ပေးရန်ဆိုသည်မှာ လွယ်ကူမည်မဟုတ်ပေ။ ငွေလိုသည်၊ ပစ္စည်းလိုသည်၊ ပညာလိုသည်။ ငွေ၊ ပစ္စည်း၊ ပညာများမှာ အခြေအနေပေါင်းစုံမှ ရရှိနိုင်မည်။ သူ့ထက်ပို၍ခက်ခဲသည်မှာ အချိန်ကိုးနှစ်အတွင်း လက်ရှိဓာတ်အားထက် နှစ်ဆမှ သုံးဆအထိ လိုသောဓာတ်အားပမာဏကို ထုတ်လုပ်ပေးရေးမှာ ပို၍ခက်ခဲသည်။ ဓာတ်အားရလျှင်ပြီးရောဆိုကာ တွင်းထွက်လောင်စာမီးရှို့၍ ဓာတ်အားပေးနိုင်ရန် ဦးစားပေးဆောင်ရွက်လျှင်လည်း $CO_2$ ကိစ္စက တိုးလာမည်။ ဓာတ်အားခဈေးနှုန်းလည်း တက်လာမည်။

မကြာသေးမီ ငါးနှစ်အတွင်း ဆောင်ရွက်ခဲ့သော တစ်နိုင်ငံလုံးဓာတ်အားရရှိရေး(National Electrification Plan–NEP) ဆိုသည်မှာ လက်ရှိ ၆၆ ကီလိုဗို့၊ ၃၃ ကီလိုဗို့ဓာတ်အားလိုင်းများမှ သင့်တင့်သောအကွာအဝေးတွင်ရှိသည့် မြို့ရွာများအား ရှိပြီးဓာတ်အားလိုင်းထဲမှ ဓာတ်အားကို ထုတ်ယူဖြန့်ဖြူးခဲ့ခြင်းသာဖြစ်သည်။ ၂၀၂၀ ပြည့်နှစ်အထိ ကမ္ဘာ့ဘဏ်ချေးငွေ ဒေါ်လာသန်း ၄၀၀ သာ NEP အတွက် ခွင့်ပြုချက်ရသေးသည်။ နောင်လိုအပ်ငွေ ဒေါ်လာ ၅၀ ဘီလီယံနီးပါးကို မည်သူကမျှ ထောက်ပံ့ပါမည်၊ ချေးငှားပါမည်ဟု အာမမခံပါ။ မိမိနိုင်ငံ၏ စီးပွားရေးအခြေအနေအရပ်ရပ်ကိုလည်း ပြန်လည်သုံးသပ်ရန်လိုသည်။

အားလုံးခြုံငုံသုံးသပ်ရလျှင် လက်ရှိဓာတ်အားအသုံး နှစ်စဉ် ၁၅ ရာခိုင်နှုန်းခန့် တိုးတက်နေသည်။ ဤတိုးတက်မှုနှုန်းကိုပြည့်မီအောင် ပံ့ပိုးဆောင်ရွက်ပေးရန် ခက်ခဲပါလိမ့်မည်။

ဤအခြေအနေတွင် ဓာတ်အားသုံးစွဲခွင့် လက်ဝယ်ရောက်ရှိနေသူတိုင်းက ဓာတ်အားသုံးစွဲမှုကို အတတ်နိုင်ဆုံးချွေတာသုံးစွဲလျှင် နောက်ထပ် ဓာတ်အားမရရှိသေးသော ပြည်သူတချို့အတွက် ကူညီရာရောက်ပါလိမ့်မည်။

၂၀၁၄ ခုနှစ် သန်းခေါင်စာရင်းအရ နိုင်ငံတွင် အိမ်ထောင်စုသန်းပေါင်း ၁၀ ဒသမ ၈၇၇ သန်းရှိပြီး မြို့နေ ၃၀ ရာခိုင်နှုန်း၊ ကျေးလက်နေ ၇၀ ရာခိုင်နှုန်းရှိကြောင်း တွေ့ရသည်။

၂၀၂၀ ပြည့်နှစ်တွင် NEP အရ ဆောင်ရွက်ပေးခဲ့မှုအများစုမှာ ဖြန့်ဖြူးရေးဓာတ်အားလိုင်းများနှင့်နီးသောဒေသများမှ မိသားစုများအတွက်သာ ဦးစားပေးခဲ့ကြသည်။ အဓိကကျန်ရှိနေသည်မှာ ပို၍ဝေးလံသော တိုင်းရင်းသားမိသားစုများဖြစ်မည်မှာ သေချာသည်။

မြန်မာနိုင်ငံတစ်နိုင်ငံလုံး တစ်နှစ်စာသုံးစွဲခဲ့သောဓာတ်အား၏ ၆၀ ရာခိုင်နှုန်းသည် အိမ်သုံး၊ မိသားစုသုံး၊ ရုံးသုံးများဖြစ်၍ ဤဓာတ်အားသည် နှစ်စဉ် ကီလိုဝပ်နာရီသန်းပေါင်း ၁၄၀၀၀ ကျော်ရှိသည်။ ဤပမာဏထဲမှ ယူနစ်သန်းပေါင်း ၁၄၀၀ ခန့် လျှော့သုံးပေးနိုင်ခဲ့လျှင် အထက်ပေါင်းလောင်းရေအားလျှပ်စစ်စက်ရုံသုံးရုံ တည်ဆောက်မှုနှင့် ညီမျှသောဓာတ်အားကို ချွေတာနိုင်သည့်သဘောဖြစ်ပါလိမ့်မည်။ ဤစက်ရုံသုံးရုံ ထပ်မံတည်ဆောက်ရန်မှာ အနည်းဆုံးခြောက်နှစ်မှ ၁၀ နှစ်ခန့်အထိ ကြာနိုင်သည်။ တစ်ပြိုင်နက် သုံးရုံတည်ဆောက်လျှင် ဒေါ်လာသန်း ၉၀၀ ခန့်ကုန်မည်။ ကိုးနှစ်အတွင်း အပြီးတည်ဆောက်မည်ဆိုလျှင် နှစ်စဉ် ဒေါ်လာသန်း ၁၀၀ ခန့်လိုမည်။ ဓာတ်အားအသုံး ၁၀ ရာခိုင်နှုန်းချွေတာလိုက်လျှင် ဤငွေကုန်စရာမလိုတော့ပါ။

အိမ်ထောင်စုတစ်စုလျှင် လစဉ် ယူနစ် ၅၀၀ ခန့် သုံးစွဲနိုင်သော မိသားစုပေါင်း ၂၈ သိန်းခန့်ကို ဓာတ်အားမျှဝေပေးနိုင်ပါလိမ့်မည်။ ဤပမာဏမှာ လူဦးရေတစ်သိန်းခွဲခန့်ရှိသော မြို့ ၁၅ မြို့စာခန့်ကို ဓာတ်အားပေးနိုင်သောပမာဏဖြစ်သည်။

ဤကိစ္စ ထိုင်းနိုင်ငံကို ဥပမာပေးပါမည်။ ထိုင်းနိုင်ငံသည် ၂၀၃၆ ခုနှစ်အထိ စွမ်းအင်ချွေတာရေးအစီအစဉ် ရေးဆွဲပြီးဖြစ်သည်။ ၂၀၃၆ ခုနှစ်နောက်ပိုင်းတွင် နှစ်စဉ် ကီလိုဝပ်နာရီသန်း(ယူနစ်သန်း) ၈၉၆၇၂ သန်းအထိ ချွေတာနိုင်လိမ့်မည်ဟုဆိုသည်။

ဆက်လက်ဖော်ပြပါမည်။

---

# ရန်ကင်းမြို့နယ်၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ နှံ့ရုံကပ်စာစောင်နှင့် စာအုပ်ပြပွဲကျင်းပ



ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းခရိုင် ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသော လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၁၂ ရက်က ရန်ကင်းမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်ညိုက ကျောင်းသား၊ ကျောင်းသူများ စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းမွန်ရေးကို အလေးထားကြိုးစားကြစေလိုကြောင်း၊ ပညာတတ် လူတော်လူကောင်းများပေါ်ထွန်းလာမှသာ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ဝင့်သူဟန်က လူငယ်ရေးရာအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဟောပြောသည်။

အဆိုပါဟောပြောပွဲသို့ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။ ဟောပြောပွဲအပြီးတွင် ကျောင်းသား၊ ကျောင်းသူများက ခင်းကျင်းပြသထားသော အသိပညာပေးနံ့ရုံကပ်စာစောင်များနှင့် စာအုပ်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**လှလှထွေး(ပြန်/ဆက်)**

# ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအတွက် PFA တစ်နှစ်တာအကောင်းဆုံးလူငယ်ကစားသမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်းထုတ်ပြန်




**လန်ဒန် ဩဂုတ် ၁၃**

ပရော်ဖက်ရှင်နယ်ဘောလုံးသမားများအဖွဲ့အစည်း (Professional Footballers Association–PFA) က ချီးမြှင့်ပေးအပ်မည့် PFA တစ်နှစ်တာအကောင်းဆုံး လူငယ်ကစားသမားဆုအတွက် ဆန်ခါတင်ကစား သမားစာရင်းထုတ်ပြန်ရာ မန်ယူအသင်းမှကစား သမားနှစ်ဦးပါဝင်လာကြောင်း သိရသည်။

PFA တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစား သမားဆုကို ပရော်ဖက်ရှင်နယ်ဘောလုံးသမားများ အဖွဲ့အစည်းက ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ကစား နေသည့် အသက် ၂၁ နှစ်အောက် ကစားသမားများထဲမှ စိစစ်ရွေးချယ်ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကာ ပြီးခဲ့သည့် ဘောလုံးရာသီက သက်ဆိုင်ရာကလပ်အသင်းများနှင့် အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် အသက် ၂၁ နှစ်အောက်ကစားသမားများမှ နောက်ဆုံး ဆန်ခါ တင်ကစားသမားခြောက်ဦးကို ရွေးချယ်ခဲ့ခြင်းဖြစ် သည်။

PFA တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစား သမားဆုအတွက် ဆန်ခါတင်ကစားသမား ခြောက်ဦး စာရင်းတွင် မန်ယူအသင်း ကွင်းလယ်ကစားသမား ကိုဘီမိုင်နူး၊ တိုက်စစ်ကစားသမား ဂါနာချို၊ ချယ်လ်ဆီး အသင်း တိုက်စစ်ကစားသမား ကိုးလ်ပယ်မာ၊ အာဆင်နယ်အသင်း တိုက်စစ်ကစားသမား ဆာကာ၊ ပဲလေ့စ်အသင်း ကွင်းလယ်ကစားသမားဟောင်း အိုလီဆီ၊ ဘရိုက်တန်အသင်း တောင်ပံကစားသမား ဂျာအိုပက်ဒရီတို့ ပါဝင်လာသည်။

PFA တစ်နှစ်တာအကောင်းဆုံးလူငယ်ကစား သမားဆုအတွက် ဆန်ခါတင်ကစားသမားစာရင်း တွင် ပါဝင်လာသူများထဲမှ အာဆင်နယ်အသင်းနှင့် အတူအကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ဆာကာ နှင့် ပြီးခဲ့သည့်ဘောလုံးရာသီက မန်ယူအသင်း တွင် အဓိက ကစားသမားများအဖြစ်ပွဲထွက်ခွင့်ရရှိ ခဲ့ပြီး အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့သည့် ကိုဘီမိုင်နူး နှင့် ဂါနာချိုတို့က ထိပ်ဆုံးမှ ရပ်တည်လျက်ရှိ သည်။

PFA တစ်နှစ်တာ အကောင်းဆုံးလူငယ်ကစား သမားဆုကို ၁၉၇၃-၁၉၇၄ ဘောလုံးရာသီက စတင်ပေးအပ်ခဲ့ပြီး ရိုင်ယန်ဂစ်၊ ရော်ဘီဖောင်လာ၊ ဝိန်းရွန်းနီ၊ အလီနှင့် ဖီးလ်ဖိုဒန်တို့က နှစ်ကြိမ်စီရရှိ ထားကာ အများဆုံးရရှိထားသည့်ကစားသမားများ အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

*Ref;The PFA.Com*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ အေစီမီလန်အသင်းက စပါးအသင်း ခံစစ်ကစား သမား အီမာဆင်ရွိုင်ရယ်ကို ပြောင်းရွှေ့ကြေး စတာ လင်ပေါင် ၁၅ သန်းဖြင့် လေးနှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့သည်ဟု တရားဝင်ကြေညာခဲ့ကြောင်း သိရသည်။

■ ဒေါ့မွန်အသင်းက အသင်းတိုက်စစ်ပိုင်းအတွက် ဟော့ဖန်ဟိန်းအသင်း လူငယ်တိုက်စစ်ကစားသမား ဘိုင်ယာကို ပြောင်းရွှေ့ကြေးယူရို သန်း ၃၀ ဖြင့် ငါးနှစ် စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ကြောင်း သိရသည်။

■ အက်သလက်တီကိုအသင်းက မန်စီးတီးအသင်း တိုက်စစ်ကစားသမား အယ်ဗာရက်ဇ်ကို ပြောင်းရွှေ့ ကြေးယူရို ၇၅ သန်းနှင့် အပိုဆုကြေး ယူရို သန်း ၂၀ ဖြင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့ ကြောင်း သိရသည်။

■ ဘာစီလိုနာအသင်းနှင့်လမ်းခွဲပြီးနောက် ကလပ် အသင်းလက်မဲ့ဖြစ်နေသည့် ဝါရင့်ခံစစ်ကစားသမား ရော်ဘတ်တိုကို အိုမိုအသင်းက ခေါ်ယူရန်ကြိုးပမ်းနေ ကြောင်း သိရသည်။

■ ဂျူဗင်တပ်စ်အသင်းက မန်ယူအသင်းကစားသမား ဆန်ချိုနှင့် ချယ်လ်ဆီးအသင်းကစားသမား စတာ လင်းတို့နှစ်ဦးအနက် တစ်ဦးကိုခေါ် ယူရန် ကြိုးပမ်း နေကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဘာစီလိုနာအသင်းက လိုက်ပဇစ်အသင်း ကွင်းလယ်ကစားသမား အိုလ်မိုကို ခေါ်ယူထားပြီးဖြစ်သော်လည်း အသင်းတရားဝင်ကစားသမားအဖြစ် မှတ်ပုံတင်သွင်းနိုင်ခြင်းမရှိသေး

**ဘာစီလိုနာ ဩဂုတ် ၁၃**

ဘာစီလိုနာအသင်းက လိုက်ပဇစ်အသင်း ကွင်းလယ်ကစားသမား အိုလ်မိုကို ခေါ်ယူရန်စာချုပ် ချုပ်ဆိုနိုင်ခဲ့ပြီးဖြစ်သော်လည်း အသင်းတရားဝင် ကစားသမားအဖြစ် စပိန်လာလီဂါအဖွဲ့ချုပ်ထံ မှတ်ပုံတင်သွင်းနိုင်ခြင်းမရှိသေးကြောင်း သိရသည်။

အိုလ်မိုသည် ပြီးခဲ့သည့်ဘောလုံးရာသီက လိုက်ပ ဇစ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင် ခဲ့သကဲ့သို့ ပြီးခဲ့သည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင်လည်း စပိန်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင် ခဲ့ကာ အဓိက ကစားသမားအဖြစ်ပါဝင်ပြီးနောက် ဘာစီလိုနာအသင်းကခေါ်ယူရန် ကြိုးပမ်းခဲ့ရာမှ ပြီးခဲ့သည့်ရက်ပိုင်းက စာချုပ်ဖျက်သိမ်းကြေး ယူရို ၆၅ သန်းဖြင့် ခြောက်နှစ်စာချုပ်ချုပ်ဆိုပြီး ခေါ်ယူ နိုင်ခဲ့ခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းသည် အိုလ်မိုကို တရားဝင် စာချုပ်ချုပ်ဆိုကာ ခေါ်ယူနိုင်ခဲ့သော်လည်း လက်ရှိ အသင်းဘဏ္ဍာရေး အကျပ်အတည်းများကြောင့် အသင်းတရားဝင်ကစားသမားအဖြစ် မှတ်ပုံတင်သွင်း နိုင်ခြင်းမရှိသေး၍ အိုလ်မိုကို တရားဝင်ကစားသမား အဖြစ် မှတ်ပုံတင်သွင်းနိုင်ရန် အသင်းမှ ကစားသမား တချို့ကို ရောင်းချရမည်ဖြစ်သည်။

ဘာစီလိုနာအသင်းသည်ပြီးခဲ့သည့်ဘောလုံးရာသီ က ရာဖင်ဟာနှင့် လီဝန်ဒေါစကီးတို့ကိုခေါ်ယူရာ တွင်လည်း အသင်းကစားသမားအဖြစ် ချက်ချင်း တရားဝင်မှတ်ပုံတင်သွင်းနိုင်ခြင်းမရှိခဲ့ဘဲ အသင်းမှ ကစားသမားတချို့ကိုရောင်းချပြီးမှသာ တရားဝင် ကစားသမားအဖြစ် မှတ်ပုံတင်သွင်းနိုင်ခဲ့ပြီး ယခုအခါ တွင် အိုလ်မိုကို အသင်း၏တရားဝင်ကစားသမား အဖြစ် မှတ်ပုံတင်သွင်းနိုင်ရန် အချိန်စောင့်ဆိုင်းရမည် ဖြစ်သည်။

လက်ရှိတွင် ဘာစီလိုနာအသင်းက အိုလ်မိုကို အသင်းတရားဝင်ကစားသမားအဖြစ် မှတ်ပုံတင်သွင်း နိုင်ရန်အတွက် ကွင်းလယ်ကစားသမား ဒီဂျောင်းကို ရောင်းချရန် ကြိုးပမ်းနေကြောင်း သိရသည်။

*Ref;Goal.com*

# အင်တာမီလန်အသင်းက အဓိကတိုက်စစ်ကစားသမား မာတီနက်ဇ်ကို ၂၀၂၉ ခုနှစ်အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆို

**မီလန် ဩဂုတ် ၁၃**

အင်တာမီလန်အသင်းက အဓိကတိုက်စစ်ကစား သမားတစ်ဦးဖြစ်သည့် မာတီနက်ဇ်ကို ၂၀၂၉ ခုနှစ် အထိ သက်တမ်းတိုးစာချုပ်ချုပ်ဆိုနိုင်ခဲ့ကြောင်း သိရသည်။

အသက် ၂၆ နှစ်အရွယ် မာတီနက်ဇ်သည် ၂၀၁၈ ခုနှစ်က အာဂျင်တီးနားကလပ် ရေဆင်းအသင်းမှ အင်တာမီလန်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး အသင်းနှင့်အတူ နောက်ပိုင်းဘောလုံးရာသီများတွင် အဓိက ကစားသမားအဖြစ် ခြေစွမ်းပြနေသူဖြစ် သည်။

မာတီနက်ဇ်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလက စပါးအသင်း၊ ဘာစီလိုနာ အသင်းတို့နှင့်အပြောင်းအရွှေ့သတင်းများထွက်ပေါ် ခဲ့သော်လည်း နောက်ပိုင်းတွင် မာတီနက်ဇ်က အသင်းမှ ထွက်ခွာမည့်အစီအစဉ်ကို ပြန်လည်ရုပ်သိမ်းခဲ့ပြီး အသင်းနှင့်ဆက်လက်လက်တွဲရန်သာ ဆုံးဖြတ်ခဲ့ သည်။

မာတီနက်ဇ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက အင်တာမီလန်အသင်း အီတလီစီးရီးအေပြိုင်ပွဲ၌ ချန်ပီယံဆုဆွတ်ခူးခဲ့ရာတွင် အသင်း၏အရေးပါဆုံး ကစားသမားအဖြစ် ရပ်တည်နိုင်ခဲ့ပြီး အီတလီ စီးရီးအေပြိုင်ပွဲတွင် ၂၇ ဂိုးသွင်းယူနိုင်ခဲ့ကာ အီတလီ စီးရီးအေပြိုင်ပွဲ၏ သွင်းဂိုးအများဆုံးကစားသမားဆု ရရှိခဲ့သည့်အပြင် အီတလီစီးရီးအေပြိုင်ပွဲတစ်နှစ်တာ အကောင်းဆုံးကစားသမားဆုကို ဆွတ်ခူးနိုင်သည် အထိ ခြေစွမ်းပြနိုင်ခဲ့ကြောင်း သိရသည်။

*Ref;France 24*



## လှိုင်မွေတောင်စခန်းမြို့၌ ၂၀၂၄ ခုနှစ် မိုးရာသီ ချယ်ရီပင် ၂၇၀၀ စိုက်ပျိုးပွဲကျင်းပ



**ကျိုင်းတုံ ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် လှိုင်မွေတောင်အတက်လမ်း/အဆင်းလမ်းတစ်လျှောက်နှင့် လှိုင်မွေကန်ပတ်လည်တို့၌ ၂၀၂၄ ခုနှစ် မိုးရာသီ ချယ်ရီပင် ၂၇၀၀ စိုက်ပျိုးပွဲကို ဩဂုတ်လ ၁၂ ရက် နံနက်ပိုင်းတွင် ကျင်းပကြောင်း သိရသည်။

သစ်ပင်စိုက်ပျိုးပွဲတွင် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးက ၂၀၂၄ ခုနှစ် မိုးရာသီ ချယ်ရီပင် ၂၇၀၀ စိုက်ပျိုးပွဲကို လှိုင်မွေတောင်စခန်းမြို့ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်စေရေး၊ လှိုင်မွေဒေသချယ်ရီပင်များ မျိုးဆက်မပြတ်စေရေး၊ ဂေဟစနစ်ထိန်းသိမ်းနိုင်ရေး၊ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပြည်သူများတက်ကြွစွာ ပူးပေါင်းပါဝင်လာစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း လှိုင်မွေတောင်စခန်းမြို့တွင် နှစ်စဉ်ချယ်ရီပန်းပွဲတော်ကျင်းပနိုင်ရေးအတွက် ယခင်ရှိပြီးသား ချယ်ရီပင်များကိုသာမက ယခုစိုက်ပျိုးသည့် ချယ်ရီပင်များရှင်သန်ကြီးထွားရေး ဝိုင်းဝန်းကူညီထိန်းသိမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ ဦးဇော်လွင်ဦးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရဲထွန်းတို့က လှိုင်မွေဒေသတွင် ချယ်ရီပင် ၂၇၀၀ စိုက်ပျိုးနိုင်ရေး လှူဒါန်းပေးသည့် အလှူရှင် ဦးအောင်ခင်ကို ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပြီး တက်ရောက်လာကြသည့် ပြည်နယ်၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ သစ်တောဦးစီးဌာန ဝန်ထမ်းများ၊ ဒေသခံတိုင်းရင်းသားပြည်သူများက ချယ်ရီပင်များ စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

## တောင်သူအသိပညာပေးလုပ်ငန်းနှင့် စိုက်ပျိုးနည်းပညာပေးသင်တန်းဖွင့်လှစ်

**မိုင်းယန်း ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စု နောင်ဟိုင်ကျေးရွာဘုန်းတော်ကြီးကျောင်း၌ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တောင်သူအသိပညာပေးလုပ်ငန်းနှင့် စိုက်ပျိုးနည်းပညာပေးသင်တန်းကို ဩဂုတ်လ ၁၂ ရက်နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ကျိုင်းတုံခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်မာစိုးက တောင်သူများအား ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးရေးအတွက် ဆီထွက်ပဲပုပ်အမျိုးအစားများနှင့် စိုက်ပျိုးနည်းစနစ်များကို အသိပညာပေး ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ မြေအသုံးချရေးတာဝန်ခံ ဒေါ်ခင်ဌေးရီက ယူရီးယားဓာတ်မြေဩဇာ စနစ်တကျအသုံးပြုနည်းနှင့် မြေဆီလွှာ ထိန်းသိမ်းခြင်းနှင့်ပတ်သက်၍ လယ်ယာစိုက်ပျိုးမြေများတွင် ကောက်ရိုးသဘာဝမြေဩဇာအသုံးပြုနည်းများကို လည်းကောင်း၊ မျိုးစေ့တာဝန်ခံ ဒေါ်လဲ့ရီထွန်းက နေကြာဆီထွက်သီးနှံ စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ သီးနှံကာကွယ်ရေး တာဝန်ခံဒေါ်လဲ့လဲ့ထွန်းက သီးနှံအဖျက်ကြွက်အမျိုးအစားများနှင့် ကာကွယ်ရေးနည်းလမ်းများကိုလည်းကောင်း အသီးသီး ရှင်းလင်းပို့ချဆွေးနွေးကြသည်။

အဆိုပါ စိုက်ပျိုးနည်းအသိပညာပေးသင်တန်းတွင် ခေတ္တခရိုင်အုပ်ချုပ်ရေးမှူး ဦးမန်ကိုဟော၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဇင်ဦး၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်ခင်မာစိုး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်သန်းနှင့် ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတို့က တက်ရောက်လာသော တောင်သူများအား မျိုးကောင်းမျိုးသန့်များနှင့် စိုက်ပျိုးပင်များပေးအပ်ကြကြောင်း သိရသည်။

**ထွန်းထွန်းထူး**



## ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြော

**မိုင်းခတ် ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းခတ်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းနေအရွယ်ကလေးများ အားလပ်သည့်အချိန်တွင်စာကြည့်တိုက်၌အချိန်ကိုအကျိုးရှိစွာ အသုံးချစေရေး၊ စာဖတ်သည့်အလေ့အထကောင်းများရရှိစေရေးနှင့် စဉ်းစားတွေးခေါ်မှုမြင့်မားစေရေးအတွက် ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲ၊ နံရံကပ်စာစောင်ပြသခြင်းနှင့် သုတ၊ ရသစာအုပ်များပြသခြင်းကို ဩဂုတ်လ ၁၃ ရက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မိုင်းခတ်မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းခင်ညွန့်က ကလေးသူငယ် အခွင့်အရေးဆိုင်ရာ ပြဌာန်းချက်များ၊ ကလေးအလုပ်သမား၏ အဓိပ္ပာယ်နှင့်စာဖတ်ခြင်း၏အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောသည်။ ထို့နောက် တက်ရောက်လာကြသော ကျောင်းသား၊ ကျောင်းသူများက သုတ/ရသစာအုပ်များနှင့် ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးနံရံကပ်စာစောင်များအားစိတ်ဝင်စားစွာ လေ့လာကြည့်ရှုကြပြီး မိမိကြိုက်နှစ်သက်ရာ စာအုပ်များ ငှားရမ်းကြကြောင်းသိရသည်။

**နန်းနွယ်နီ(ပြန်/ဆက်)**

## မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို အက အရေး အတီးပြိုင်ပွဲကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

**မိုင်းယောင်း ဩဂုတ် ၁၃**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ်လ ၁၃ ရက်တွင် ကျင်းပသည်။

အစည်းအဝေးတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက အမှာစကားပြောကြားပြီး မိုင်းယောင်းမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးမာနှင့် အခြေခံပညာအလယ်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်သန္တာလှိုင်တို့က (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှုအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်မည့် အခြေအနေကို ရှင်းလင်းပြောကြားကြသည်။

ထို့နောက် တက်ရောက်လာသည့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မျိုးအေးချိုနှင့် အတတ်ပညာရှင်များ၊ ပြိုင်ပွဲဝင်ရောက်ယှဉ်ပြိုင်မည့် ကျောင်းသား၊ ကျောင်းသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက်ဆွေးနွေးကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ အုပ်ချုပ်ရေးမှူး ဦးစိုးသက်ဆွေက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**စိုင်းအောင်ဇော်လင်း**

## စာကြည့်တိုက်အဆောက်အအုံအသစ်တည်ဆောက်ရန် ပန္နက်တင်မင်္ဂလာကျင်းပ



**ကျိုင်းတုံ ဩဂုတ် ၁၃**

မြန်မာနိုင်ငံ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေးပူးပေါင်းဆောင်ရွက်မှုကော်မတီမှ မတည်ငွေကျပ်သိန်း ၁၅၀ ဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် မိုင်းဇင်ကျေးရွာ စာကြည့်တိုက်ဆောက်လုပ်မည့် ကျေးရွာအလယ်မြေနေရာ၌ စာကြည့်တိုက်အသစ်တည်ဆောက်ရန်အတွက် ပန္နက်တင်အခမ်းအနားကို ဩဂုတ်လ ၁၂ ရက်တွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှိုင်မောင်မောင်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုးနိုင်နှင့် တာဝန်ရှိသူများက စာကြည့်တိုက်အသစ်တည်ဆောက်ရန် သတ်မှတ်နေရာအသီးသီးတွင် ပန္နက်ရိုက်၍ အမွှေးနံ့သာရည်များပက်ဖျန်းကြသည်။

ကျေးရွာနေပြည်သူများ အသိပညာဗဟုသုတများတိုးပွားစေရေး၊ စာအုပ်စာပေများကို အခမဲ့အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန်အတွက် နိုင်ငံတော်မှ စာကြည့်တိုက်များ စီစဉ်ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

MSME ကဏ္ဍ

# ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များအတွက် (Packaging, Labelling and Food Safety) ဆိုင်ရာ ဆွေးနွေးပွဲမှသည် တန်ဖိုးမြှင့်ထုတ်ကုန်ဆီသို့

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ကကြီးမှူး၍ ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခု (One Region One Product) အစီအစဉ်ဖြင့် ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များအတွက် Packaging, Labelling and Food Safety) ဆိုင်ရာ အသိပညာမျှဝေခြင်း ဆွေးနွေးပွဲကို ဩဂုတ်လ ၉ ရက်က တောင်တွင်းကြီးမြို့နယ် စားသုံးသူရေးရာဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ အဆိုပါဆွေးနွေးပွဲနှင့်ပတ်သက်၍ ဖော်ပြပါတာဝန်ရှိသူများကို သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါတယ်–




**မေး။ ။ မကွေးတိုင်းထဲမှာ ဘယ်မြို့နယ်တွေမှာ ဒီလိုဆွေးနွေးပွဲတွေကို ဆောင်ရွက်ပါသလဲရှင်။**

**ဖြေ။** ။မကွေးတိုင်းထဲမှာပဲကြော်၊ ပဲလှော် အများဆုံးထွက်တဲ့ တောင်တွင်းကြီးမြို့နယ်ကိုပဲ ဦးစားပေးဆောင်ရွက်တာပါ။

**မေး။ ။ဒီနေ့ဆွေးနွေးပွဲအခမ်းအနားမှာ ဘယ်လိုလုပ်ငန်းရှင်တွေကို အဓိကထားပြီး ဖိတ်ကြားပါသလဲ။**

**ဖြေ။** ။ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှာရှိတဲ့ ပဲကြော်၊ ပဲလှော်လုပ်ငန်းလုပ်ကိုင်ကြတဲ့ လုပ်ငန်းရှင်တွေကို အဓိကဖိတ်ကြားထားတာပါ။

**မေး။ ။ ဒီဆွေးနွေးပွဲမှာ အဓိကဘာအကြောင်းအရာတွေကို ဆွေးနွေးပါသလဲရှင်။**

**ဖြေ။** ။ အဓိကထုတ်ကုန်တွေကို တန်ဖိုးမြှင့်ဖို့ Labelling , Packing ပါမယ်။ လက်ကားပဲသွားနေတာဆိုတော့ထုတ်ကုန်ကို နောက်ဆုံး Customer လက်ထဲအထိ ရောက်သွားစေချင်တာ။ Packing မှာ သတိထားရမယ့်အရာတွေ၊ ဘယ်လိုစက်တွေသုံးရမလဲ။ ဘယ်လိုပလတ်စတစ်ကို သုံးရမလဲ။ တံဆိပ်ကို ဘယ်လိုလုပ်ရမလဲ။ ဒါမျိုးလေးကိုပြောပြပေးပါတယ်၊ Labelling ကျတော့ ကျွန်မတို့မြန်မာနိုင်ငံမှာ လုံးဝရှိပြီးသား။ Labelling မှာ ဘယ်လိုတွေပါရမလဲ။ ရှေ့မျက်နှာဆို ဘယ်လိုပါရမလဲ။ မဖြစ်မနေပါရမယ့်ဟာတွေကို အဓိကထားဆွေးနွေးဖြစ်ပါတယ်။ Labelling မှာဆိုရင် ထုတ်ကုန်ထဲမှာ အာဟာရတန်ဖိုးတွေကို ဘယ်လိုရေးရမလဲ၊ အာဟာရတန်ဖိုးတွေကို ဘယ်လိုစစ်ရမလဲ၊ ထုတ်ကုန်မှာပါတဲ့ ပါဝင်ပစ္စည်းတွေကို ဘယ်လိုထည့်ရမလဲ၊ ဘာတွေချန်ခဲ့လို့ရသလဲ၊ ဘယ်ဟာတွေ အဓိကထည့်ရမလဲဆိုတာကို ဆွေးနွေးပါတယ်၊ အဲဒီထုတ်ကုန်မှာစားသုံးသူအတွက် ဘယ်လို Information ကို ပေးရမလဲ၊သူတို့ရဲ့ Information က ဘယ်နေရာတွေမှာထားရမလဲ၊ ဘယ်နေရာမှာသိမ်းရမလဲ၊ ဘယ်လိုစားသုံးရမလဲ၊ Exp. Date ဘယ်လိုထည့်ရမလဲ၊ ကိုယ်ရဲ့ထုတ်ပိုးတဲ့ရက် ဘယ်လိုထည့်မလဲ၊ လိပ်စာစတဲ့ မဖြစ်မနေပါရမယ့် အရာအားလုံးကို ဆွေးနွေးပေးပါတယ်။ သူတို့လိုအပ်တဲ့ Food Safety ကျတော့ ပဲကြော်၊ ပဲလှော်လုပ်ငန်းတွေဖြစ်တဲ့အတွက် သူတို့သုံးရတဲ့ကုန်ကြမ်းကစိုက်ပျိုးရေးကုန်ကြမ်းပေါ့၊ နောက်ဆုံး သူတို့ကြော်တဲ့နေရာကနေ Packing ထုပ်တဲ့အထိ စားသုံးသူလက်ထဲရောက်အောင် ဘယ်လိုသယ်ယူပို့ဆောင်မယ်ကအစ Food Safety မှာ အရေးကြီးတဲ့ ကဏ္ဍလေးတွေကို အသေးစိတ်ဆွေးနွေးဖြစ်ပါတယ်။

**မေး။ ။ ဒီဆွေးနွေးပွဲကနေ လုပ်ငန်းရှင်တွေအနေနဲ့ ဘယ်လိုအကျိုးကျေးဇူးတွေရသွားနိုင်ပါသလဲ။**

**ဖြေ။** ။အဓိကတော့ ပဲကြော်လုပ်ငန်းရှင်အများစုက မိရိုးဖလာတွေဖြစ်ကြတယ်။ တချို့ကျတော့လည်း Packing ထုပ်ပြီးသားလေးတွေရှိတယ်၊ ဒါပေမဲ့ သူတို့လည်း အခုမှတန်ဖိုးမြှင့်နေတုန်းပါပဲ၊ သူတို့လုပ်ငန်းတွေကို သူတို့ချဲ့ထွင်တုန်းရှိပါသေးတယ်။ သူတို့က Packing တွေကို ပြင်နိုင်တယ်၊ ပြင်တဲ့အခါမှာလည်း ရင်းနှီးမြှုပ်နှံမှုတွေရှိသေးတယ်။ သူတို့ ရင်းနှီးမြှုပ်နှံမှုနဲ့လိုက်အောင် ဘယ်နေရာကစရင် သူတို့ရင်းနှီးမြှုပ်နှံမှုက အသုံးဝင်နိုင်တယ်။ ဈေးကွက်ဝင်နိုင်တယ်၊ သူတို့ထုတ်ကုန်က အမြတ်ရရင်နောက်တစ်ဆင့် ဘယ်လိုသွားရမလဲ၊ အဲဒါကို သူတို့မြင်သွားတယ်။ နောက်ဆုံး တစ်နိုင်ငံလုံး စားသုံးသူလက်ထဲရောက်ဖို့ဆိုရင်ဘာတွေလိုအပ်မလဲဆိုတာသိသွားတယ်။ နောက်ဆုံးနိုင်ငံခြားထိထုတ်မယ်ဆိုရင် ဘာတွေမဖြစ်မနေထည့်ရမလဲဆိုတဲ့အရာတွေကို သူတို့မြင်သွားတယ်။ သူတို့ရဲ့ ထုတ်ကုန်တွေကို သူတို့ပိုပြီးတန်ဖိုးမြှင့်နိုင်သွားတယ်။ လက်ကားမဟုတ်ဘဲနဲ့ လက်လီအဆင့်အထိ ရောက်သွားနိုင်ပါတယ်။ နောက်တစ်ခုက Food Safety ပိုင်းဆိုင်ရာပါ။ ဒီလုပ်ငန်းက မိရိုးဖလာလုပ်ငန်းဖြစ်ပေမယ့် တစ်ခါတလေကျရင် နိုင်ငံခြားကို တင်ရတာတွေရှိတယ်။ နိုင်ငံတကာ Food Safety နဲ့ လိုက်အောင် ထုတ်ရတဲ့ဟာတွေရှိတယ်။ နိုင်ငံတကာ Food Safety မီနိုင်အောင် ထုတ်နိုင်တဲ့အသိပညာတွေရသွားမယ်။ အဲဒီလိုသိပြီး ပြင်နိုင်ရင်တော့ တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအဖြစ် အောင်မြင်မှုတွေ ရစေမှာပါ။

**မေး။ ။ ဆွေးနွေးပွဲနှင့်ပတ်သက်ပြီး နောက်ထပ် ဘာများပြောချင်တာရှိပါသေးလဲရှင်။**

**ဖြေ။** ။ ဒီဆွေးနွေးပွဲနှင့်ပတ်သက်ပြီး တော့စီစဉ်ပေးတဲ့သူကိုလည်းကျေးဇူးတင်ပါတယ်။ ကျွန်မတို့က ပညာဒါနဖြစ်ပါတယ်။ သူတို့ဖြစ်ချင်တာတွေ သိချင်တာလေးကို မေးမြန်းရအောင်လို့ ကျွန်မတို့ကိုဖိတ်ခေါ်ပြီးစီစဉ်ပေးတဲ့အတွက်ကျေးဇူးတင်ပါတယ်၊ စီစဉ်ပေးတဲ့ စီးပွားရေးရာဝန်ကြီး၊ စက်မှုကြီးကြပ်ကတာဝန်ရှိသူတွေနဲ့ တောင်တွင်းကြီး ပဲကြော်၊ ပဲလှော်အသင်းကိုလည်း ကျေးဇူးတင်ပါတယ်၊ အောင်မြင်ကြပါစေဟု ဒေါက်တာသဇင်ဟန် ညွှန်ကြားရေးမှူး သုတေသနနှင့်တီထွင်ဆန်းသစ်မှုဦးစီးဌာန (ရန်ကုန်)က ပြောကြားသည်။

**မေး။ ။ ဒီဆွေးနွေးပွဲမှာလုပ်ငန်းရှင်တွေကို ဘာတွေဆွေးနွေးခဲ့ပါသလဲ။**

**ဖြေ။** ။ ပဲကြော်လုပ်ငန်းရှင်တွေအနေနဲ့ အခုလက်ရှိက ပဲကြော်၊ ပဲလှော်ကို ဆာလာအိတ်ထဲထည့်ပြီး လက်ကားပဲဖြန့်နေတာပေ့ါ။ အဲဒီတော့ တန်ဖိုးမြှင့်ထုတ်ကုန်ကို ပိုပြီးတန်ဖိုးမြှင့်အောင် Packaging လှလှလေးနဲ့ လက်လီရောင်းပြီး ဈေးကွက်ချဲ့ထွင်နိုင်အောင် လက်လီကို အထုပ်လေးတွေနဲ့ ဘယ်လိုထုပ်မလဲ။ အခုလက်ရှိမြန်မာပြည်မှာသာမက အိမ်နီးချင်းနိုင်ငံတွေမှာ အခုခေတ်စားနေတဲ့ ထုပ်ပိုးမှုပုံစံတွေ၊ ထုပ်ပိုးမှုအတွက် လိုအပ်တဲ့ရင်းနှီးမြှုပ်နှံမှု ကုန်ကျစရိတ် ခန့်မှန်းခြေတွေကို အကြံပေးဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ ဆွေးနွေးပွဲတက်ရောက်ခဲ့တဲ့ လုပ်ငန်းရှင်တွေအတွက် သူတို့ရဲ့ထုတ်ကုန်ကို တန်ဖိုးမြှင့်ဖို့ အများကြီးအထောက်အပံ့ဖြစ်စေခဲ့ပါသလား။**

**ဖြေ။** ။ ဆွေးနွေးပွဲတက်တဲ့သူတွေထဲမှာ တချို့ဆို သူတို့ရဲ့ထုတ်ကုန်ကိုတန်ဖိုးမြှင့်ဖို့ အစီအစဉ်တွေရှိတယ်လို့ ကြားသိရတယ်၊ ဘယ်ဟာကို ဘယ်လိုလုပ်ရမယ်ဆိုတာ မသိကြဘူး။ ဒီဆွေးနွေးပွဲက သူတို့အတွက် အများကြီး အထောက်အပံ့ဖြစ်စေခဲ့ပါတယ်၊

**မေး။ ။ ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်တွေကို ဒီဆွေးနွေးပွဲနဲ့ပတ်သက်ပြီး ဘာတွေဖြည့်စွက်ပြောချင်ပါသေးလဲ။**

**ဖြေ။** ။အဓိကက လက်ကားသမားတွေများတာတွေ့ရပါတယ်၊ ပဲကြော်ကိုဆာလာအိတ်နဲ့ထုပ်ပြီး လက်ကားဖြန့်တယ်၊ သုံးလခံတယ်။ သုံးလအတွင်းဆီချေးစော်မနံဘူး။ သူတို့အာမခံတယ်ပေ့ါ။ အဲ့ဒီအစားလက်လီအနေနဲ့ ပိုကောင်းတဲ့တာရှည်ခံတဲ့ နည်းပညာတွေနဲ့ ထုပ်ပိုးမယ်။ လေစုပ်ပိတ်စက်ရှိတယ်။ တချို့လည်းရိုးရိုးပိတ်စက်ကိုမှ အထဲမှာ ဆီချေးစော်မနံအောင် Oxygen absorber တွေ ထည့်လုပ်တာရှိတယ်။ အဲ့ဒါတွေ ထည့်လုပ်မယ်ဆိုရင်သူတို့ရဲ့ပဲကြော်က သုံးလမကဘူး။ ခြောက်လတစ်နှစ်လည်းခံကောင်းခံနိုင်တယ်။ ဒါကတော့ လုပ်တဲ့ Processes တွေပါ။ ဒီဆွေးနွေးပွဲကနေ ဈေးကွက်တိုးချဲ့ဖို့အတွက် အကြံဉာဏ်ကောင်းတွေနဲ့ နည်းပညာတွေရရှိပါတယ်ဟု ဒေါက်တာရဲမြင့်ဦး MD Machine City Company Limited ကပြောကြားသည်။

**မေး။ ။ ဒီနေ့ဆွေးနွေးပွဲကနေ ဘာတွေဆွေးနွေးခဲ့ပါသလဲရှင့်။**

**ဖြေ။** ။ ဒီနေ့ဆွေးနွေးတဲ့အကြောင်းအရာက One Product One Region ဒေသတစ်ခု၊ ထုတ်ကုန်တစ်ခုအစီအစဉ်နဲ့ MSME ကနေကြီးမှူးပြီး လုပ်ငန်းရှင်တွေနဲ့ တွေ့ဆုံဆွေးနွေးတဲ့ပွဲလေးဖြစ်ပါတယ်။ ဒီပွဲမှာ ပဲကြော်လုပ်ငန်းရှင်တွေရဲ့ အဓိကလုပ်ငန်းစဉ်ဖြစ်တဲ့ စားသုံးသူလက်ထဲရောက်သည်အထိ ဖြန့်ချိနိုင်တဲ့ထုပ်ပိုးမှုနည်းပညာ၊ အမှတ်တံဆိပ်ရည်ညွှန်းချက်၊ ဘေးအန္တရာယ်ကင်းရှင်းရေးဆိုတဲ့ အသိပညာပေးခြင်းတွေကို အဓိကထားဆွေးနွေးခဲ့ပါတယ်။

**မေး။ ။ ဒီဆွေးနွေးပွဲကနေ ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်တွေအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရရှိခဲ့ပါသလဲ။**

**ဖြေ။** ။ ကျွန်တော်တို့ ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်တွေက မိရိုးဖလာလုပ်ငန်းဖြစ်ပါတယ်။ ဒါပေမဲ့ ဒီနေ့ပြောင်းလဲလာတဲ့ခေတ်အနေအထားနဲ့ ကျွန်တော်တို့လုပ်ငန်းတွေကို ဘယ်လိုမျိုးမြှင့်တင်ရမလဲ။ ဈေးကွက်ထဲမှာ ကျွန်တော်တို့ရဲ့ထုတ်ကုန်ကို စားသုံးသူလက်ထဲရောက်နိုင်သည်အထိ ထုပ်ပိုးမှုနည်းပညာတွေ၊ ဘယ်လိုလုပ်ရမယ်ဆိုတဲ့ အသိပညာတွေ လုပ်ငန်းရှင်တွေရဲ့အသိစိတ်ထဲမှာ ရသွားပါတယ်။ လက်ရှိသွားနေတဲ့လမ်းကြောင်းက လက်ကားပေ့ါ။ ပိဿာ ၃၀ ဝင်အိတ်တွေနဲ့ တခြားနယ်တွေကိုပို့ပါတယ်။ အဲ့လိုပို့တဲ့အခါမှာ ကျွန်တော်တို့ပို့လိုက်တဲ့ ပဲကြော်၊ ပဲလှော်တွေ၊ ကျွန်တော်တို့ပို့လိုက်တဲ့ တံဆိပ်တွေဟာ ပိဿာ ၃၀ အိတ်တွေနဲ့ပို့တာဖြစ်တဲ့အတွက် တခြားဖြန့်ချိရေးလုပ်ငန်းရှင်တွေလက်ထဲရောက်သွားတဲ့အခါမှာ သူတို့က သူတို့အမှတ်တံဆိပ်နဲ့ လက်လီပြန်လည်ဖြန့်ဖြူးတာဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ မူရင်းထုတ်လုပ်တဲ့ လုပ်ငန်းရှင်တွေရဲ့အမည်တွေဟာ စားသုံးသူလက်ထဲမှာမရှိဘဲ ဖြန့်ချိရေးသမားတွေ အမည်နဲ့ ရောင်းချနေတဲ့အနေအထားတွေ ဖြစ်နေတာပေ့ါ။ အဲ့ဒီတော့ ဒီဆွေးနွေးပွဲမှာ ကျွန်တော်တို့ ထုတ်ကုန်ကို စားသုံးသူလက်ထဲကို တိုက်ရိုက်နောက်ဆုံးအဆင့်ထိသွားဖို့အတွက် အသိပညာတွေရခဲ့ပါတယ်။

**မေး။ ။ ဒီဆွေးနွေးပွဲနဲ့ ပတ်သက်ပြီး ဘာများပြောချင်ပါသေးလဲရှင်။**

**ဖြေ။** ။ ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်တွေအနေနဲ့ နောက်ထပ်လိုအပ်ချက်တွေ၊ ပြင်ဆင်စရာတွေ အများကြီးရှိနေပါတယ်။ ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်တွေက မီးရေးထင်းရေးစိုးရိမ်ရတယ်။ အနံ့အသက်အညှော်တွေရှိတယ်။ ဒါကြောင့်မို့လို့ Public Area ထဲကထွက်ခွာပြီးတော့ စက်မှုဇုန်လိုနေရာတွေ လိုအပ်ပါတယ်။ နောက်လုပ်ငန်းရှင်တွေက မြန်မာပြည်အနှံ့မှာပြန့်နေတာဖြစ်တဲ့အတွက် မြို့နယ်အလိုက်၊ တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် **“မြန်မာနိုင်ငံလုံးဆိုင်ရာ ပဲကြော်၊ ပဲလှော်လုပ်ငန်းရှင်များ အသင်း”** ဆိုပြီး ဖွဲ့နိုင်ရင်ပိုကောင်းပါတယ်ဟုဦးဇော်ကိုမင်း(သင်းမြတ်ပဲကြော်လုပ်ငန်း) က ပြောကြားသည်။

**မေး။ ။ MSME နှင့်ပတ်သက်ပြီး ဆွေးနွေးပွဲတွေလုပ်တယ်၊ ဒီဆွေးနွေးပွဲနှင့်ပတ်သက်ပြီး ဘယ်လိုအကျိုးကျေးဇူးတွေရခဲ့ပါသလဲ။**

**ဖြေ။** ။ ဒီဆွေးနွေးပွဲမှာ Packaging, Labe-lling and Food Safety ပိုင်းတွေနဲ့ပတ်သက်ပြီး ဆွေးနွေးပို့ချခဲ့ပါတယ်။ ကျွန်တော်တို့အတွက်အများကြီး အကျိုးကျေးဇူးတွေရပါတယ်။ စားသောက်ကုန်စည်နဲ့ပတ်သက်တဲ့ ဘေးအန္တရာယ်ဖြစ်စေနိုင်တဲ့၊ အဆိပ်အတောက်ဖြစ်စေနိုင်တဲ့၊ အများအတွက် အဆင်ပြေစေနိုင်တဲ့ အသိပညာလေးတွေကို သိရှိခဲ့ရပါတယ်။ နောက်တစ်ခုက လုပ်ငန်းတွေထပ်ပြီးတော့ တိုးချဲ့မယ်ဆိုရင် နည်းပညာပိုင်းဆိုင်ရာ ထုပ်ပိုးမှုပိုင်းဆိုင်ရာတွေ စက်နဲ့ပတ်သက်တာတွေကို ကိုယ်တိုင်ရှာမယ်၊ ဝယ်မယ်ဆိုရင် အဆင်မပြေနိုင်ပါဘူး။ ဒီဆွေးနွေးပွဲကနေတစ်ခါတည်း ချိတ်ဆက်ပြီးတော့ အသိပညာပေးခဲ့တဲ့အတွက်အဆင်ပြေပါတယ်၊ အချိတ်အဆက်တွေလည်းအများကြီးရခဲ့ပါတယ်။

**မေး။ ။ ဒီဆွေးနွေးပွဲမှာပို့ချတဲ့ ပါကင်ထုပ်ပိုးမှုတွေနဲ့ပတ်သက်ပြီး လုပ်ငန်းအတွက် ဘယ်လိုအကျိုးကျေးဇူးတွေရပါသလဲ။**

**ဖြေ။** ။ပါကင်ထုပ်ပိုးမှုတွေရဲ့ အကျိုးကျေးဇူးကတော့ ရှေ့လျှောက်မိရိုးဖလာထုတ်လုပ်မှုကနေ အဆင့်အတန်းမြင့်တဲ့ကုန်ထုတ်လုပ်မှုတွေကို ဖြည်းဖြည်းချင်းတက်လှမ်းသွားဖို့ အများကြီး အထောက်အကူပြုပါတယ်။ ထုပ်ပိုးမှုဒီဇိုင်းတွေရည်မှန်းချက်တွေကအစ နောက်ပိုင်းနိုင်ငံခြားအထိ Export တင်ပို့မှုတွေကို အတွေးအမြင်တွေ ပိုပြီးတိုးပွားစေပါတယ်၊ နောက်ပြီးတော့ဈေးကွက်တွေလည်းအများကြီးချဲ့ထွင်နိုင်ပါတယ်၊ သာမန်အတိုင်းဆိုရင် တစ်နိုင်ငံလုံးကို ပို့နိုင်တယ်။ အခုနိုင်ငံခြားအထိပို့နိုင်တဲ့ ရည်မှန်းချက်တွေလည်းရပါတယ်။

**မေး။ ။ ဆွေးနွေးပွဲနှင့် ပတ်သက်ပြီး ဘာများဖြည့်စွက်ပြောချင်ပါသေးလဲ။**

**ဖြေ။** ။ တောင်တွင်းကြီးမြို့ဆိုတာနဲ့ ပဲကြော်၊ ပဲလှော်ကိုပါတွဲပြီး မြင်အောင်လို့ တန်ဖိုးမြှင့်ထုတ်ကုန်တစ်ခုအဖြစ် ပြောင်းလဲဖို့ ကျွန်တော်တို့လုပ်ဆောင်ရမယ်ဆိုတဲ့ အသိပညာတွေ အများကြီးရခဲ့ပါတယ်ဟု ဦးသိန်းဇော်မိုး(ပို ပဲကြော်လုပ်ငန်း) ကပြောကြားသည်။

**တွေ့ဆုံမေးမြန်း– အေးမိုးမိုးမြင့်၊ မိုင်စန်း**

# ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးအားသတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ် စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံ ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၆ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သူဌေးကွင်းကျေးရွာနေ ဒေါ်သန်းသန်းဆင့် (ခ)မအကြီးမ(၄၉)နှစ်သည် မိသားစုများ အလုပ်ကိုယ်စီသွားနေစဉ် နေအိမ်၌ တစ်ဦးတည်းကျန်ရှိခဲ့ပြီး မောင်ဖြစ်သူ ကိုမင်းအောင်ကျော် အလုပ်မှနေအိမ်သို့ ည ၆ နာရီခွဲခန့်အချိန် ပြန်လည်ရောက်ရှိစဉ် အစ်မဖြစ်သူ ဒေါ်သန်းသန်းဆင့်(ခ) မအကြီးမမှာ နေအိမ် အိပ်ခန်းအတွင်း ခုတင်ဘေးတွင် ဒဏ်ရာများဖြင့် သေဆုံးနေပြီး နေအိမ်ဗီရိုနှစ်လုံးအတွင်းမှ ရွှေထည်ပစ္စည်းမျိုးစုံ ၁၀ ကျပ်သားနှင့် ငွေကျပ်သိန်း ၃၀၀၊ လက်ကိုင်ဖုန်း ၃ လုံး၊ မြေအရောင်းအဝယ်စာချုပ် ၁ စောင်၊ စုစုပေါင်းကာလတန်ဖိုးငွေကျပ် ၉၈၇ သိန်းခန့် ပျောက်ဆုံးလျက်ရှိကြောင်း တွေ့ရှိရသဖြင့် သန်လျင်မြို့မရဲစခန်း(ပ)၂၉၁/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၂ ဖြင့် အမှုဖွင့်လှစ်ကာ တရားခံများ ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့သည်။

အထက်ပါဖြစ်စဉ်မှ တရားခံများဖမ်းဆီးရမိနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးဖော်ထုတ်ခဲ့ရာ နေအိမ်အတွင်းဝင်ရောက်ကာ သတ်ဖြတ်လုယက်မှုအား ပူးပေါင်းကျူးလွန်သူ သန်လျင်မြို့နယ်၊ သူဌေးကွင်းကျေးရွာ(အရှေ့ပိုင်း)၊ ရွှေနှင်းဆီလမ်းနေသူများဖြစ်ကြသည့်အောင်အောင်ဦး (ခ)မှဲ့ကြီး(၂၃)နှစ် (ဘ)ဦးနိုင်လင်း၊ သန်းဇော်ထွေး(ခ)မိုးဒီ (၂၁)နှစ် (ဘ)ဦးနိုင်လင်း၊ အောင်ခန့်ဇော်(ခ) ဖားကြီး(၂၄)နှစ် (ဘ) ဦးအောင်မြင့်နှင့် ဟိန်းကိုကို(ခ) ဟိန်းကို(ခ) ကပ္ပလီ(၂၆)နှစ် (ဘ)ဦးမြင့်နိုင်တို့ ၄ ဦးအား ဩဂုတ်လ ၉ ရက်နေ့တွင် ၎င်းတို့၏နေအိမ်အသီးသီး၌ သတ်ဖြတ် လုယက်မှုကျူးလွန်ရာမှ ရရှိခဲ့သည့် သက်သေခံပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့သည်။



သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံ ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

ဖမ်းဆီးရမိတရားခံများ၏ ထွက်ဆိုချက်အရ အောင်အောင်ဦး(ခ)မှဲ့ကြီးသည် သေဆုံးသူ ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမအား အကြွေးများမပေးဆပ်လိုခြင်းနှင့် လောင်းကစားပြုလုပ်ရာမှငွေကြေးလိုအပ်မှုများရှိနေသောကြောင့် ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမ၏နေအိမ်အတွင်း ဝင်ရောက်သတ်ဖြတ်လုယက်ရန် ပြစ်မှုကျူးလွန်ရာတွင်ပါဝင်သူ တရားခံများနှင့် ဇူလိုင်လ ၃၀ ရက်နေ့တွင် ကြိုတင်တိုင်ပင်ကြံစည်ခဲ့ခြင်းဖြစ်ကြောင်း။

အခင်းဖြစ်နေ့တွင် အောင်အောင်ဦး(ခ) မှဲ့ကြီးနှင့် အောင်ခန့်ဇော်(ခ) ဖားကြီးတို့ နှစ်ဦးသည် ဒေါ်သန်းသန်းဆင့်(ခ)မအကြီးမ၏ နေအိမ်အတွင်းသို့ ဝင်ရောက်ကာ ဒေါ်သန်းသန်းဆင့်အား အောင်ခန့်ဇော်(ခ) ဖားကြီးမှ ချုပ်နှောင်ပေးပြီး အောင်အောင်ဦး(ခ)မှဲ့ကြီးမှ လည်ပင်းညှစ်၍သတ်ဖြတ်ကာ နေအိမ်ဗီရိုနှစ်လုံးအတွင်းမှ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ် ၁ စောင်တို့အား လုယက်ယူဆောင်ခဲ့ကြကြောင်း။

လုယက်ပြီးနောက် နေအိမ်အနီးတွင် အခြေအနေစောင့်ကြည့်ပေးနေသူ ဟိန်းကိုကို(ခ)ဟိန်းကို(ခ)ကပ္ပလီအားခေါ်ဆောင်ကာ အောင်သပြေလမ်း၊ ချောင်းကူးတံတားအနီးတွင် အသင့်စောင့်ဆိုင်းနေသည့် သန်းဇော်ထွေး(ခ)မိုးဒီ မောင်းနှင်သော BGO–11 5N/6631 BONGO အမျိုးအစား မော်တော်ယာဉ်ဖြင့် မောင်းနှင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် နေအိမ်အတွင်းဝင်ရောက်ကာ လူသတ်လုယက်မှုကျူးလွန်ခဲ့သူ အောင်အောင်ဦး (ခ)မှဲ့ကြီးပါ တရားခံ ၄ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ ဒုစရိုက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများနှင့် ပူးပေါင်းကာ အခင်းဖြစ်ပွားပြီးချိန်မှ အချိန်တိုအတွင်း ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ပြီး ဖမ်းဆီးရမိတရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၁၀၀)

# နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအားသတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီးလုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၁၃

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့ ညနေ ၃ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြတ်လေးလမ်း၊ အကွက်အမှတ် (၅၉၅၈)နေ ဦးသန်းနိုင်ထွန်း (၄၉)နှစ်၏ နေအိမ်၌ လူသတ်မှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါနေအိမ်အတွင်း၌ ဦးသန်းနိုင်ထွန်းနှင့် ၎င်း၏ဇနီးဖြစ်သူ ဒေါ်စောသန္တာဦး(၄၈)နှစ်နှင့် သားဖြစ်သူ ကိုနောင်ရွှေအုပ်စိုး (၂၉)နှစ်တို့အား ဒဏ်ရာများဖြင့် သေဆုံးနေသည်ကို တွေ့ရှိရပြီး အဆိုပါနေအိမ်ရှိ YGN–36 5E/9185 Ractis အမျိုးအစား ခဲရောင်မော်တော်ယာဉ်မှာ ပျောက်ဆုံးနေသည်ကို စစ်ဆေးတွေ့ရှိရသဖြင့် ဘုရားကုန်းမြို့မရဲစခန်း(ပ)၃၉/၂၀၂၄၊ ရာဇသတ်ကြီးပုဒ်မ ၃၀၂/၃၉၄/၃၄ ဖြင့် အမှုဖွင့်လှစ်စုံစမ်းစစ်ဆေးခဲ့သည်။





ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအားသတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီး လုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိမှုမှတ်တမ်းဓာတ်ပုံ။

အထက်ပါဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အထူးအမှုစစ်အဖွဲ့ဖြင့် အခင်းဖြစ်ရပ်မှတ်တမ်းအထောက်အထားများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်း၊ လုံခြုံရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများမှ သတင်းအချက်အလက်များရယူဆောင်ရွက်ခဲ့ရာ ဩဂုတ်လ ၁၁ ရက်နေ့တွင် အဆိုပါ YGN–36 5E/9185 Ractis ခဲရောင်မော်တော်ယာဉ်အား ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၂)ရပ်ကွက်ရှိ ရွှေပေါင်းလောင်းတည်းခိုခန်းအနီး လမ်းမပေါ်တွင် တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူတရားခံများအား ကွင်းဆက်မပြတ်ဆက်လက်စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူ တရားခံဖြစ်သည့် ဝင်းမင်းသူ (ခ) ဖိုးလပြည့်(ခ)ဇော်ဇော်(၁၉)နှစ် (ဘ) ဦးကျော်သူ၊ ချောင်းစောက်ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်နေသူအား ဩဂုတ်လ ၁၂ ရက်နေ့ ည ၆ နာရီခွဲတွင် ရန်ကုန်မြို့မှ ချောက်မြို့သို့ ထွက်ခွာလာသည့် မြသရဖူခရီးသည်တင်ယာဉ်ပေါ်၌ ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်၏ ထွက်ဆိုချက်အရ ၎င်းနှင့်အတူ ပြစ်မှုကျူးလွန်ခဲ့သူ တရားခံ ရဲထက်ကျော်(၁၉)နှစ် (ဘ)ဦးကျော်အေး၊ ဥတ္တရသီရိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်နေသူအား ယင်းနေ့ ည ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ ကြာအင်း(အနောက်)ကျေးရွာ၌ လူသတ်မှုကျူးလွန်၍ လုယက်ယူဆောင်ခဲ့သည့် လက်ကိုင်ဖုန်းနှစ်လုံးနှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်နှင့် ရဲထက်ကျော်တို့၏ ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် သေဆုံးသူ နောင်ရွှေအုပ်စိုးနှင့် မိတ်ဆွေသူငယ်ချင်းများဖြစ်ကြပြီး နောင်ရွှေအုပ်စိုးမှာ မူးယစ်ဆေးဝါးသုံးစွဲလေ့ရှိသူဖြစ်ကြောင်း၊ နောင်ရွှေအုပ်စိုး၏နေအိမ်၌ ၎င်းတို့နှစ်ဦးနှင့်အတူ မကြာခဏအရက်နှင့်ထန်းရည်အတူသောက်ခြင်းတို့ကို ပြုလုပ်လေ့ရှိကြောင်း၊ တရားခံ ရဲထက်ကျော်မှ ဆိုင်ကယ်အသစ်ဝယ်ယူရန်အတွက်ငွေကြေးလိုအပ်နေသဖြင့်သူငယ်ချင်းဖြစ်သူ နောင်ရွှေအုပ်စိုးတို့ မိသားစုအား သတ်ဖြတ်ပြီး ၎င်းတို့ပိုင် မော်တော်ယာဉ်အားရောင်းချပါက ငွေများရရှိနိုင်ကြောင်း၊ ရောင်းချငွေများအား ၎င်းတို့နှစ်ဦးမှတစ်ဝက်စီခွဲဝေယူရန် တိုင်ပင်ခဲ့ကြပြီး ဩဂုတ်လ ၈ ရက်နေ့ ည ၇ နာရီတွင် နောင်ရွှေအုပ်စိုး၏နေအိမ်သို့သွားရောက်၍ အရက်အတူသောက်စားခဲ့ပြီးနောက် နောင်ရွှေအုပ်စိုးနှင့် ၎င်း၏မိဘများဖြစ်သည့် ဦးသန်းနိုင်ထွန်း၊ ဒေါ်စောသန္တာဦးတို့သုံးဦးအား အသင့်ယူဆောင်လာသည့် သစ်သားတုတ်၊ ဓားများဖြင့် ရိုက်နှက်ထိုးခုတ်သတ်ဖြတ်ခဲ့ကာ နေအိမ်ရှိလက်ကိုင်ဖုန်းလေးလုံး၊ YGN–36 5E/9185 Ractis အမျိုးအစား ခဲရောင်မော်တော်ယာဉ်တစ်စီးတို့အား ယူဆောင်ထွက်ပြေးခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရသည်။

ဖြစ်စဉ်တွင် တရားခံများဖြစ်ကြသည့် ဝင်းမင်းသူ(ခ)ဖိုးလပြည့်(ခ)ဇော်ဇော်နှင့် ရဲထက်ကျော်တို့သည် ငွေကြေးလိုအပ်ချက်အရ သူငယ်ချင်းဖြစ်သူနှင့် ၎င်း၏မိဘများအား သတ်ဖြတ်ကာ လုယက်မှုကျူးလွန်ခဲ့ကြခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရပြီး တရားခံများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။ (၁၀၀)




**ပျောက်ဆုံးကြောင်း**
အိမ့်ဟန်နီကောင်းမြတ်(ဘ)ဦးကောင်းမြတ်ထွန်း ၁၃/ကလန(နိုင်)၁၂၃၄၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၅၅၂၉၉၂၂**

**ပျောက်ဆုံးကြောင်း**
ဖြိုးမောင်မောင်(ဘ)ဦးငယ်လေး ၁၄/ညမန(နိုင်)၂၂၅၅၅၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 473958)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

**ပျောက်ဆုံးကြောင်း**
သန်းသန်းနု(ဘ)ဦးမောင်စောသာ ၁၂/စခန(နိုင်)၀၄၄၉၄၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 859414)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**အမည်မှန်**
အထက၊ ရှောပြာ၊ ပုသိမ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်၊ Grade-12 မှ မအေးမြတ်ခိုင်နှင့် Grade-10 မှ မနှင်းရတနာတို့၏ဖခင် ဦးညွန့်ဆန်းဝင်း၏အမည်မှန်မှာ ဦးညွန့်စန်းဝင်း ၁၄/ပသန(နိုင်)၁၇၂၇၁၃ ဖြစ်ပါကြောင်း။ **ဦးညွန့်စန်းဝင်း**

**ပျောက်ဆုံးကြောင်း**
နှောင်အေးချမ်း(ဘ)ဦးသက်ထွန်း ၈/ဆပဝ(နိုင်)၁၄၂၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
မိုးမိုး(ခ)စမ်းစမ်းမိုး(ဘ)ဦးဗိုလ်ထွန်း ၁၁/စတန(နိုင်)၀၄၅၄၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(330522)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**ပျောက်ဆုံးကြောင်း**
အောင်မျိုးဦး(ဘ)ဦးစန်းမောင် ၁၂/သကတ(နိုင်)၁၅၄၃၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
တမ်ရောင်ပိုင်(ဘ)ဦးထန်းတပ် ၄/မတန(နိုင်)၀၄၅၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(525180)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ပဲခူးမြို့၊ ဇိုင်းဂနိုင်း(တောင်)ရပ်ကွက်နေ လှဌေးထွန်း(ဘ)ဦးချစ်မောင် ၇/ပခန(နိုင်)၁၇၇၉၁၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၂၉၇၄၃၀၆**

**ပျောက်ဆုံးကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ အမှတ်(၇၀)လှည်းတန်းလမ်းမနေ မင်းသခင်(ဘ)ရဲမြတ်ကျော်သူလွင် မွေးစာရင်းအရ ၉-၁၁-၂၀၁၄(MC 095890)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၀၈၅၈၅၁၆**

**ပျောက်ဆုံးကြောင်း**
ဒဂုံဆိပ်ကမ်းမြို့နယ်၊ (၆၈)ရပ်ကွက်၊ ပုဂံလမ်း၊ အမှတ်(၆၁၀)နေ ဇာဇာမိုး(ဘ)ဦးမြင့်ဝေ ၁၂/ဥကတ(နိုင်)၁၆၀၄၁၃ ကိုင် ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၂၇၀၀၅၃၄**

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့နေ မမြတ်ဆုအောင်(ဘ)ဦးသိန်းနိုင် ၇/ညလပ(နိုင်)၁၈၆၂၉၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 105994)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၁၅၆၉၃၂**

**ပျောက်ဆုံးကြောင်း**
ချောင်လေပုန်(ခ)မခင်ခင်ငွေ(ဘ)ဦးတင်ထွန်း ၁၂/လသန(နိုင်)၀၁၀၇၈၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(654381)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၅၆၀၈၄**

## ဦးအောင်ကျော်ဝင်း(အရာခံဗိုလ်(ငြိမ်း))
## အသက်(၅၇)နှစ်
## မေတ္တာရောင်ခြည်လူမှုကူညီရေးအသင်းဥက္ကဋ္ဌ

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ သရက်ကုန်းကျေးရွာနေ (ဦးဝင်းမောင်)-ဒေါ်လှမြင့်တို့၏သားကြီး၊ ဒေါ်ခင်မာဝင်း၊ ဒေါ်ယုယုဝင်းတို့၏မောင်၊ (ဦးသန်းထိုက်)၊ ဒေါ်သန္တာဝင်း၊ ဒေါ်ဝင်းသီတာ၊ ဒေါ်ဝင်းသော်တာတို့၏အစ်ကို၊ ဧရာဝတီတိုင်းဒေသကြီး၊ မရမ်းချောင်းကျေးရွာအုပ်စု၊ တောင်ယာကုန်းကျေးရွာနေ(ဦးကျော်ရှိန်)-ဒေါ်ခင်အေးတို့၏သားသမက်၊ ဒေါ်မာလာရှိန်၏ခင်ပွန်း၊ မောင်အောင်ခန့်ကျော်၊ မောင်ရှိန်ဝင်းသန့်တို့၏ဖခင်သည် ၁၀-၈-၂၀၂၄ ရက်(စနေနေ့)နံနက် ၁၀:၂၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၂-၈-၂၀၂၄ ရက်(တနင်္လာနေ့)မွန်းလွဲ ၂:၀၀ နာရီတွင် ရွှေမြင်တင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၆-၈-၂၀၂၄ ရက်(သောကြာနေ့)နံနက် ၆:၀၀ နာရီမှ ၁၁:၀၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညှိုးငယ်စွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

**ပျောက်ဆုံးကြောင်း**
နန်းစန်းသိန်း(ဘ)ဦးမောင်သိန်းညွန့် ၃/ဘအန(နိုင်)၃၀၃၈၉၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 017579)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
မိတင်အောင်(ဘ)ဦးအောင်သန်း ၃/ကကရ(နိုင်)၁၁၈၇၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 246333)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**
အိဇင်ကျော်(ဘ)ဦးတိုင်းကျော် ၇/ကတခ(နိုင်)၂၀၇၀၆၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 175385)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**အမည်ပြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ အထက(၂)၊ Grade-(12)ST1(A)၊ ကျောင်းဝင်အမှတ်(၃၆၉ / ၂၁) မအေးမြတ်သူ၏ဖခင် ဦးအောင်မြင့်ဦးအား ဦးအောင်ဆန်းဦး ၁၄/လမန(နိုင်)၀၇၁၆၃၈ ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **ဦးအောင်ဆန်းဦး**

**ပျောက်ဆုံးကြောင်း**
မိုးမိုးလွင်(ဘ)ဦးမြဒေါင်း ၈/ပခက(နိုင်)၁၉၁၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(M 639154)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

**ပျောက်ဆုံးကြောင်း**
သန့်ဖုန်းဦး(ဘ)ဦးမင်းအောင် ၁၂/သကတ(နိုင်)၁၈၁၂၄၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 182647)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၁၅၁၇၆**

**တစ်ဦးတည်းဖြစ်ပါကြောင်း**
ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ အ.လ.က(၄)၊ Grade(5)မှမောင်ရဲဝေယံထွန်း၏ဖခင် ၁၂/ဥကတ(နိုင်)၁၆၉၈၅၆ ကိုင်ဆောင်သူ ဦးဇော်ဝင်း(ခ)ဦးဇော်ဇော်ဝင်းမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **ဦးဇော်ဝင်း(ခ)ဦးဇော်ဇော်ဝင်း**

**ပျောက်ဆုံးကြောင်း**
မိုးနှင်းဖြူ(ဘ)ဦးကျောက်ယုန်ရှင် ၁၃/ကခန(နိုင်)၁၁၀၂၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 755382)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
မေမြင့်သွင်(ဘ)ဦးကြင်အောင် ၁၂/ဥကမ(နိုင်)၁၈၉၀၂၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 636365)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၇၄၁၅၆၂**

**ပျောက်ဆုံးကြောင်း**
မောင်ရင်ချို(ဘ)ဦးခင်သန်း ၁၂/အလန(နိုင်)၀၁၃၂၆၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၉၇၄၈၀၅၃၂၇**

**ပျောက်ဆုံးကြောင်း**
ဇင်ကိုဟိန်း(ဘ)ဦးခင်ဇော် ၁၂/လသယ(နိုင်)၀၇၃၁၂၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၄၃၁၆၆၈၅၁**

**အစုရှယ်ယာလျှော့ချခြင်း**
၁။ အထက်အကြောင်းအရာပါကိစ္စနှင့်ပတ်သက်၍ ကျွန်တော်များ "MAUNG TUN SPORTWEAR COMPANY LIMITED" ဒါရိုက်တာ၏ အစုရှယ်ယာရှင်အစည်းအဝေးဆွေးနွေးဆုံးဖြတ်ချက်အရ မတည်ငွေအား သိန်း 80,000,000/-(ကျပ်သိန်းရှစ်ရာတိတိ)မှ 20,000,000/-(ကျပ်သိန်းနှစ်ရာတိတိ)သို့ လျှော့ချသွားရန် ဆုံးဖြတ်ခဲ့ပါသည်။

**U TUN TUN**
**MAUNG TUN SPORTWEAR COMPANY LIMITED**

**ပျောက်ဆုံးကြောင်း**
ခင်နှင်းဝေ(ဘ)ဦးမြင့်သိန်း ၁၂/သကတ(နိုင်)၁၉၀၁၉၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MA 689836)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၇၆၆၄၀၆၃**

**ပျောက်ဆုံးကြောင်း**
ကြည်ဝင်း(ဘ)ဦးလှဝင်း ၁၂/သလန(နိုင်)၁၆၇၀၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 117457)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**
သိမ့်သိမ့်မွန်(ဘ)ဦးအောင်မျိုး ၆/မမန(နိုင်)၁၇၁၆၆၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 297320)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**
ရမည်းသင်းမြို့၊ အင်ကြင်းကန်(၈)ရွာနေ မနှင်းနှင်းထွေး(ဘ)ဦးမြင့်ဦး ၉/ရမသ(နိုင်)၂၃၅၆၀၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 339639)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၀၀၀၀၀၁၉**

**ပျောက်ဆုံးကြောင်း**
တပ်ကုန်းမြို့၊ ညောင်ငါးပင်(မ)ရွာနေ မမြတ်နိုးသူ(ဘ)ဦးမင်းနိုင် ၉/တကန(နိုင်)၂၅၈၁၇၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 606950)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၆၈၀၀၀၀၀၁၉**

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်နေ မောင်သူရပြည့်စုံ(ဘ)ဦးကျော်မင်းထိုက် ၇/ဇကန(နိုင်)၀၈၁၅၈၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၈၁၅၆၉၃၂**

**ပျောက်ဆုံးကြောင်း**
မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရှင်တော်ကုန်းကျေးရွာနေ ဒေါ်မူမူအေး(ဘ)ဦးခိုလင်း ၁/မမန(နိုင်)၀၄၅၁၈၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၀၂၇၀၀၅၃၄**

MYANMAR ZWE MANN TRADING LTD.
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမှုခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမှုခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ**
**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ MYANMAR ZWE MANN TRADING LTD အား ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၁၂-၈-၂၀၂၄)ရက်နေ့တွင်ကျင်းပခဲ့သော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဆင့်သီရိခင်ဇော်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၈၄၄)အားခန့်အပ်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၁-၉-၂၀၂၄)ရက်နေ့ထက် နောက်မကျစေဘဲ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဖော်ပြပါနေ့စွဲထက် နောက်ကျပြီး တင်ပြလာသောကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်ဆင့်သီရိခင်ဇော်(တရားလွှတ်တော်ရှေ့နေ)**
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ(MAIP-00167)**
**PAI Consultant Service**
**ရုံးခန်းလိပ်စာ-အမှတ်၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၂၁၇၅၁၄၊ ၀၉၇၇၄၇၈၈၈၄၆**

## ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ
## သင်တန်းသားသစ်များခေါ်ယူခြင်း

၁။ အသက်မွေးဝမ်းကျောင်းလုပ်ငန်း အထောက်အကူပြုပုံမှန်သင်တန်းဖြစ်သည့် ရွှေချည်ထိုး၊ ငွေချည်ထိုး (၃)လသင်တန်းကို ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၁)ရက်တွင် စတင်ဖွင့်လှစ်မည်ဖြစ်၍ သင်တန်းသို့ တက်ရောက်လိုသူများ လျှောက်ထားနိုင်ပါသည်။

၂။ သင်တန်းဝင် လျှောက်ထားသူများသည် အောက်ပါအချက်များနှင့် ပြည့်စုံရမည်-

- ➢ အခြေခံပညာမူလတန်းအောင်မြင်ပြီး (၁၆)နှစ်မှ (၂၈)နှစ်အတွင်း ဖြစ်ရမည်။
- ➢ အမျိုးသမီးများကို ဦးစားပေးမည်။

၃။ လျှောက်ထားလိုသူများသည် အောက်ပါလိပ်စာတွင် ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံ(အမရပူရမြို့)
ဆက်သွယ်ရန်ဖုန်းနံပါတ် - ၀၂-၄၀၅၉၉၆၄၊ ၀၂-၄၀၇၀၄၂၈၊
၀၉-၄၂၈၃၂၀၂၃၅၊ ၀၉-၄၀၂၅၇၃၉၁၈၊
၀၉-၄၂၀၇၁၂၈၃၁
E-mail - mmsaunder@gmail.com

၄။ သင်တန်းအတွက် ရေ၊ မီး၊ အပြည့်အစုံ အဆောင်**(အခမဲ့)**နေထိုင်ခွင့်ရရှိမည်ဖြစ်ပြီး ပညာသင်ထောက်ပံ့ကြေး တစ်ဦးလျှင် တစ်လ ၃၀၀၀၀ိ/- ကျပ်ချီးမြှင့်ပါမည်။

၅။ ရွှေချည်ထိုး၊ ငွေချည်ထိုးပညာရပ်အား အမှတ်တကယ်စိတ်ဝင်စားပြီး သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများအား အသက်ကန့်သတ်ချက်လျှော့ပေါ့၍ လက်ခံသွားမည်ဖြစ်ပါသည်။

## ကျေးဇူးတင်လွှာ

၇-၈-၂၀၂၄ ရက်နေ့က ကွယ်လွန်သွားသော ဒေါ်ရီရီမြင့်(ကျောက်ဖြူ) အသက်(၉၈)နှစ်၏နာရေးကိစ္စအဝဝတွင် အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပံ့ပိုးပေးခဲ့ကြသော ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အထူးပင်ကျေးဇူးတင်ရှိပါသည်။

လူကိုယ်တိုင်ကြွရောက်၍လည်းကောင်း၊ တယ်လီဖုန်းဖြင့်လည်းကောင်း၊ လှူဖွယ်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများပေးပို့ကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးအထူးပင်တင်ရှိပါကြောင်း။

**ကျန်ရစ်သူမိသားစု**

**ပျောက်ဆုံးကြောင်း**
ဝေဝေထွန်း(ဘ)ဦးခင်ဝင်း ၁၂/ လသယ(နိုင်)၀၄၅၉၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(691123)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**ပျောက်ဆုံးကြောင်း**
အောင်ကြီး(ဘ)ဦးသိန်းထွန်း ၁၂/လမတ(နိုင်)၀၁၄၉၇၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(638582)မှာ ပျောက် ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၁၅၆၀၈၄**

**ပျောက်ဆုံးကြောင်း**
မင်းထွန်း(ဘ)ဦးညီထွေး ၉/ရမသ(နိုင်)၁၉၀၇၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 185226)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၇၀၉၀၇၈၈**

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေနှင့် လူမှုခံယူခြင်းဆိုင်ရာဥပဒေအရ**
"MYANMAR GREEN DYNAMIC COMPANY LIMITED"
**အစုရှယ်ယာရှင်များ၏ဆန္ဒအလျောက် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာ အပြီးသတ်အထွေထွေအစည်းအဝေးတက်ရောက်ရန်အကြောင်းကြားစာ**

"MYANMAR GREEN DYNAMIC COMPANY LIMITED" ၏ နောက်ဆုံးအစည်းအဝေးကို ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ၊ (၃၀)ရက်နေ့ နံနက်(၁၀:၃၀)နာရီအချိန်တွင် ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ဓမ္မသုခကျောင်းလမ်း၊ သည်လိတာဝါ၊ အမှတ်(၂၀၄/၈-လွှာ)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အဖွဲ့ဝင်အားလုံးမပျက် မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ အစည်းအဝေးတွင် စာရင်း ရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ အစီရင်ခံစာနှင့် စာရင်းရှင်းတမ်းများ တင်ပြပါ မည်။

**ဦးဇင်ဝေ**
**B.Com(AA)C.P.A(210)**
**MAIP-00143**
**စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ**

MYANMAR PRIME AGGERGATE TRADING LTD.
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိခန့်အပ်ကြောင်းကြေညာခြင်း**
**လူမှုခံယူခြင်းဆိုင်ရာဥပဒေ ၁၅၂(က)လူမှုခံယူခြင်းဆိုင်ရာနည်းဥပဒေ ၁၅ အရ**
**(ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းခြင်း)**

၁။ MYANMAR PRIME AGGERGATE TRADING LTD အား ကုမ္ပဏီတွင်ပါဝင်သူများဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန် (၁၂-၈-၂၀၂၄)ရက်နေ့တွင်ကျင်းပခဲ့သော သာမန်ထက်ထူးကဲသောအထွေထွေအစည်းအဝေးမှ အထူးဆုံးဖြတ်ချက်ချမှတ်ခဲ့ပါသည်။
၂။ ယင်းအစည်းအဝေးတွင် ကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ဒေါ်ဆင့်သီရိခင်ဇော်(တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၄၈၄၄)အားခန့်အပ်သွားရန်ဆုံးဖြတ်ခဲ့ပါသည်။
၃။ သို့ဖြစ်ပါ၍ ကုမ္ပဏီမှ ရရန်နှင့် ပေးရန်ရှိသည်များကို (၁၁-၉-၂၀၂၄)ရက်နေ့ထက် နောက်မကျစေဘဲ အထက်ဖော်ပြပါ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိထံသို့ ခိုင်လုံသောသက်သေပြစာရွက်စာတမ်းအထောက်အထားများနှင့်တကွ တင်ပြတောင်းခံနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။ ဖော်ပြပါနေ့စွဲထက် နောက်ကျပြီး တင်ပြလာသော ကြွေးမြီများအား ကုမ္ပဏီမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါ။

**ဒေါ်ဆင့်သီရိခင်ဇော်(တရားလွှတ်တော်ရှေ့နေ)**
**စာရင်းရှင်းလင်းဖျက်သိမ်းအရာရှိ(MAIP-00167)**
**PAI Consultant Service**
**ရုံးခန်းလိပ်စာ-အမှတ်၆/၈၊ အခန်း ၁၀၄၊ အထက်ပုဇွန်တောင်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉၄၂၂၂၁၇၅၁၄၊ ၀၉၇၇၄၇၈၈၈၄၆**

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် မြဝတီအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိ



**ရန်ကုန် ဩဂုတ် ၁၃**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ကျင်းပခဲ့ရာ မြဝတီအသင်းနှင့် ISPE အသင်းတို့ နိုင်ပွဲကိုယ်စီရရှိခဲ့ကြကြောင်း သိရသည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) ပွဲစဉ်များအဖြစ် ယနေ့ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ ပဒုမ္မာအားကစားကွင်း၌ မြဝတီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ကစားခဲ့ရာ မြဝတီအသင်းက ၂ ဂိုး ၁ ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး မြဝတီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၃၈ မိနစ်နှင့် ပွဲချိန် ၈၇ မိနစ်တို့တွင် လှယဉ်ဝင်းက သွင်းယူပေးနိုင်ခဲ့ပြီး ရှမ်းယူနိုက်တက်အသင်းအတွက် သွင်းဂိုးကို ပွဲချိန် ၂၇ မိနစ်တွင် ဝင်းစန္ဒာက သွင်းယူပေးနိုင်ခဲ့သည်။

အလားတူ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ISPE အသင်းနှင့် သစ္စာအားမာန်အသင်းတို့ကစားခဲ့ရာ ISPE အသင်းက ၃ ဂိုး ဂိုးမရှိဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ပြီး ISPE အသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၉ မိနစ်တွင် လင်းမြင့်မိုရ်၊ ပွဲချိန် ၁၄ မိနစ်တွင် ရွှေရည်ထွန်းနှင့် ပွဲချိန် မိနစ် ၃၀ တွင် နုနုတို့က သွင်းယူပေးနိုင်ခဲ့သည်။

မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃) အဖြစ် ဩဂုတ်လ ၁၄ ရက် **(ယနေ့)**ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ စလင်းအားကစားကွင်း၌ ဧရာဝတီအသင်းနှင့် YREO အသင်းတို့ ဆက်လက်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

# အင်္ဂပူမြို့နယ်တွင် စစ်မှုထမ်းဆောင်ရန် အသက်ပြည့်သူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ တောင်းယူနေကြောင်း သတင်းအမှားများ မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




**နေပြည်တော် ဩဂုတ် ၁၃**

ဧရာဝတီတိုင်းဒေသကြီး၊ အင်္ဂပူမြို့နယ်၊ သပြေကျေးရွာအုပ်စုတွင် အသက် ၁၈ နှစ်မှ ၃၅ နှစ်အတွင်း စစ်မှုထမ်းဆောင်ရန် အသက်ပြည့်မီသူများ၏ နေအိမ်တိုင်းကို ငွေကျပ်တစ်သိန်းခွဲအထိ အုပ်ချုပ်ရေးမှူးက တောင်းယူနေကြောင်းကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန် သတင်းများ ရေးသားဖြန့်ဝေနေလျက်ရှိသည်ကို တွေ့ရှိရပါသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ မှန်ကန်မှုမရှိကြောင်းနှင့် စစ်မှုထမ်းဆောင်ရန်အတွက် ဆင့်ခေါ်ရာတွင် ပြဋ္ဌာန်းထားသည့် ဥပဒေနှင့်အညီသာ ဆောင်ရွက်လျက်ရှိကြောင်း၊ မည်သည့်အကြောင်းနှင့်မျှ ငွေကြေးတစ်စုံတစ်ရာကောက်ခံရန် ညွှန်ကြားထားခြင်းမရှိကြောင်း၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်ပတ်သက်၍ ဆက်သွယ်မေးမြန်းနိုင်သည့် ဖုန်းနံပါတ်များကိုလည်း ပြည်သူများသိရှိစေရန် ထုတ်ပြန်ထားရှိကြောင်းနှင့် တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူလူထုကအထင်အမြင်လွဲမှားစေရန် လုပ်ကြံရေးသားဝါဒဖြန့်ခြင်းသာဖြစ်ကြောင်း မြို့နယ်ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့မှတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရှိရသည်။ **(၁၀၀)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဩဂုတ် ၁၃**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိပါသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်နေ့တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် “မိန်းမရိုင်း” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကရင်ပြည်နယ်၊ ဘားအံမြို့နယ်နေ အိစန္ဒာခိုင်အား နံနက် ၄ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ “Yair Yint Aung” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်နေ ရဲရင့်အောင်(ခ)ကိုရဲအား မွန်းလွဲ ၁ နာရီ ၄၀ မိနစ်တွင် လည်းကောင်း၊ “Moe Moe (Moe Moe Bago)” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပဲခူးမြို့နယ်နေ မိုးသီတာအေး(ခ)သီတာအား မွန်းလွဲ ၂ နာရီ ၄၀ မိနစ်တွင်လည်းကောင်း၊ “Thant Chit Win” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်နေ သန်းငွေး(ခ)အငယ်လေး(ခ)မိစံအား ညနေ ၃ နာရီ ၂၀ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ပါသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်း ထုတ်ပြန်အပ်ပါသည်။

**(၁၀၀)**

## ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၁၃**

ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ(၁၀၇၀ စင်တီမီတာ)အထက်သို့ ပေဝက်ခန့် (၁၁ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

**(မိုး/ဇလ)**

**ပျောက်ဆုံးကြောင်း**
လှဇော်ဦး(ဘ)ဦးဇော်နား(ခ)စောနိုင် ၁၀/ရမန(နိုင်)၁၉၄၃၃၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MD 917600)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
မြင့်ထွေး(ဘ)ဦးဟာရှင် ၁၂/ကတတ(နိုင်)၀၀၆၄၄၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(658124)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၅၈၀၀၆၅၇

**ပျောက်ဆုံးကြောင်း**
နန့်ဝါဝါဝင်းရွှေ(ဘ)ဦးအောင်ဆန်းငွေ ၁၄/ဝခမ(နိုင်)၂၇၃၆၇၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 005830)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၆၆၅၄၄၃၈၆၄

**ပျောက်ဆုံးကြောင်း**
ခိုင်ထူး(ဘ)ဦးဝင်းဦး ၁၄/မအပ(နိုင်)၃၆၁၉၃၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(789324)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
မြတ်မြတ်သူ(ဘ)ဦးဌေးလွင် ၈/အလန(နိုင်)၁၂၂၈၅၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 219075)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
သီတာအောင်(ဘ)ဦးမြင့်သန်း ၉/ပမန(နိုင်)၁၃၆၇၄၂ ကိုင်ဆောင်သူ၏နိုင်ငံကူးလက်မှတ်အမှတ်(ME 796024)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၃၅၀၅၈၁

**ပျောက်ဆုံးကြောင်း**
လှလှ(ဘ)ဦးခင်မောင်လေး ၁၂/ မဂတ(နိုင်)၀၈၁၅၈၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MC 267166)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၉၈၄၂၁၇၆၅

**ပျောက်ဆုံးကြောင်း**
နန်းလဲ့လဲ့ခိုင်ဇာကြည်(ဘ)ဦးအုန်းကြည် ၇/ကကန(နိုင်)၀၅၀၈၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MB 496917)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
သန္တာသိမ့်(ဘ)ဦးလှကွယ်အေး ၁၄/အမန(နိုင်)၂၀၈၃၁၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 687906)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၇၀၉၀၇၈၈

**ပျောက်ဆုံးကြောင်း**
ဇော်ထက်နိုင်(ဘ)ဦးဝင်းနိုင် ၅/စကန(နိုင်)၂၆၈၇၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**အားကစားမြင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

**ပျောက်ဆုံးကြောင်း**
လှိုင်လှိုင်ဦး(ဘ)ဦးသန်းမြင့် ၉/လဝန(နိုင်)၂၂၀၄၃၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
အောင်ကြိုင်(ဘ)ဦးပေါက်စ ၉/ပဘန(နိုင်)၁၆၀၇၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၇၈၂၇၃၂၉၀၀

**ပျောက်ဆုံးကြောင်း**
သန်းကြွယ်(ဘ)ဦးကြည်လင် ၈/ပဖန(နိုင်)၁၇၂၉၇၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၄၅၆၂၉၂၇၃၀

# တိုက်ကြီးမြို့နယ်၌ မြစ်ရေကျော်မှုကြောင့် ကျေးလက်လမ်းထိခိုက်ပျက်စီးမှုအား ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၃

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် အစိုးရအဖွဲ့ဝင်များသည် ယမန်နေ့နေ့လယ်ပိုင်းက တိုက်ကြီးမြို့နယ်တော်ခရမ်းကျေးရွာအုပ်စုအတွင်းရှိ ဥတို–အဖျောက်လမ်းမကြီးမှ ပြည်တော်အေးကျေးရွာအဝင် ကွန်ကရစ်လမ်းပျက်စီးမှုများအား ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် မိုးသည်းထန်စွာရွာသွန်း၍ လှိုင်မြစ်ရေများ ကွန်ကရစ်လမ်းပေါ်သို့ ကျော်တက်မှုဖြစ်ပွားခဲ့ပြီး ပြည်တော်အေးကျေးရွာအဝင်လမ်း မိုင်တိုင်(၀/၂)ရှိ Box Culvert ချဉ်းကပ်လမ်းနှစ်ဖက်နှင့် မိုင်တိုင်(၀/၅) Box Culvert ချဉ်းကပ်လမ်းနှစ်ဖက်တို့ပျက်စီးခဲ့မှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနညွှန်ကြားရေးမှူး ဦးသက်ဇော်နှင့်တာဝန်ရှိသူများက လမ်းပန်းဆက်သွယ်မှုမပြတ်တောက်စေရေးယာယီဆောင်ရွက်ထားရှိမှုနှင့် ပေ ၉၀ နှင့် ပေ ၃၀ ဘေလီတံတားနှစ်စင်းတည်ဆောက်မည့်အခြေအနေ၊ လမ်းပခုံးများပျက်စီးခြင်းများနှင့် လိုအပ်သည့်ပြင်ဆင်ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များမှာကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တိုက်ကြီး–အဖျောက်ကားလမ်း မိုင်တိုင်အမှတ်(၁၀/၁)မှ(၁၀/၂) အတွင်းရှိ တံတားအမှတ်(၂/၁၁)၏ ချဉ်းကပ်လမ်း တာပေါင်ဘယ်/ညာ ပြိုကျပျက်စီးမှုအား လမ်းဦးစီးဌာန တံတားအထူးအဖွဲ့ (၁၁) နှင့် ခရိုင်လမ်းဦးစီးဌာနဝန်ထမ်းများက ပြန်လည်တည်ဆောက်ပြုပြင်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က မြစ်ရေများကျဆင်းပြီးဖြစ်၍ နောက်ဆက်တွဲထိခိုက်ပျက်စီးမှုများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်တင်ပြပေးကြရန် မှာကြားကြောင်း သိရသည်။ **ဝန်းရံ**

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန် ပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ



အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။


မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

နေပြည်တော် ဩဂုတ် ၁၃

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၁၀ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် တရုတ်နိုင်ငံထုတ်ကြွေပန်းကန် (၇၆၈၃) ကီလိုဂရမ်အပါအဝင် ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၄၆၁၉၃၄၀) ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဘားအံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် ပုစွန်တစ်ကောင်စားအုန်းဆီ (၁၈)လီတာပါ ပုံး(၁၄၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀ )နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Asia Star Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၆၆၁၉၃၄၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၁ ရက်**တွင် ဘုရားကြီးမြို့၊ မြို့အဝင်၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် မလေးရှားနိုင်ငံထုတ် ပုစွန်တစ်ကောင် စားအုန်းဆီ(၁၈)လီတာပါ ပုံး(၁၂၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Canter (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀)နှင့် တောင်ငူမြို့၊ ဘုရင့်နောင်ဈေး၊ ရွှေခေတ်မန်းကားဂိတ်အနီး၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပုစွန်တစ်ကောင်စားအုန်းဆီ (၁၈)လီတာပါ ပုံး(၅၀) (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀) တို့ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၁၂ ရက်**တွင် တောင်ငူခရိုင်အတွင်း၌ တရားမဝင်အခြားသစ် (၂ ဒသမ ၀၆၇)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၁၃၉)ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၈၁၁၃၉)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ **ဩဂုတ်လ ၁၂ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Toyota Harrier မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀၀)**ကို ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၁၂ ရက်**တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သဃ်န်းကျွန်းမြို့နယ်၌ လိုင်စင်မဲ့ Toyota Corolla မော်တော်ယာဉ် (၁)စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်၍ ဩဂုတ်လ ၁၀ ရက်၊ ၁၁ ရက်နှင့် ၁၂ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၉)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၃၉၀၀၂၇၉)**ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**(သတင်းစဉ်)**

# စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိ


ဖမ်းဆီးရမိသူများကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူတွေ့ရစဉ်။

နေပြည်တော် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ငွေကျပ် ၁ ဒသမ ၄၃ ဘီလီယံတန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၁၅ သိန်း ဖမ်းဆီးရမိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ်လ ၈ ရက် ညနေ ၃ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့၊ (၈)ရပ်ကွက်၊ မြို့မဈေးရှေ့တွင် မုံရွာမှ ယင်းမာပင်ဘက်သို့ ခင်မောင်ဆန်း မောင်းနှင်ပြီး လွင်မင်းသန့် လိုက်ပါလာသည့် CANTER ခြောက်ဘီးမော်တော်ယာဉ်ကို ရှာဖွေရာ ယာဉ်ပေါ်မှ စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ဩဂုတ်လ ၉ ရက် နံနက် ၈ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ် ကျောမြို့ အမှတ်(၁)ရပ်ကွက်တွင် ကွင်းဆက်တရားခံ ကြင်ဆွန်း(ခ)ကျင်စွမ်းအား HILUX SURF မော်တော်ယာဉ် တစ်စီး၊ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၇ သိန်းနှင့်လည်းကောင်း၊ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ပင်လုံရပ်ကွက်ရှိ ထွင့်မြတ်ဦး(ခ)အီးတီ၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ခင်မောင်ဆွေအား စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၄၅ သိန်းနှင့်လည်းကောင်း၊ ဖမ်းဆီးရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား မန္တလေးမှ ကလေးသို့ သယ်ဆောင်ခိုင်းသူ ထွင့်မြတ်ဦး (ခ)အီးတီအား ဩဂုတ်လ ၁၀ ရက် မွန်းလွဲ ၁ နာရီတွင် ရန်ကုန်–မန္တလေး အမြန်လမ်း (၂၀၁)မိုင် တိုးဂိတ်တွင်လည်းကောင်း အသီးသီးဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ်မှ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**


Myanmar Mobile Money(MMM) ကို အသုံးပြု၍ အောက်ပါဝန်ဆောင်မှုများ ရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ/ပင်စင်လစာထုတ်ပေးခြင်း၊ ငွေသွင်းငွေထုတ်ခြင်း/ငွေလွှဲခြင်း၊
Skynet Bill Payment ပေးသွင်းခြင်း၊ Gift Card ပေးခြင်း၊ Internet Bill ပေးဆောင်ခြင်း၊
E-Top up Bill ဖုန်းပြောခဖြည့်သွင်းခြင်း၊
လျှပ်စစ်မီတာများ ပေးဆောင်ခြင်း၊ ပြည်ပ ငွေလွှဲ (ထိုင်း)၊ ဈေးဝယ်ခြင်း၊ အောင်ဘာလေ အွန်လိုင်းထီထိုးခြင်း
အငြိမ်းစားလစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင် MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆


အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
'ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ'
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၁၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၆၈၅၁၉၀၇၇
DAGON


ပဒုမ္မာဆပ်ပြာ
ရေမှာဆို 'ကြာ'
ဆပ်ပြာမှာ 'ပဒုမ္မာ'
ပဒုမ္မာဆပ်ပြာစက်ရုံ (ပေါင်းမြို့နယ်)မှ ခေတ်မီစက်ကြီးများဖြင့် အရည်အသွေးပြည့်မီစွာ ထုတ်လုပ်ထားသော အဝတ်လျှော်ဆပ်ပြာ၊ ကာဘော်လစ်ဆပ်ပြာ၊ ကိုယ်တိုက်ဆပ်ပြာနှင့် ဆပ်ပြာမှုန့်များအား လက်လီ၊ လက်ကား ဝယ်ယူအားပေးနိုင်ပါပြီ...
၀၉ ၇၈၁ ၈၄၈ ၆၉၉၊ ၀၉ ၇၉၃ ၇၃၂ ၆၁၆။
PADONMAR


SINCE 1959
မြန်မာ့ကြယ်ငါးပွင့်သင်္ဘောလုပ်ငန်းကုမ္ပဏီလီမိတက်
နိုင်ငံတကာ ကုန်စည်သယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကုန်သေတ္တာသယ်ယူပို့ဆောင်ရေးလုပ်ငန်း
ကမ်းရိုးတန်း ကုန်စည်ပို့ဆောင်ရေးလုပ်ငန်း
သာကေတ ကုန်သေတ္တာထားသိုခန်း
သာကေတ ဆိပ်ခံတံတားလုပ်ငန်း
သာကေတ ကုန်လှောင်ရုံလုပ်ငန်း
ဆက်သွယ်ရန် ဖုန်းနံပါတ်
၀၁ ၈၂၉ ၆၂၅၃၊ ၀၉ ၅၅၀၃၉၃၄ - ရုံးချုပ်
၀၉ - ၅၅၀ ၄၅၄၆၊ ၀၉ - ၇၈၅ ၁၅၄ ၀၇၈၊ ၀၉ - ၅၁၅ ၉၆၉၇ - သာကေတရုံး

❖ ပြည်ထောင်စု၏အင်အားသည် ပြည်ထောင်စုအတွင်းရှိ တိုင်းဒေသကြီး ပြည်နယ်များအားလုံးတို့၏ ပေါင်းစည်းအားပင်ဖြစ်ပါသည်။ ထိုပေါင်းစည်းအားသည် ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှုပေါ်တွင် တည်မှီနေပါသည် . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက်နေ့တွင် ကျရောက်သော (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာမှကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါ အတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မထိခိုက်စေဘဲ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့်ကျန်းမာရေးကဏ္ဍနှင့်အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

# ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး ဖူဆယ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**အမျိုးသားအုပ်စုပတ်လည်ပွဲစဉ်များတွင် ရန်ကုန်တိုင်းဒေသကြီးအသင်းနှင့် ရှမ်းပြည်နယ်အသင်းတို့ နိုင်ပွဲများရရှိ၊ အမျိုးသမီးအုပ်စုပတ်လည်ပြိုင်ပွဲများတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းနှင့် ကချင်ပြည်နယ်အသင်းတို့နိုင်ပွဲများရရှိ**


စာ - ၁၇ သို့



# ယင်းမာပင်ခရိုင်၌ နွေနှမ်း ၃၃၂၉ ဧက ရိတ်သိမ်းပြီးစီး

ယင်းမာပင် ဩဂုတ် ၁၃

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်၌ ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် စိုက်ပျိုးထားသော နွေနှမ်း ၃၃၂၉ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ယင်းမာပင်ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီတွင် ယင်းမာပင်ခရိုင်၌ စိုက်ပျိုးထားသော နွေနှမ်းစိုက်ခင်းများကို ဇွန်လမှစတင်ရိတ်သိမ်းခဲ့ကြရာ လက်ရှိအချိန်ထိ ယင်းမာပင်မြို့နယ်၌ ၂၃၇၉ ဧက၊ ဆားလင်းကြီးမြို့နယ်၌ ၈၈၈ ဧကနှင့် ပုလဲမြို့နယ်၌ ၆၂ ဧက စုစုပေါင်း ၃၃၂၉ ဧက ရိတ်သိမ်းပြီးဖြစ်ကြောင်းနှင့် တစ်ဧကလျှင် ၁၈ ဒသမ ဝ၈ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၁၄ ကော်လံ ၄ ❖

နေပြည်တော်ကောင်စီနယ်မြေ၊ ဥတ္တရသီရိမြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးတစ်ဦးအား သတ်ဖြတ်ကာ လက်ကိုင်ဖုန်းလေးလုံးနှင့် မော်တော်ယာဉ်တစ်စီးလုယက်ယူဆောင်ခဲ့သူ တရားခံနှစ်ဦးအား ဖော်ထုတ်ဖမ်းဆီးရမိ စာ - ၂၇ သို့

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၌ နေအိမ်အတွင်းဝင်ရောက်၍ အမျိုးသမီးတစ်ဦးအားသတ်ဖြတ်ကာ စုစုပေါင်းငွေကျပ် ၉၈၇ သိန်းတန်ဖိုးရှိ ရွှေထည်ပစ္စည်းများ၊ လက်ကိုင်ဖုန်းများ၊ ငွေများနှင့် မြေအရောင်းအဝယ်စာချုပ်အား လုယက်မှုကျူးလွန်သူ တရားခံ ၄ ဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ စာ - ၂၇ သို့

## မြိတ်မြို့နယ်၌ မိုးစပါးစိုက်ကေများ ရာနှုန်းပြည့်စိုက်ပျိုးပြီးစီး


စာ - ၇ သို့

